

www.burmeseclassic.com
အောင်မြင်စာပေ
လုံးချင်းဝတ္ထုသစ်
သေရွာပြန်နှိုးချစ်သူ
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃
ပညာဒီပ
သေရွာမြန်ချစ်သူ / ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



[illegible]ခွင့်ပြုချက်အမှတ် ၅၀၀၁၀၈၀၉၁၀ [illegible]မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၇၈၀၆၁၀
[illegible]ထုတ်ဝေသူ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
[illegible]ပုံနှိပ်[illegible] ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချီရေး ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၄၇။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဩဂုတ်လ)၊

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ တစ်ဘဝစာအတွက်
အငှားရ,ထားသော ခန္ဓာကိုယ်ကို
အကျိုးရှိစွာ အသုံးမချဘဲ
တစ်သက်လုံး သူတစ်ပါးထံမှာ
အငှားဘဝနဲ့ နေလျှင်တော့
နလံထူလိမ့်မည် မဟုတ်ပေ...။

BURMESE CLASSIC

➡ အစကတည်းက
ကောင်းတဲ့အကြံအစည်ကို
ကြံစည်တွေးတောမှု မပြုခဲ့ပါဘဲနှင့်
ရရှိလာတဲ့အကျိုးကလည်း
ကောင်းသောအကျိုးတရားတော့
မဟုတ်ပေ...။

➡ ဘဝအတွက် အရေးအကြီး
ဆုံးက ဉာဏ်အမြော်အမြင်နှင့် သုတပညာ
ဖြစ်သည်။ ဉာဏ်ပညာဖြင့် ဘဝကို
ထိန်းကျောင်းပေးနိုင်ပြီး သုတပညာနှင့်
အကျိုးရှိအောင် ဆောင်ရွက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

➡ တစ်ဖက်သားရဲ့လိုအင်ဆန္ဒကို သိရှိနေခြင်းဟာ...

သူ့အတွက် ဖြည့်ဆည်း ပေးခြင်းရဲ့ ထက်ဝက်ဖြစ်နေခြင်းပင်ဖြစ်၏။

➡ မြစ်ချောင်းများမှ ရေအားလုံးတို့ ပင်လယ်ထဲ စီးဝင်သွားသည်ကိုတော့ အားလုံးက သိမြင်နေကြရသည်။ ရေခိုးရေငွေ့မှတစ်ဆင့် မိုးရေအဖြစ် ပြောင်းလဲကာ ပင်လယ်မှ ရေပြန်ပေး နေသည်ကို သတိမပြုမိကြပေ။

➡ ပစ်မှတ်တစ်ခု လွဲချော်သွား သည့်အခါ လေးနှင့်မြားတံမှာ အပြစ်ရှိ သလို လေးပစ်သူမှာလည်း တာဝန်မကင်း လှပေ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

➡ လူတစ်ယောက်ကို လျင်မြန်စွာ ကျေနပ်မှု ရစေရန် ပြောဆိုသောစကားများ ထဲတွင် လိမ်ညာပြောဆိုမှုသည် အထိရောက်ဆုံးစကားဖြစ်သည်။

➡ အမျိုးသမီးတစ်ယောက်၏ ရတနာသည် လုပချော‌မောခြင်းပင်ဖြစ်၏။ လှပချောမောခြင်းကြောင့် တင့်တယ်သော ဘဝမျိုး ရစေနိုင်သလို...

ထိုအလှကြောင့်ပင် ဘဝပျက်ရသည်မျိုးလည်း ရှိပါသည်။

➡ အတတ်ပညာတစ်ခုကို သင်ရုံသာ သင်ကြားထားပြီး ပြန်လည်အသုံးမချခဲ့လျှင်တော့...လှော်ရှိပါလျက် တစ်ဖက်ကမ်းသို့ ရောက်အောင်မကူးနိုင်သကဲ့သို့ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

➡ မဖြစ်နိုင်မှန်း သိပါလျက် အလွန်အကျွံ ကတိပေးနေခြင်းသည် သူ့အကျိုးအတွက် မျက်စိမှိတ်၍ လိမ်နေခြင်းသာဖြစ်ပါတယ်။

➡ အောင်မြင်မှုတစ်ခု ရဖို့အတွက် မိမိဦးနှောက်ကိုချည်း အသုံးချရုံနှင့် မလုံလောက်ပါဘူး...အခြားအတုယူသင့် အတုယူထိုက်သော ဦးနှောက်များကိုလည်း ချေးငှားပြီး အသုံးပြုသည့်အခါလည်း ရှိပါသည်။

➡ အနုပညာသမားတစ်ယောက် ဆိုတာ အများပိုင် ပစ္စည်းတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်... ဒါပေမယ့် အများရဲ့စိတ်အာရုံကို ဖမ်းစားနိုင်ဖို့ကတော့ အနုပညာသမားရဲ့တာဝန်သာ ဖြစ်ပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com

# ( ကျမ်းတွင်ပါဝင်သောအခန်းများ )


အခန်း(၁) ကာလကတ္တားမှရောက်လာသောစာတစ်စောင်

အခန်း(၂) မညီမျှသောဘဝပုံရိပ်များ

အခန်း(၃) ကိုယ်ဟန်ပြသူနှင့်ယောဂကျင့်စဉ်များ

အခန်း(၄) အိပ်မက်ထဲမှဝိညာဉ်

အခန်း(၅) အချစ်ရည်ရွှန်းလဲ့သောမျက်ဝန်းလဲ့ပြာပြာ

အခန်း(၆) ချိုမြိန်သောနှုတ်ဆက်အနမ်းများ

အခန်း(၇) ဝိညာဉ်နှင့်သေခြင်းတရား

အခန်း(၈) ဦးဇမ္ဗူကျော်နှင့်သူ၏အကြံအစည်

အခန်း(၉) ထူးဆန်းစွာရောက်လာသောယောဂီတစ်ဦး

အခန်း(၁၀) တစ်ကျော့ပြန်ဝိညာဉ်ကလဲ့စား

အခန်း(၁၁) ကံကြမ္မာဆိုးနှင့်သေရွာပြန်ရန်ငြိုး

အခန်း(၁၂) စွဲလန်းမှုသံယောဇဉ်

အခန်း(၁၃) သေရွာပြန်ချစ်သူ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

# ကာလကတ္တားမှ ရောက်လာသည့်ဓာတစ်ခေါင်

ဒေါက်တာမင်းထင်ကျော်နှင့် ပတ်သက်ပြီး စာဖတ်ပရိသတ်များ သိထားသောအချက်မှာ ခရီးသွားလာခြင်းနှင့် စွန့်စားမှုကိစ္စများကို ဝါသနာပါကာ သုတေသနအလုပ်များအား တစိုက်မတ်မတ် ဆောင်ရွက်လေ့ရှိသော လူရွယ်တစ်ယောက်အဖြစ်သာ အသိများကြလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် အသက်အန္တရာယ်နှင့် နီးသောစွန့်စားမှုများနှင့် ရှေးဟောင်းနေရာများကို ရှာဖွေရာမှာ များစွာဝါသနာပါသူတစ်ယောက်အနေနှင့် သိသူများကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် ဒေါက်တာမင်းထင်ကျော်မှာ အနုပညာကိုလည်း ဝါသနာပါသူတစ်ယောက်ဖြစ်သည်။ စန္ဒရားကို ကျွမ်းကျင်စွာတီးနိုင်ပြီး မြန်မာသံစဉ်နှင့် ရေးဖွဲ့ထားသောသီချင်းများကို သီဆိုရာမှာလည်း ကျွမ်းကျင်ပိုင်နိုင်သူတစ်ဦးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ကျောင်းသားဘဝအရွယ်ကတည်းက အထူးဝါသနာပါသော အနုပညာမှာ ပန်းချီဆွဲခြင်းပင်ဖြစ်၏။

ကျောင်းသားဘဝမှာကတည်းက ဆရာများနှင့် စနစ်တကျသင်ယူလေ့ကျင့်ခဲ့ပြီးနောက်ပိုင်းမှာတော့ ကျွမ်းကျင်သော ပန်းချီပညာရှင် [illegible]

ထိုအချိန်ကပင် ၎င်းရေးဆွဲခဲ့သော ပန်းချီကားများကို ပြခန်းများတွင် ပြသခဲ့ရာ ရောင်းချခဲ့ရသည်ပင် ရှိလေသည်။

ထိုအခါ မိတ်ဆွေများက ကြေးစားပန်းချီဆရာတစ်ဦးဘဝရောက်ရန် ဆက်လက်ကြိုးစားဖို့ ဝိုင်းဝန်းတိုက်တွန်းကြသော်လည်း ဒေါက်တာမင်းထင်ကျော်က စိတ်ပါမှသာ တစ်ခါတစ်ရံ ရေးဆွဲခဲ့လေသည်။

သူ့အနေနှင့် ထိုပန်းချီကားရေးဆွဲရာမှာ တစ်ချိန်မှာတော့ ထိတ်လန့်ဖွယ်ရာအဖြစ်များနှင့် တွေ့ကြုံရလိမ့်မည်ဟု မည်သည့်အခါမှ မတွေးတောခဲ့မိပေ။

သို့သော်လည်း တစ်ချိန်မှာတော့ သူ့ဘဝအတွက် များစွာထိတ်လန့်ဖွယ်ကောင်းသောအကြောင်းများမှာ ပန်းချီဆွဲခြင်းနှင့် ပတ်သက်ပြီးရောက်လာခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်သည် မည်သည့်ပညာမျိုးကိုမဆို စိတ်ဝင်စား၍ သင်ယူလျှင် တတ်မြောက်အောင် သင်ယူလေ့ရှိသောဝါသနာအတိုင်း ပန်းချီပညာကို သင်ယူသောအခါမှာလည်း စာတွေလက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



များနှင့် သင်ယူခဲ့လေသည်။

အထူးသဖြင့် ပန်းချီပညာနှင့် ပတ်သက်၍ ရှေးအကျဆုံးပန်းချီ လက်ရာများမှာ ဥရောပတိုက် စပိန်နိုင်ငံမြောက်ပိုင်းရှိ အာလတာမီးရား လိုဏ်ဂူ၏နံရံပေါ်တွင် ရှိပြီး နှစ်ပေါင်း နှစ်သောင်းမှ ငါးသောင်းအထိ ရှည်ကြာပြီဟု ပညာရှင်များ ခန့်မှန်းကြသည်။

ထိုရှေးခေတ်ဦးက ဂူအောင်းလူသားများသည် မိမိတို့ တွေ့မြင်နေကျ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ သမင်၊ ဒရယ် စသည်တို့ကို မြေနီ၊ မြေဝါ၊ မြေဖြူ၊ မီးသွေး စသည်တို့နှင့် နံရံများပေါ်၌ ရေးဆွဲခဲ့ကြပေသည်။

ထိုအချိန်က ရေးဆွဲခဲ့သော ပန်းချီအမျိုးအစားမှာ ကောက်ကြောင်းပန်းချီ သို့မဟုတ် မျဉ်းရေးဆေးခြယ်နည်းပင်ဖြစ်သည်။

ထိုမှ အစပြုခဲ့သော ပန်းချီပညာမှာ အဆင့်ဆင့် ပြောင်းလဲလာခဲ့ပြီး ယခု မျက်မှောက်ကာလ ရောက်သောအခါ တန်ဖိုးအမြင့်ဆုံး အနုပညာလက်ရာများဖြစ်လာခဲ့သည်။ (၁၅)ရာစုနောက်ပိုင်းမှာတော့ ပန်းချီလောက၌ အထင်ရှားဆုံး ပန်းချီဆရာကြီးများ ပေါ်ပေါက်လာခဲ့သည်။

ယင်းတို့အနက် မိုနာလီဇာ ပန်းချီကားကြီးကြောင့် ကမ္ဘာကျော်ခဲ့သော ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်းချီလည်း အပါအဝင်ဖြစ်သည်။

ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်းချီနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော မိုက်ကယ်အန်ဂျလို ရေးဆွဲခဲ့သော 'လူဖန်ဆင်းခြင်းနှင့် နောက်ဆုံးတရားစီရင်ခြင်း' အမည်ရှိသော ခမ်းနားကြီးကျယ်သော ပန်းချီကားကြီးများ ပေါ်ထွက်ခဲ့သည်။

အနောက်တိုင်း ပန်းချီပညာများ ထွန်းကားလာသလို ယဉ်ကျေးမှု ထွန်းကားသော အရှေ့တိုင်း၏အာရှပန်းချီလောကမှာလည်း တိုးတက်ထွန်းကားမှု ရှိလေသည်။ အရှေ့တိုင်း ပန်းချီပညာကို အာရှ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဟုလည်း သီးခြားခေါ်ဝေါ်မှု ရှိသည်။

အာရှပန်းချီသည် အနောက်နိုင်ငံများက ရေးဆွဲဖော်ပြမှုမျိုးနှင့် အသွင်သဏ္ဌာန် မတူကြပေ။

အာရှပန်းချီသည် ဥရောပ ပန်းချီကဲ့သို့ အနီးအဝေး ပြနည်း၊ အလင်းအမှောင်ဖော်နည်း၊ ဆေးအနုအရင့်သွင်းနည်း စသည်တို့ကို အမိက မထားပေ။

အာရှပန်းချီဆရာတို့က မျက်မြင်ရုပ်ပုံထက် ဉာဏ်၌ မြင်သော ရုပ်ပုံကို ပိုမိုအလေးထားသည်ဟု သုတေသီတို့က မှတ်ချက်ချကြသည်။

အိန္ဒိယ၌ ရှိသော အဇန္တာလိုဏ်ဂူ၌ မျဉ်းရေးဆေးခြယ်နည်း ဖြင့် ရေးခြယ်ထားသော ရှေးလက်ရာ ပန်းချီကားချပ်များ ရှိလေသည်။

အဇန္တာလိုဏ်ဂူအတွင်း၌ ရှိသော နံရံပန်းချီတို့သည် အိန္ဒိယ နိုင်ငံ၏ရှေးအကျဆုံး ပန်းချီလက်ရာတို့ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ဘဝခရီးကို အခန်းစဉ်လိုက် ခွဲခြား၍ သရုပ်ဖော် ရေးဆွဲထားပေသည်။

နိပါတ်ဇာတ်အမျိုးမျိုးကိုလည်း ခင်းထားလေသည်။ ဘီစီ(၂) ရာစုမှ (၇)ရာစုနှစ်တိုင်အောင် ရှည်လျားသော ကာလအပိုင်းအခြား အတွင်း ခေတ်အမျိုးမျိုးကို ကျော်ဖြတ်၍ ရေးဆွဲထားသော ပန်းချီကား များဖြစ်ကြလေသည်။

သို့သော် တစ်ခေတ်တည်း၊ တစ်လက်ရာတည်းကဲ့သို့ ရေးဆွဲပုံ စနစ် တစ်သမတ်တည်း ရှိခြင်း၊ သဘောအယူအဆ တူညီခြင်းတို့ကို တွေ့ရလေသည်။

ရှေးခေတ်အိန္ဒိယပန်းချီသည် အေဒီ(၅)ရာစုနှင့် (၆)ရာစု အတွင်း အထွတ်အထိပ်သို့ ရောက်ခဲ့ရာ အဇန္တာလိုဏ်ဂူ၏နံရံပန်းချီတို့ သည် အကောင်းဆုံးလက်ရာများဖြစ်ကြလေသည်။

ထို့ပြင် ထိုခေတ်ကာလက ပေါ်ထွက်ခဲ့သော လက်ရာမွန်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာကောင်း ပန်းချီတို့ကို ဗိုင်ဇယ္ပူမြို့ရှိ ဗဒါမိ လိုဏ်ဂူများတွင်လည်း တွေ့မြင်နိုင်သည်။

ယင်းနံရံပန်းချီများမှာ ဗြာဟ္မဏ အယူဝါဒဆိုင်ရာ ပန်းချီခန်းများဖြစ်သည်။

(၇)ရာစုနှင့် (၈)ရာစုနှစ်အတွင်းက ရေးဆွဲထားသော ဂျိန်းအယူဝါဒ ပန်းချီကားများကို အိန္ဒိယတောင်ပိုင်း မဒရပ်ပြည်နယ်ရှိ စစ်တနအဗာဆော လိုဏ်ဂူအတွင်း၌ တွေ့ရလေသည်။

အယ်လိုရာလိုဏ်ဂူအတွင်း၌လည်း ဗြာဟ္မဏဆိုင်ရာ ပန်းချီခန်းများ ရှိလေသည်။

ရေးဆွဲပုံစနစ်သည် အဇန္တာပန်းချီစနစ်ကဲ့သို့ ကောက်ကြောင်းပန်းချီမျဉ်းရေးဆေးခြယ်နည်းဖြစ်သော်လည်း၊ အဇန္တာပန်းချီကဲ့သို့ ရေးဆွဲသော ကောက်ကြောင်း ပျော့ပြောင်းသိမ်မွေ့မှု မတွေ့ရဘဲ မာဆတ်နေသည်။

သို့သော်လည်း ထိုပန်းချီကားများကိုလည်း အဇန္တာ ပန်းချီများကဲ့သို့ ကမ္ဘာ့အကောင်းဆုံးလက်ရာများအဖြစ် အသိအမှတ်ပြုထားခဲ့ကြသည်။

အေဒီ(၉)ရာစုနှစ်လောက်တွင် ပေစာပုရပိုဒ်များ၌ စာသား၏နံဘေးတွင် ပန်းချီရေးခြယ်သည့် ပုံသေးပန်းချီစနစ် ခေတ်စားလာသောကြောင့် နံရံဆေးရေးပန်းချီရေးခြယ်မှု နည်းပါးလာသည်။

ပုံသေးပန်းချီဘက်တွင် ပါလပန်းချီစနစ်သည် ကျော်ကြားလေသည်။

ပါလပန်းချီစနစ် ထွန်းကားသောဒေသမှာ ဘင်္ဂလားပြည်နယ်ဘက်၌ဖြစ်သည်။

(၁၃)ရာစုနှစ်လောက်တွင် ယင်းပန်းချီစနစ်ခေတ် ကုန်ဆုံးလာခဲ့ပြီး (၁၆)ရာစုနှစ်လောက်တွင်မှ အိန္ဒိယစနစ်နှင့် ပါးရှင်းစနစ်တို့ ရော



www.burmeseclassic.com

www.burmeseclassic.com


နှောကာ 'ရာဇပုတ္တစနစ်' ဟူ၍ ပေါ်ထွက်လာခဲ့သေး၏။

မဂိုမင်းများလက်ထက်၌ သုံးကြသော ပုံသေးပန်းချီစနစ်သည် အိန္ဒိယဟန်နည်း၍ ပါးရှင်ပို၍ဆန်လေသည်။

ဗြိတိသျှတို့ အိန္ဒိယကို သိမ်းပိုက်ခဲ့ပြီး ကိုလိုနီ လက်အောက်ခံဘဝ ရောက်သောအခါ ရိုးရာရေးဆွဲမှုဟန်များ တဖြည်းဖြည်းနှင့် တိမ်ကော ပပျောက်လာပြီး အနောက်တိုင်း ပန်းချီဩဇာတို့ သက်ရောက်မှု ရှိလာခဲ့လေသည်။

အနောက်တိုင်း ပန်းချီရေးဆွဲဟန်ဖြင့် ကျော်ကြားခဲ့သော ပန်းချီဆရာမှာ 'ရာဗီဗားမား' ပင်ဖြစ်၏။

(၁၉)ရာစုနှစ်နောက်ပိုင်းနှင့် နှစ်ဆယ်ရာစုနှစ် အစပိုင်းတွင် အနောက်တိုင်းမှု ခေတ်စားခဲ့သော်လည်း အိန္ဒိယ ပန်းချီလောက ခေတ်ပြောင်းမှု အစပျိုးလာခဲ့သည်။

အမျိုးသားဟန်၊ အမျိုးသားစနစ်များဖြင့် ပြန်လည်ဖော်ထုတ်လာခဲ့ကြသည်။

ယခု ခေတ်သစ်ပန်းချီသည် အဇန္တာစနစ်၊ ရာဇပုတ္တစနစ်၊ မဂိုစနစ်တို့ကို အခြေခံ အတုယူပြီး ခေတ်အမြင်ဖြင့် ရေးဆွဲခဲ့ကြခြင်း ဖြစ်ပေသည်။

ခေတ်သစ်အိန္ဒိယ ပန်းချီကျော်များအနက် ဂျာမိနီရွိုင်း၊ နန္ဒလာဗို၊ အဗာနင်ဒြာနတ်တဂိုး၊ အမျိုးသမီးပန်းချီကျော် အမြိတရှာဂီးတို့ ပါဝင်လေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ဒုင်းဝါသနာပါသော အလုပ်မှန်သမျှ ပေါက်မြောက်အောင် ကြိုးစားဆောင်ရွက်လေ့ရှိရာ ယခုလည်း ပန်းချီပညာနှင့် ပတ်သက်သောကိစ္စများကို လက်လှမ်းမီသမျှ လေ့လာရင်းနှင့် ယခုအခါ အာရှပန်းချီ၏ အရင်းအမြစ်နေရာ တစ်ခု၌ ပါဝင်သော အိန္ဒိယသို့ ရောက်နေခိုက် ဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူ အိန္ဒိယသို့ ရောက်နေခဲ့သည်မှာ (၆)လခန့် ကြာမြင့်နေပြီ ဖြစ်၏။

ယခု ဒေါက်တာမင်းထင်ကျော် ရောက်ရှိနေသည့်နေရာမှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ဖြစ်သည်။ ကာလကတ္တားသည် အိန္ဒိယနိုင်ငံ၏အထိကရ မြို့တော်တစ်ခုဖြစ်သည်။

ကာလကတ္တားသို့ ရောက်ရခြင်း အကြောင်းအရင်းမှာ ၎င်းနှင့် သိကျွမ်းခင်မင်သော အမိတာ၏ဖိတ်ခေါ်ခြင်းကြောင့်ပင် ဖြစ်သည်။

အမိတာသည် အိန္ဒိယလူမျိုးတစ်ဦးဖြစ်သော်လည်း မြန်မာပြည်၌ မွေးဖွားကြီးပြင်းခဲ့ပြီး ဒေါက်တာမင်းထင်ကျော်နှင့် တက္ကသိုလ်ကျောင်းသားဘဝက ခင်မင်ရင်းနှီးခဲ့သူဖြစ်သည်။

အမိတာနှင့် ခင်မင်ရင်းနှီးခဲ့သောအကြောင်းများထဲမှာ ပန်းချီပညာကို ဝါသနာတူသော အကြောင်းအချက်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

"ကျွန်တော်က ပန်းချီပညာကို ဝါသနာပါရုံသက်သက်နဲ့ အခုလို သင်နေတာ မဟုတ်ဘူး ကိုမင်းထင်ကျော်ရဲ့"

"ဒါဖြင့် ဘယ်လိုရည်ရွယ်ချက်နဲ့ သင်ယူတာလဲ"

"တစ်နေ့ကျရင် ကမ္ဘာကျော်တဲ့ပန်းချီဆရာတစ်ယောက် ဖြစ်အောင် ကြိုးစားဖို့ ရည်ရွယ်ချက်နဲ့ အခုလို ကြိုးစားသင်နေတာဗျ"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

"ခင်ဗျားက ကျွန်တော်ပြောတာကို မယုံလို့ ပြုံးနေတာလား၊ တစ်နေ့ကျရင် ဂျာမိနီရွှိုင်း၊ နန္ဒာလာဗို၊ အဗာနင်ဒြာနတ်တဂိုးတို့လို ကမ္ဘာကျော် ပန်းချီဆရာတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်ဗျ"

"ကျွန်တော်က ခင်ဗျားကို မယုံလို့ ပြုံးတာ မဟုတ်ပါဘူး၊ လူဆိုတာ ရည်ရွယ်ချက်တစ်ခု ထားပြီး စူးစူးစိုက်စိုက် ကြိုးစားမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာ မရှိပါဘူး"

"အေးဗျာ. . . အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အိန္ဒိယပြည် ရောက်သွားတဲ့အခါမှာလည်း ခင်ဗျားဆီကို စာရေးပါဦးမယ်၊

ကျွန်တော်ရေးလိုက်တဲ့စာကို ရရင် ခင်ဗျားလည်း အိန္ဒိယကို လာခဲ့ပါဦး"

"လာခဲ့ပါ့မယ်"

နောက်ပိုင်း တက္ကသိုလ်မှ ဘွဲ့ရကြပြီးသည့်နောက်ပိုင်းမှာတော့ လူချင်း ကွဲသွားကြပြီး အမီတာနှင့် မတွေ့ကြရတော့ပေ။

နောက်ပိုင်းမှာတော့ မိတ်ဆွေများထံမှ သတင်းကြားရသည်မှာ အမီတာတို့ မိသားစုမှာ အိန္ဒိယသို့ အပြီးပြန်သွားပြီ ဖြစ်ကြောင်း သိရလေသည်။ ဤသို့ဖြင့် မေ့မေ့ပျောက်ပျောက် ရှိနေရာမှ သုံးနှစ်ခန့် ကြာသောအချိန်မှာ ကာလကတ္တားမှ အမီတာ ထည့်လိုက်သော စာတစ်စောင် ဒေါက်တာမင်းထင်ကျော်ထံ ရောက်လာလေသည်။

စာကို ဖွင့်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

ဒို့

ကိုမင်းထင်ကျော်. . .

ခင်မင်သတိရစွာဖြင့် စာရေးလိုက်ပါတယ်. . .။

ကျွန်တော်တို့ချင်းမတွေ့ရတော့ပေမယ့်ကိုမင်းထင်ကျော်တို့ သတင်းတွေကိုတော့ ကြားသင့်သလောက် ကြားနေရပါတယ်. . .။

ခင်ဗျားကတော့ ကျောင်းနေစဉ်ကတည်းက ဝါသနာအတိုင်း ခွန့်ခြားတဲ့အလုပ်တွေကို ဦးစားပေးပြီး လုပ်နေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သိရပါတယ်..။

ကျွန်တော်ကတော့ ခင်ဗျားကို ပြောသွားတဲ့အတိုင်း ပန်းချီပညာကိုပဲ တနိုက်မတ်မတ်နဲ့ လုပ်နေတာ အခုဆိုရင် အိန္ဒိယ ပန်းချီလောကမှာ လူသိများတဲ့ ကြေးခါးပန်းချီဆရာတစ်ယောက်ဘဝကို ရောက်နေပါပြီ။

ထိုနေရာကို ရောက်သောအခါ စာဖတ်ခြင်းကို ခေတ္တရပ်လိုက်ပြီး စိတ်ထဲမှာ တွေးလိုက်မိသည်။

"အော်. . . အမိတာတစ်ယောက် သူဖြစ်ချင်တဲ့ ဘဝလမ်းပေါ်တောင် ရောက်နေမှကိုး"

ဟု တွေးကာ သက်ပြင်းချလိုက်ပြီးမှ စာကို ဆက်ဖတ်လေသည်။

...အခု ဒီစာရေးတာကတော့ အခြားမဟုတ်ပါဘူး၊ ခင်ဗျားကို အိန္ဒိယကို အလည်လာဖို့ ဖိတ်ချင်လို့ပါ။ အခု အိန္ဒိယမှာ ပန်းချီပြပွဲ တွေ ကျင်းပဖို့ ပြင်ဆင်နေကြတယ်...။

ပန်းချီဆရာအတော်များများကတော့ ဒီပြပွဲမှာ ဝင်ရောက်ဆင်နွှဲဖို့ အခွင့်ကောင်းကို ကြိုးစားနေကြတာပေါ့ဗျာ...။

အဲဒီအထဲမှာ ကျွန်တော်လည်း အပါအဝင်ပေါ့။

အဲဒါ အဲဒီလိုပွဲမျိုးမှာ ခင်ဗျားကိုလည်း ပါဝင်ယှဉ်ပြိုင်စေချင်တယ်...။

ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက လူတစ်ယောက်ရဲ့ အရှုပ္ပသဏ္ဌာန်ကို ပေါ်လွင်အောင် ရေးတဲ့နေရာမှာ တော်လို့ပါပဲ။

အဲဒီတော့ ခင်ဗျားအနေနဲ့ ဗဟုသုတနဲ့ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



လည်းရေ၊ ခင်ဗျားဝါသနာပါတဲ့အနုပညာကိုလည်း အခွင့်မြင့်ပြခွင့် ရအောင်လို့ လာဖြစ်အောင် လာခဲ့စေချင်ပါတယ်...။

ကာလကတ္တားရောက်ရင် ခင်ဗျားအနေနဲ့ အေးအေးဆေး ဆေး ပန်းချီဆွဲနိုင်မယ့်နေရာမျိုးကိုလည်း စီစဉ်ပေးပါ့မယ်။

ခင်မင်သတိရစွာဖြင့်
အမီတာ
ကာလကတ္တားမြို့
အိန္ဒိယပြည်။

ဟု ရေးသားထားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ကျောင်းနေဖက် သူငယ်ချင်း လည်းဖြစ်၊ အနုပညာ ဝါသနာ ပါတာချင်းလည်း တူခဲ့သော အမီတာထံမှ စာရသည်နှင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

သူ့အနေနှင့် စွန့်စားမှုနှင့် သက်ဆိုင်သောကိစ္စများကိုသာ ဆောင်ရွက်နေရာမှ ယခုကဲ့သို့ အနုပညာကိစ္စနှင့် ပတ်သက်သော ယှဉ်ပြိုင်မှုမျိုး ပြုလုပ်ရမည်ဟု သိရသောအခါ များစွာစိတ်ဝင်စားသွားသော ကြောင့်ဖြစ်ပေသည်။

သို့ကြောင့် အမီတာ ဖိတ်ကြားသည့်အတိုင်း ကာလကတ္တားသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

# မညီမျှသော ဘဝပုံရိပ်များ

ကာလကတ္တားသည် အိန္ဒိယနိုင်ငံ၏ထင်ရှားသောမြို့များထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး နေရာနယ်နိမိတ် ကျယ်ဝန်းလေသည်။

ထို့ပြင် လူဦးရေ ထူထပ်ပြီး စည်ကားသောနေရာလည်း ဖြစ်သည်။

အိန္ဒိယသည် မဇ္ဈိမဒေသဟုသာ ခေါ်သော်လည်း ယခုအခါ သစ်တောများနှင့်ချောင်းများ ပျက်စီးဆုံးရှုံးမှု များသောကြောင့် ရာသီဥတု ဖောက်ပြန်ပျက်စီးနေပြီဖြစ်၏။

မိုးရာသီ ရောက်လျှင် ရေကြီးခြင်းနှင့် လေမုန်တိုင်းများ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ ဖြစ်ပွားလေ့ရှိပြီး မိုးများသောကြောင့် တောင်ပြိုခြင်း၊ မြေပြိုခြင်းများ မကြာခဏ ဖြစ်လေ့ရှိသည်။

သစ်တောများ ပျက်စီး၍ လွင်တီးခေါင်များ ဖြစ်နေသောကြောင့် နွေရာသီ ရောက်လာလျှင်လည်း အပူရှိန်က မြင့်မားလှသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ (၁၉၅၀)ခုနှစ်၊ အောက်တိုဘာလဆန်း ဖြစ်သောကြောင့် မိုးအကုန်ဆောင်းအကူးကာလ ဖြစ်ကာ ရာသီဥတုမှာ သင့်တော်သော အနေအထားတွင် ရှိသေးသည်။

အမီတာ ပေးထားသောလိပ်စာမှာ ကမ်းနားလမ်းနှင့် နီးပြီး ကိုဒင်ဥယျာဉ်နှင့် နီးသောနေရာဖြစ်သည်။

လေယာဉ်ကွင်းမှ အတန်ငယ် ဝေးသောကြောင့် တက္ကစီတစ်စီးကို ငှား၍သွားရလေသည်။

လေယာဉ်ကွင်းမှ ကမ်းနားလမ်းဘက် ရောက်အောင် မြို့တွင်းမှ ဖြတ်သွားရပေရာ လူဦးရေ ထူထပ်များပြားမှုကို တွေ့မြင်ရသည်။

သို့သော် တက္ကစီမောင်းသူက ထိုလမ်းများကို ကောင်းစွာကျွမ်းကျင်သောကြောင့် အခက်အခဲမရှိ မောင်းနိုင်လေသည်။

လေယာဉ်ကွင်းမှ ထွက်လာပြီး အနောက်ဘက်သို့ ဦးတည်၍ ဒမ်ဒမ်လမ်းအတိုင်း မောင်းလာရာ လေဆိပ်မှအထွက်တွင် ရထားလမ်းတစ်ခုကို ကျော်ဖြတ်ရသေးသည်။

ကမ်းနားလမ်းဘက်သို့ ရောက်သောအခါ တောင်ဘက်လမ်းအတိုင်း မောင်းလာခဲ့သည်။

ကာလကတ္တားမြို့ကို ဟူဂလီမြစ်က တောင်နှင့်မြောက် ပိုင်းခြားထားရာ အရှေ့ဘက်လမ်းအတိုင်း မောင်းလာကြခြင်းဖြစ်သည်။

အရှေ့နှင့်အနောက်ဘက်ကို ပိုင်းခြားထားသော ဟူဂလီမြစ်မှာ အတော်ကျယ်ဝန်းသောမြစ်ဖြစ်သည်။ ထိုမြစ်ကို ဖြတ်ကူးရာတံတား



www.burmeseclassic.com

www.burmeseclassic.com



ထိုး၍ ဆက်သွယ်ထားလေသည်။

ဟောင်ရာတံတားအနီး၌ အနောက်ဘက် ကမ်းပေါ်တွင် ဟောင်ရာဘူတာ ရှိသည်။

ကိုဒင်ဥယျာဉ်မှာ မြစ်ကမ်းနှင့် မဝေးလှသောနေရာ၌ ရှိပြီး သာယာလှပသော ဥယျာဉ်ခြံတစ်ခုလည်း ဖြစ်ပေသည်။

ထိုဥယျာဉ်ခြံအနီးသို့ ရောက်သောအခါ အမီတာ ပေးထားသော လိပ်စာအတိုင်း ရှာဖွေရာ ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ရလေသည်။

အမီတာ၏မိဘများမှာ ချမ်းသာကြွယ်ဝသူများ ဖြစ်သောကြောင့် ၎င်းတို့နေအိမ်မှာ ကြီးမားခန့်ထည်လှပေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ အမီတာက ဝမ်းမြောက်ဝမ်းသာဖြင့် ဆီးကြိုလေသည်။

"ကိုမင်းထင်ကျော် ရောက်လာပြီကိုး၊ ခင်ဗျားရောက်လာတာ ကျွန်တော်ဖြင့် သိပ်ဝမ်းသာတာပဲ"

"ကျွန်တော်လည်း ခင်ဗျားနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ပန်းချီပြပွဲက ဘယ်လောက်လိုသေးလဲဗျ"

"ကြားထဲမှ အချိန်တစ်လလောက်တော့ ရပါသေးတယ်၊ ဒီပွဲမျိုးကတော့ လက်မလွှတ်သင့်တဲ့ အခွင့်အရေးမျိုးပဲဗျ၊ ကာလကတ္တားတင်မကဘူး၊ အိန္ဒိယ တစ်နိုင်ငံလုံးမှာ ရှိကြတဲ့ ပန်းချီဆရာတွေအားလုံး လိုလိုပါပဲ ဒီပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ အားခဲနေကြတယ်"

"အစွမ်းကုန် ကြိုးစားကြည့်တာပေါ့ဗျာ"

"ခင်ဗျားရဲ့ လက်စွမ်းလက်စ ဘယ်လောက်ရှိတယ်ဆိုတာ ကျောင်းမှာကတည်းက ကျွန်တော်သိထားပြီးသားပဲ၊ ဝင်ပြိုင်လို့ ဆုမရတော့လည်း ဘာအရေးလဲဗျာ၊ အတွေ့အကြုံ ရတာပေါ့"

"ကျွန်တော်လည်း ဒီလိုပဲ စိတ်ကူးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဘယ်လိုပုံမျိုး ရေးမယ်လို့ စိတ်ကူးထားသလဲဗျ"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေသည်။

"ကျွန်တော်ကတော့ ပုံတူပဲ ရေးပြီး ပြိုင်ချင်တာပဲ"

ထိုစကားကြားသောအခါ အမီတာက သဘောကျစွာ ပြုံးလိုက်လေသည်။

"ခင်ဗျားက 'လီယိုနာဒိုဒါဗင်းချီ' လို မိုနာလီဇာ ပန်းချီကား တစ်ချပ်တည်းနဲ့တင် ကမ္ဘာကျော်အောင် လုပ်ဖို့ စိတ်ကူးနေတာလားဗျ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"အခြားဟာတွေသာ မမီရင် ရှိရမယ်၊ အနုပညာနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့ရဲ့ပန်းချီပညာဟာ ဥရောပ ပန်းချီပညာထက်တော့ မနိမ့်လှပါဘူး"

"မှန်ပါတယ်. . . မှန်ပါတယ်"

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကမ္ဘာက အသိအမှတ်ပြုနိုင်လောက်အောင် ကျော်ကြားခဲ့တဲ့ ပန်းချီဆရာကြီးတွေ ရှိခဲ့တယ်မဟုတ်လား၊

အနောက်တိုင်း ပန်းချီရေးဆွဲနည်းစနစ်တွေကို မြန်မာလက်ရာတွေနဲ့ ရောပြီး အသက်ဝင်အောင် ရေးပြခဲ့တဲ့ ဆရာကြီး ဦးဘဇော်ရဲ့ လက်ရာမျိုးတွေ၊ အရောင်အသွေး စပ်ရာမှာ ပါရမီရှင် ထူးချွန်လှတဲ့ ဆရာကြီးဦးဘညာဏ်ရဲ့လက်ရာတွေ၊ ဆရာကြီး ဦးငွေကိုင်၊ ဆရာကြီး ဦးဘကြည်၊ ဆရာကြီးဦးအုန်းလွင်နဲ့ အလင်းအမှောင် ရေးဖွဲ့ရာမှာ ပြင်သစ်ပန်းချီဆရာတွေတောင် လက်ဖျားခါရတဲ့ ဆရာကြီးဦးစံဝင်း စတဲ့ ပန်းချီပညာရှင်တွေရဲ့လက်ရာတွေဟာ ကမ္ဘာပန်းချီပညာရှင်တွေ အသိအမှတ်ပြုရလောက်အောင် ကောင်းမွန်တဲ့ ပန်းချီကားမျိုးတွေ ရေးနိုင်ခဲ့တာပဲ၊ ကျွန်တော်တို့အနေနဲ့ ဘာမှစိုးရွံ့စရာ မရှိတော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျားအနေနဲ့ ကျွန်တော့်ကို အကူအညီတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘယ်လိုအကူအညီမျိုးလဲဗျ. . . လိုတဲ့အကူအညီ ပေးရမှာပေါ့"

"တခြားတော့ မဟုတ်ပါဘူး၊ ကိုယ်ဟန်ပြမယ် တစ်ယောက်တော့ ရှာပေးရလိမ့်မယ်"

"ဒီမှာ ကိုယ်ဟန်ပြမယ်တွေကတော့ အများကြီး ရှိတာပေါ့။ ခင်ဗျားက ဘယ်လို ကိုယ်ဟန်ပြမယ်မျိုးကို လိုချင်တာလဲ"

"ရုပ်ရည်လည်း အသင့်အတင့် ချောရမယ်၊ ချောတဲ့နေရာမှာလည်း ခြောက်ပြစ်ကင်း သဲလဲစင် မဖြစ်ရင်တောင်မှ ဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်မျိုးဖြစ်ရမယ်၊ ကိုယ်နေဟန်ထား ပြေပြစ်ရမယ်၊

နောက်တစ်ချက်ကတော့ ကိုယ်ဟန်ပြတဲ့အလုပ်ကို စိတ်ဝင်စားမှု ရှိပြီး ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တဲ့သူမျိုး ဖြစ်ရမယ်"

ဟု ပြောသောအခါ အမိတာမှာ အတော်ကြာအောင် စဉ်းစားနေသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ ချထားသော ကော်ဖီခွက်ကို ယူ၍ မော့သောက်လိုက်ပြီး ပြန်ချထားလိုက်သည်။

ပြီးမှ အိတ်ထဲမှာ အသင့်ပါလာသော ကပ္ပိတန်စီးကရက် တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာလိုက်သည်။

တော်ကြာမှ အမိတာက ပြောသည်။

"ခင်ဗျားပြောတဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီတဲ့ ကိုယ်ဟန်ပြမယ်တစ်ယောက်တော့ ရှိတယ်၊ သူက ကာလကတ္တားကတော့ မဟုတ်ဘူး၊ နေရဋ္ဌရာမြစ်နဲ့ မဝေးတဲ့ ရွာကြီးတစ်ရွာမှာ နေတယ်၊

သူ့နာမည်က မာရီယာလို့ ခေါ်တယ်၊ အသက်က (၂၀)ဝန်းကျင်လောက် ရှိတယ်၊ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ထည်ပါ ဘာမှပြောစရာ မရှိဘူး၊ နောက်ပြီး ကိုယ်ဟန်ပြတဲ့နေရာမှာလည်း အတော်ကလေး


www.burmeseclassic.com

www.burmeseclassic.com


စိတ်ရှည်တယ်"

"အခုလောက် အရည်အချင်းရှိနေတဲ့ ကိုယ်ဟန်ပြမယ်တစ်ယောက်ကို တခြားပန်းချီဆရာတွေကလည်း သိကြမှာပေါ့၊ အခုလောက်ဆိုရင် ခေါ်သွားလောက်ရောပေါ့"

"ဒီလိုတော့ မဟုတ်ဘူးဗျ၊ မာရီယာဆိုတဲ့မိန်းကလေးက တစ်မျိုးပဲ၊ သူ သဘောမကျရင် ငွေဘယ်လောက်ပေးပေး ခေါ်လို့မရဘူး၊ သူနဲ့ အဆင်ပြေရင်လည်း သင့်တော်တဲ့ငွေကြေး ပေးရုံနဲ့ အလွယ်တကူလိုက်ပြီး ကိုယ်ဟန်ပြပေးလေ့ရှိတယ်"

"စိတ်ဝင်စားစရာပဲဗျ. . . ကျွန်တော် မာရီယာနဲ့ တွေ့ချင်တယ်. . . ခင်ဗျားလိုက်ပို့ပေးပါ"

"ခင်ဗျားသွားချင်ရင်တော့ လိုက်ပို့ပေးရမှာပေါ့၊ ဒါပေမယ့် သူနဲ့တွေ့တဲ့အခါ ရအောင်ခေါ်ဖို့ကတော့ ခင်ဗျားကိုယ်တိုင် ကြိုးစားရလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အမီတာက ဒေါက်တာမင်းထင်ကျော်အခန်းသို့ လိုက်ပို့ပေးသည်။

ညနေပိုင်းအချိန်တွင် နှစ်ယောက်သား မော်တော်ကားတစ်စီးဖြင့် ကာလကတ္တားမြို့တွင်းသို့ လိုက်လံလည်ပတ်ကြလေသည်။

အင်္ဂလိပ်များ ဆုတ်ခွာသွားပြီးစ အချိန်ကာလဖြစ်သောကြောင့် အိန္ဒိယသည် ဖွံ့ဖြိုးတိုးတက်မှု မရှိသေးပေ။ နေရာအနှံ့အပြားတွင် ဆင်းရဲနွမ်းပါးသူများစွာတို့ ရှိနေကြသည်။

ဘူတာရုံ၊ ပန်းခြံ၊ ဈေးနှင့် လူစည်ကားသောနေရာများတစ်ဝိုက်တွင် သူတောင်းစားနှင့် ပြည့်တန်ဆာများစွာတို့ ရှိနေကြသည်။

အသက်အရွယ်ကြီးသူများက တောင်းရမ်းစားသောက်ကြပြီး အရွယ်ရှိသေးသောမိန်းမများက ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေး


www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အချို့မိန်းကလေးများမှာ အရွယ်ပင် မရောက်သေးဘဲ (၁၂) နှစ် (၁၃)နှစ်အရွယ်နှင့် ပြည့်တန်ဆာ ဖြစ်နေကြသည်။

မော်တော်ကား ရပ်လိုက်သည်နှင့် ကားအနီးသို့ အလုအယက် ရောက်လာပြီး ၎င်းတို့နှင့်အတူ ပျော်မွေ့ရန် အတင်းအဓမ္မ လာရောက် ပြောဆိုကြရာ များစွာသနားစရာလည်းကောင်း၊ စိတ်ပျက်စရာလည်း ကောင်းလှတော့သည်။

အဆိုးဆုံးကတော့ သင်္ဘောဆိပ်၊ ဘူတာရုံနှင့် ဈေးတဝိုက်တွင် ပြည့်တန်ဆာနှင့် သူတောင်းစားတို့ ပိုမိုများပြားလေသည်။

မော်တော်ကား မောင်းထွက်လာသည့်တိုင် နောက်မှ ပြေး လိုက်လာကာ တစာစာနှင့် အော်ဟစ်ပြောဆိုနေကြတော့သည်။

နယ်ချဲ့မျက်နှာဖြူများလက်အောက်၌ နှစ်ပေါင်းများစွာ ကျ ရောက်ခဲ့ရသည့် အိန္ဒိယမှာ ယခုကဲ့သို့ ကြေမွပျက်စီးသွားခဲ့သလို အခြားတိုင်းပြည်နိုင်ငံများမှာလည်း အနည်းနှင့်အများ အထိနာခဲ့ကြရ သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ မွန်းကျပ် ပိတ် လှောင်နေသော ကာလကတ္တား၏ ဆောင်းဦးပေါက်ညကို အချိန် အတော်ကြာကြာ ဖြတ်သန်းခဲ့ကြပြီးမှ အိမ်သို့ ပြန်ခဲ့ကြသည်။

အပြင်မှ အေးမြသယောင်ရှိသော်လည်း ရင်ထဲမှာတော့ မအေးမြနိုင်သော ညတစ်ညပင်ဖြစ်ပေသည်။

နောက်တစ်နေ့မှာတော့ အမီတာနှင့် မော်တော်ကားဖြင့် မောင်းကာ အနောက်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။

တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဟောင်ရာတံတား ဟောင်ရာဘူတာတို့ကို ကျော်ဖြတ်ခဲ့ကြပြီး ဂျီတီလမ်းမကြီးအတိုင်း တောင်ဘက်သို့ ဦးတည်မောင်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုတီလမ်းမှာ ဟူဂလီမြစ်နှင့် မျဉ်းပြိုင်သဘောမျိုး ဖောက်ထားသည့် လမ်းကျယ်ကြီးပင်ဖြစ်ပေသည်။

ထိုမှ ခရီးဆက်ခဲ့ကြရာ (၁၀)နာရီအချိန်ခန့်တွင် ရုက္ခဗေဒ ဥယျာဉ်သို့ ရောက်ကြလေသည်။

ရုက္ခဗေဒဥယျာဉ်မှာ ဂျိုတီလမ်းမကြီးနှင့် မဝေးလှသောနေရာတွင်ရှိသည်။

ရုက္ခဗေဒဥယျာဉ် ကျော်လာသောအခါ ကာလကတ္တားမြို့၏ အနောက်ဘက် မြို့နယ်နိမိတ် အဆုံးသတ်သွားတော့သည်။

၎င်းတို့ သွားရမည့်ရွာမှာ ကာလကတ္တား မြို့ပြင်အထွက်လမ်းနှင့် မဝေးလှဘဲ နေရဋ္ဌရာမြစ်ကမ်းနှင့် မနီးမဝေးနေရာ၌ ရှိလေသည်။

ထိုရွာ၏အမည်မှာ မာလဝရွာဖြစ်သည်။

ရွာမှာ ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ပြီး သစ်ရိပ်ဝါးရိပ်များဖြင့် သာယာလှပသော ရွာကြီးတစ်ရွာဖြစ်ပေသည်။

၎င်းတို့မော်တော်ကား ရွာလမ်းမတိုင်း မောင်းဝင်သွားသောအခါ ဖုန်လုံးများနှင့်အတူ လမ်းမပေါ်မှာ ဆော့ကစားနေကြသော ကလေးငယ်များ ပြေးလိုက်လာကြသည်။

တစ်နေရာရောက်၍ မေးမြန်းကြည့်သောအခါ မာရီယာတို့ နေအိမ်မှာ ရွာအစွန်ဘက်ရှိ ခြံကျယ်ကြီးတစ်ခြံ၌ နေထိုင်ကြောင်း သိရလေသည်။

ထိုခြံရောက်သောအခါ မာရီယာနှင့် မတွေ့ရဘဲ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးကြီးနှင့်အဘွားကြီးနှစ်ယောက်ကိုသာ တွေ့ရသည်။

၎င်းတို့နှစ်ဦးစလုံးမှာ ကုလားလူမျိုးပင်ဖြစ်သော်လည်း အသားအရေက အမည်းရောင် မဟုတ်ဘဲ အညိုရောင် အသားအရေမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကား ဝင်လာသောအသံကို ကြားသောကြောင့် နှစ်ယောက်စလုံး အိမ်ထဲမှ ထွက်လာကြသည်။

နှစ်ယောက်စလုံး မျက်လုံးကောင်းကြဟန် မရှိဘဲ စမ်းတဝါးဝါးဖြင့် ထွက်လာကြခြင်းဖြစ်သည်။

"ဧည့်သည်တွေ မဟုတ်လား"

ဟု အဘိုးကြီးက ကုလားဘာသာဖြင့် မေးသည်။

ထိုအခါ အမီတာက ကုလားဘာသာနှင့်ပင် ပြန်ပြောလေသည်။

"ဟုတ်ပါတယ်ခင်ဗျား"

"ဘယ်က လာကြတာလဲ. . . ဘာကိစ္စများ ရှိလို့ပါလဲ"

"ကျွန်တော်တို့ ကာလကတ္တားက လာကြတာပါ၊ ဒါ မာရီယာတို့အိမ် ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"မာရီယာကို ကိုယ်ဟန်ပြမယ်အဖြစ် အသုံးပြုချင်လို့ လာပြီးခေါ်တာပါ"

"သမီးက နေရဉ္စရာမြစ်ကမ်းပါးမှာ နေတဲ့ သူ့ဆရာ ယောဂီကြီးဆီကို သွားပါတယ်၊ သူက စိတ်ယောဂကျင့်စဉ်တွေကို လေ့လာနေပါတယ်"

"သူရှိတဲ့နေရာကို ပြောပြနိုင်မလား"

"ပြောပြနိုင်ပါတယ်. . . လက်ခံမခံတော့ သူနဲ့ပဲ သက်ဆိုင်ပါတယ်"

ဟု ပြောပြီး မာရီယာ ရှိသောနေရာကို လမ်းညွှန်ပြောပြပေးလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအကြောင်းများကို ကြားသောအခါ များစွာစိတ်ဝင်စားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီယာ၏ရုပ်ရည်နှင့်ပုံပန်းသဏ္ဍာန်ကို မမြင်ဖူးသေးသော်လည်း သူမသည် သာမန်ကိုယ်ဟန်ပြမယ်တစ်ဦး မဟုတ်မှန်းတော့ စိတ်ထဲမှ ရိပ်မိလေသည်။

"ဘယ်လိုလဲ ကိုမင်းထင်ကျော်၊ ကျွန်တော်တို့ သူရှိတဲ့နေရာကို လိုက်သွားကြမလား"

အမိတာက မေးသည်။

"သွားရမယ့်ခရီးက အတော်ဝေးသလား"

"နေရဋ္ဌရာမြစ်ကမ်းပါးမှာ ရှိတဲ့ တောစပ်တစ်နေရာမှာဆိုတော့ သွားမယ်ဆိုရင် နာရီဝက်လောက် ပိုမသွားရပါဘူး"

"ဒီလိုဆိုရင်လည်း သွားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြပြီး အဘိုးကြီးနှင့်အဘွားကြီးတို့ နှစ်ယောက်ကို နှုတ်ဆက်ခဲ့ပြီး ကားကို မောင်းထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# ကိုယ်ဟန်ပြသူနှင့် ယောဂကျင့်ခဲ့သူများ

နေရဥ္စရာမြစ်မှာ အိန္ဒိယနိုင်ငံ၏ထင်ရှားသောနေရာများထဲမှ တစ်နေရာ ပါဝင်သောနေရာဖြစ်သည်။ နေရဥ္စရာမြစ်သည် ဂင်္ဂါမြစ်ကဲ့သို့ပင် အိန္ဒိယတိုင်းသားများ အလေးအမြတ် ထားကြသော မြစ်တစ်စင်းဖြစ်ပေသည်။

ဂင်္ဂါမြစ်သည် အိန္ဒိယနိုင်ငံ၏အထွတ်အမြတ်ထားသော မြစ်တစ်စင်းဖြစ်သလို ဟိမဝန္တာတောင်တန်းကြီးကို ပိုမိုလှပအောင် ဖြည့်ဆည်းပေးထားသော မြစ်တစ်စင်းပင်ဖြစ်၏။

ကေလာသ တောင်ခြေရင်း၌ မဟာရေကန်ကြီး မန်္တဝါဆာရိုး



www.burmeseclassic.com

www.burmeseclassic.com


ဗား(Great Lake Manasarovan)မှ မြစ်ချောင်းအများအပြား စီးဆင်းပေါ်ထွက်လာကြလေသည်။

ထိုမြစ်အားလုံး၏မြစ်ဖျားခံရာဒေသမှာ ဟိမဝန္တာတောင်တန်းကြီးမှပင်ဖြစ်သည်။

၎င်းမြစ်ချောင်းများအားလုံးတို့သည် ဂင်္ဂါမြစ်ကြီးအတွင်းသို့ ပေါင်းစည်းစီးဆင်းသွားကြလေသည်။

ဂန့်ဂေါ်ထရီ၏ရေခဲမြစ်များတွင် အခြေပြုကာ စီးဆင်းလာသော ဂင်္ဂါမြစ်ကြီးမှာ ဟိမဝန္တာတောင်တန်းပေါ်မှ သဘာဝ သယံဇာတပစ္စည်းများကို သယ်ဆောင်စုစည်းထားသော မြစ်ရေလည်းဖြစ်သည်။ ဂင်္ဂါမြစ်ရေကို ချိုးလျှင် ရောဂါဘယ ကင်းစင်ပြီး စိတ်ကြည်လင်မှု ရှိစေသည်ဟု အယူရှိကြသည်။ အချို့က ဂင်္ဂါမြစ်ရေ ချိုးလျှင် ၎င်းတို့၏ ဝိညာဉ်တို့ကို သန့်စင်စေပြီး (စိတ်အညစ်အကြေး ကင်းစင်သွားသည်ဟုလည်း ယူဆနိုင်ပါသည်) ကောင်းကင်ဘုံနှင့် နီးစပ်စေသည်ဟု ယုံကြည်မှု ရှိကြသည်။

ထို့အတူ အခြားသောနေရာများမှာလည်း သူ့နေရာနှင့်သူ ထူးခြားမှုများ ရှိကြလေသည်။ အိန္ဒိယနိုင်ငံအဝှမ်းတွင် ဟိမဝန္တာကို အခြေခံ၍ စီးဆင်းသောမြစ်များစွာတို့ ရှိကြလေသည်။ နမ္မဒါမြစ်၊ ယမုံနာမြစ်၊ ရောဟဏီမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ ဂန်ဒတ်မြစ်၊ ဂေါမတီမြစ်၊ နေရဉ္စရာမြစ်စသည်တို့မှာ ထင်ရှားသောနေရာများဖြစ်ကြသည်။

အနောက်သို့ စီးဆင်းသွားသော ဂင်္ဂါမြစ်သည် ကောသမ္ဗီသို့ ရောက်ပြီး လွန်သည်နှင့် မြစ်နှစ်စင်း ခွဲထွက်သွားလေတော့သည်။

မြောက်ဘက်မှမြစ်သည် မူလ ဂင်္ဂါမြစ်ပင်ဖြစ်ပြီး တောင်ဘက်မှမြစ်သည် ယမုံနာမြစ်ပင်ဖြစ်ပေသည်။

ဂင်္ဂါမြစ်၏အလှနှင့် ယမုံနာမြစ်နှစ်စင်းတို့၏အလှမှာ အလွန်မှိုင်သကဲ့သို့ ဖြစ်နေသောကြောင့် ဂင်္ဂါငါးနှင့် ယမုံနာငါးတို့ အလှချင်း


www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကြသည်ဟု တင်စားရေးဖွဲ့ကြလေသည်။

နေရဥ္စရာမြစ်ကတော့ ဗုဒ္ဓနှင့် ပတ်သက်၍ အဓိက ကျသော မြစ်တစ်စင်းအဖြစ် လူသိများခဲ့ခြင်းဖြစ်သည်။

နေရဥ္စရာမြစ်ကို ရှေးအခါက 'လီလာဂျန်' ဟု ခေါ်ဝေါ်ကြသည်။

ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ဖွဲ့ဆိုရာတွင် နေရဥ္စရာမြစ်သည် လှပသောနေရာတစ်ခုဖြစ်ခဲ့ပေ၏။

ဒေါက်တာမင်းထင်ကျော်နှင့် အမိတာတို့နှစ်ယောက်သည် မော်တော်ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာကြရာ မွန်းလွဲပိုင်းအချိန်လောက်တွင် မြစ်ကမ်းအနီးရှိသော တောအုပ်များ ရှိသောနေရာသို့ ရောက်ခဲ့ကြသည်။

ထိုတောတန်းများ အနောက်ဘက်မှာတော့ ကျောက်တောင်အချို့ရှိသည်။

မွန်းလွဲပိုင်းအချိန်ပင် ရှိသေးသော်လည်း နေရောင်ခြည် မမြင်ရဘဲ အုံ့မှိုင်းမှိုင်းဖြစ်နေသည်။

တောအုပ်အစပ် ရောက်သောအခါ ကားဝင်၍ မရသောကြောင့် အပြင်မှာ ရပ်ထားခဲ့ပြီး လူသွားလမ်းကလေးအတိုင်း အတွင်းသို့ ဝင်သွားကြသည်။

သစ်တောအတွင်းသို့ ရောက်သောအခါ ဂူပေါက်ဝ ကလေးများကို တွေ့ရသည်။

နှောင်နံရံများတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ဂူပေါက်ဝကလေးများမှာ အတော်ပင် များလေသည်။

ထိုဂူပေါက်အတွင်းများမှာလည်း ယောဂကျင့်စဉ်များကို ကျင့်ကြံအားထုတ်နေကြသည့် ယောဂီအချို့ ရှိနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ တောထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြသော်လည်း မည်သည့်ဂူပေါက်အတွင်း၌ မာရီယာ ရှိနေသည်ကို မသိသောကြောင့် အခက်တွေ့နေကြစဉ်မှာပင် သူတို့ ရောက်နေသောနေရာနှင့် မနီးမဝေးမှာ ရှိနေသော ဂူပေါက်တစ်ခုအတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာလေသည်။

"ဟော. . . ဟိုမှာ မာရီယာ ထွက်လာပြီ"

အမီတာက ခပ်တိုးတိုး ပြောလိုက်သည်။

မာရီယာ ထွက်လာသောနေရာမှာ မဝေးလှသောကြောင့် ကောင်းစွာမြင်နေရသည်။

မာရီယာမှာ ရုပ်ရည်ရော ကိုယ်ဟန်အနေအထားပါ အချိုးအဆစ် ပြေပြစ်ချောမောသော အမျိုးသမီးတစ်ဦးဖြစ်ပေသည်။

မာရီယာက သူတို့နေရာသို့ လှမ်းကြည့်နေသဖြင့် ထိုနေရာသို့ လျှောက်သွားကြလေသည်။

အနီးသို့ ရောက်သောအခါ မာရီယာက မေးသည်။

"ကျွန်မကို တွေ့ဖို့ လာတဲ့ဧည့်သည်တွေများလားရှင်"

"မှန်ပါတယ်"

"ဒီနေရာမှာ ရှိတယ်လို့ အမေတို့က ပြောလိုက်တယ် ထင်ပါရဲ့"

"ဟုတ်ပါတယ်. . . ဒါကြောင့် လိုက်လာခဲ့ကြတာပါ"

"ဂူထဲ ဝင်နိုင်ပါတယ်"

ဟု ဖိတ်ခေါ်သဖြင့် နှစ်ယောက်သား ဂူအတွင်းသို့ ဝင်သွားကြသည်။

ဂူ၏အတွင်းပိုင်းမှာ အတော်ကျယ်ဝန်းသော်လည်း အသုံးအဆောင်ပစ္စည်းတော့ များများစားစား မရှိပေ။

ဂူအတွင်းပိုင်းမှာတော့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တင်ထားသောစင်တစ်စင်၊ သောက်ရေအိုးတစ်လုံးသာ ရှိပြီး အလယ်နားလောက်မှာ



www.burmeseclassic.com

www.burmeseclassic.com


တော့ မီးဖိုတစ်ခု ဖိုထားလေသည်။

မီးဖိုအနီးမှာတော့ သူတို့ ရှိရာဘက်သို့ ကျောပေးလျက် အနေအထားဖြင့် ငြိမ်သက်စွာ ထိုင်နေသည့် ယောဂီကြီးတစ်ဦးကို လှမ်းမြင်ရသည်။

မာရီယာက ဂူပေါက်ဝနှင့် မဝေးလှသောနေရာတွင် ချထားသည့် ဝါးဖြင့် ပြုလုပ်ထားသော ကွပ်ပျစ်ပေါ်တွင် နေရာပေးပြီး သောက်ရေနှင့် စားစရာ ငှက်ပျောသီးများ ချပေးသည်။

"အမောပြေ စားသောက်ကြပါရှင်"

ဒေါက်တာမင်းထင်ကျော်တို့မှာ သူမ ချပေးသော နံ့သာပု ငှက်ပျောသီးတစ်လုံးစီ စားပြီး ရေတစ်ခွက်စီ သောက်လိုက်ကြသည်။

သူမသည် အိန္ဒိယတိုင်းရင်းသူဖြစ်သော်လည်း မြန်မာစကားကို ကောင်းစွာပြောနိုင်သောကြောင့် များစွာအဆင်ပြေလှပေသည်။

"ဒါထက် ကျွန်တော်တို့ ရောက်လာမှာကို ကြိုတင်သိလို့များ ထွက်လာတာလားဟင်"

မာရီယာက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်ပြီး ပြုံး၍ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘာအတွက် လာကြတယ်ဆိုတာကိုရော သိနေရောပေါ့နော်"

"သိသင့်သလောက်တော့ သိပါတယ်"

သူမအသံက တိုးသော်လည်း လေးနက်မှု ရှိပေသည်။

"ကျွန်တော်က မြန်မာပြည်က လာတာပါ။ နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ သူက ကျွန်တော့်ရဲ့မိတ်ဆွေ အမီတာလို့ ခေါ်ပါတယ်"

"ကျွန်မနာမည်က မာရီယာပါပဲ"

"အိန္ဒိယမှာ ပန်းချီပြပွဲတစ်ခု ရှိလို့ ဝါသနာအရ ပြည်ပြိုင်ရ


www.burmeseclassic.com

www.burmeseclassic.com


အောင် လာခဲ့တာပါ၊ ကျွန်တော်က ကြေးစားပန်းချီဆရာတစ်ယောက် တော့ မဟုတ်ပါဘူး၊

အခု ဒီကိုလာတဲ့ ရည်ရွယ်ချက်က မာရီယာကို ကိုယ်ဟန်ပြ မယ်အဖြစ် ငှားချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က လာရင်းရည်ရွယ်ချက်ကို ပြောပြ လိုက်လေသည်။

"ကျွန်မဆီကို တကူးတက လာပြီး ငှားရမ်းတဲ့အတွက် ကျေးဇူး တင်ပါတယ်၊ ဆရာအတွက် ကိုယ်ဟန်ပြပေးဖို့ ကျွန်မ လက်ခံပါတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်သာမက အနားမှာ ရှိနေသည့် အမီတာပါ ဝမ်းသာသွားလေသည်။

"တကယ်တော့ ကျွန်မက ကိုယ်ဟန်ပြတဲ့အလုပ်ကို လုပ်နေ တယ်ဆိုပေမယ့် လာခေါ်တိုင်းတော့ လိုက်လေ့မရှိပါဘူး၊ စိတ်ထဲက လိုက်သင့်တယ်ထင်မှ လိုက်ပြီးလုပ်ပေးလေ့ရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် အခုလို ကျွန်တော့်အတွက် အကူအညီ ပေး တာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ မေးပါရစေ"

"မေးပါရှင်"

"တခြားတော့ မဟုတ်ပါဘူး၊ အခု မာရီယာ ဒီကိုလာနေတာ ဘယ်လိုကျင့်စဉ်မျိုးတွေ လေ့ကျင့်နေတာလဲဆိုတာကို သိချင်လို့ပါ"

မာရီယာက အနည်းငယ် ပြုံးလိုက်သည်။

"ဆရာမေးတာကို မဖြေခင် ကျွန်မက ဆရာကို တစ်ခုလောက် တော့ ပြန်မေးချင်ပါတယ်"

"မေးနိုင်ပါတယ်"

"ဆရာ ပန်းချီရေးတဲ့နေရာမှာ လက်နဲ့ ရေးတာလား၊ ဒါမှ မဟုတ် စိတ်နဲ့ ရေးပါသလား"

"ကျွန်တော် စိတ်နဲ့ပဲ ရေးပါတယ်၊ အလှတစ်ခုကို ကြည့်ရင်


www.burmeseclassic.com

www.burmeseclassic.com


လည်း သာမန်မျက်လုံးနဲ့ ကြည့်တာထက် အတွင်းအဖွဲ့တွေမှာ ပေါ်လာတဲ့ ခံစားမှုအာရုံနဲ့ပဲ ကြည့်တတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ဆရာမေးတဲ့မေးခွန်းကို ဖြေပေးပါ့မယ်၊ ကျွန်မ ဒီကိုလာနေတဲ့ ရည်ရွယ်ချက်က ဆရာသခင်ဆီက ကျင့်စဉ်တွေ သင်ယူပြီး ကိုယ်ခန္ဓာအတွင်းမှာ ရှိတဲ့ နဒီလို့ ခေါ်တဲ့ စွမ်းအားတွေ တိုးတက်လှုပ်လာအောင် လာရောက်လေ့ကျင့်နေတာ ဖြစ်ပါတယ်"

ထိုစကားကြားတော့ အနည်းငယ် အံ့ဩမိလေသည်။

"ကိုယ်ဟန်ပြတဲ့အလုပ်နဲ့ နဒီစွမ်းအားလေ့ကျင့်မှုတွေက ဘယ်လိုများ သက်ဆိုင်နေလို့ပါလဲ"

"အနုပညာလုပ်ငန်းမှန်သမျှ လက်နဲ့ ဖန်တီးတာထက် စိတ်စွမ်းအားနဲ့ ဖန်တီးတာတွေက ပိုပြီးအနုပညာမြောက်လေ့ ရှိပါတယ်၊ ပန်းချီကားချပ်တစ်ချပ်ကို ခံစားမှု မပါဘဲနဲ့ ဆွဲထားရင် အရုပ်သက်သက် ရှိနေမှာပေါ့၊ ခံစားမှုနဲ့ စိတ်အာရုံထည့်ပြီး ဆွဲမှ အသက်ဝင်လာမှာ မဟုတ်ဘူးလား ဆရာ"

"ဟုတ်ပါတယ်"

"အခြားမကြည့်ပါနဲ့. . . (၁၅)ရာစုလောက်ကတည်းက ကမ္ဘာကျော်ခဲ့တဲ့ လီယိုနာဒိုဒါဗင်းချီရဲ့မိုနာလီဇာပန်းချီကားရဲ့ အပြုံးမျက်နှာရဲ့ အဓိပ္ပာယ်ကို အခုထိ ဆန်းစစ်ဝေခွဲလို့ မရနိုင်လောက်အောင် အသက်ဝင်နေခဲ့တယ် မဟုတ်လား၊ ရှုထောင့်တစ်ခုနဲ့တစ်ခု ပြောင်းကြည့်တိုင်း အဓိပ္ပာယ်တစ်မျိုးစီ ထွက်နေလို့ အခုအချိန်ထိ ပညာရှင်တွေ အဓိပ္ပာယ်အမှန်ကို အဖြေရှာလို့ မရသေးတာ မဟုတ်လားဟင်"

"မာရီယာ ပြောတာ မှန်ပါတယ်၊ လီယိုနာဒိုဒါဗင်းချီဟာ မိုနာလီဇာပန်းချီကားကို လက်နဲ့ မဆွဲပဲ စိတ်အာရုံနဲ့ ဆွဲခဲ့တာပါပဲ၊ တကယ်တော့ ပန်းချီကားထဲက အမျိုးသမီးမျက်နှာဟာ အခြားသူ မဟုတ်ပါဘူး လီယိုနာဒိုဒါဗင်းချီရဲ့မျက်နှာပါပဲ"


www.burmeseclassic.com

www.burmeseclassic.com


ထိုစကားကြားသောအခါ မာရီယာက သဘောကျစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်လေသည်။

"ဆရာက ဝါသနာရှင်တစ်ယောက်ဆိုပေမယ့် ပန်းချီပညာ အကြောင်းကို အတော်ကလေး နှံ့စပ်ကျွမ်းကျင်တဲ့သူဆိုတာ ကျွန်မသိပါတယ်၊ တစ်ခုတော့ မေးပါရစေ၊ ပန်းချီကားထဲမှာ အမျိုးသမီးတစ်ယောက်မျက်နှာ ဖြစ်ပါရက်နဲ့ ဘာကြောင့် လီယိုနာဒို ဒါဗင်းချီရဲ့မျက်နှာလို့ ပြောနိုင်ရတာလဲ"

"မျက်နှာအနေအထားချင်း မတူပေမယ့် မျက်လုံးမှာ အသက်ဝင်နေတဲ့ ခံစားမှုက ပန်းချီဆရာရဲ့ခံစားမှုပဲ ဖြစ်ပါတယ်၊ မှန်တစ်ချပ်ကို ရှေ့မှာ ထောင်ပြီး အာရုံစူးစိုက်ပြီး ကြည့်လိုက်ရင် မှန်ထဲက ပြန်ထွက်လာတဲ့ ပုံရိပ်အလင်းရောင်တစ်ခုလိုပါပဲ၊ မိုနာလီဇာ ပန်းချီကားတစ်ခုလုံးမှာ အသက်ဝင်နေတဲ့နေရာနှစ်နေရာ ရှိပါတယ်၊ မျက်လုံးနဲ့ အပြုံးပါပဲ၊ အပြုံးက အမျိုးသမီးရဲ့အပြုံးဖြစ်ပေမယ့် မျက်လုံးမှာ ပေါ်နေတဲ့ ခံစားမှုပုံရိပ်ကတော့ ပန်းချီဆရာ ရေးတဲ့သူရဲ့ခံစားမှုပုံရိပ်ပဲ ဖြစ်ပါတယ်"

"ဆရာပြောတာ အမှန်ပါပဲ၊ အချို့ပညာရှင်တွေက မိုနာလီဇာ ပန်းချီကား မူပွားတစ်ခုမှာ လီယိုနာဒိုဒါဗင်းချီရဲ့နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ဆံပင်မွေးတွေ တပ်ကြည့်တဲ့အခါ သူ့မျက်နှာနဲ့ တစ်ထေရာတည်း တူနေတာကို တွေ့ရတယ်လို့ ကြားဖူးပါတယ်"

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့နှစ်ယောက် စကားလက်ဆုံကျနေကြသည်ကို နံဘေးမှာ ရှိနေသော အမီတာမှာ တစ်ခွန်းမှ ဝင်မပြောဘဲ တအံ့တဩ ဖြစ်နေလေသည်။

"ဒါထက် စောစောက မေးခွန်းကိုပဲ ထပ်မေးရဦးမယ်၊ အခု မာရီယာ ကျင့်နေတဲ့ ယောဂကျင့်စဉ်တွေက ဘယ်လိုကျင့်စဉ်မျိုးတွေလဲ၊ နောက်ပြီး ကိုယ်ဟန်ပြတဲ့အလုပ်နဲ့ရော ဘယ်လိုဆက်စပ်မှု ရှိပါသလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလုပ်နေတဲ့ ကိုယ်ဟန်ပြတဲ့အလုပ်က အနုပညာ လုပ်ငန်းတစ်ခု မဟုတ်ပါလား ဆရာ"

"ဟုတ်ပါတယ်"

"ကိုယ်ဟန်ပြတဲ့သူတစ်ယောက်ဟာ တစ်နေရာတည်းမှာ ပုံစံအနေအထား မပြောင်းဘဲနဲ့ နှစ်နာရီသုံးနာရီကြာအောင် ငြိမ်သက်စွာ နေနိုင်ဖို့အတွက် ခန္ဓာကိုယ် ကြံ့ခိုင်ဖို့အတွက် ယောဂကျင့်စဉ်တွေက အထောက်အကူပြုပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"အနုပညာနဲ့ ပတ်သက်ပြီး နောက်ထပ်လေ့ကျင့်မှုတစ်ခုကတော့ စိတ်စွမ်းအင်လေ့ကျင့်မှုပဲ ဖြစ်ပါတယ်၊ အဲဒါကို နဒီစွမ်းအားလေ့ကျင့်မှုလို့ ခေါ်ပါတယ်"

နေသည် လနှင့် ပေါင်းစည်းသောအခါ ဣဋ(Ida)ခန္ဓာကိုယ်၏လက်ဝဲဘက်တွင် တည်နေသော စွမ်းအင်လမ်းကြောင်း (Left energy channel of the human body)နှင့် ပိင်္ဂလ(Pingala) ခန္ဓာကိုယ်၏လက်ယာဘက်တွင် တည်နေသော စွမ်းအင်လမ်းကြောင်း (Right energy channel of the human body)တို့သည် အညီအမျှ စီးဆင်းကြသောအခါ အညီအညွတ် ပေါင်းစည်းမှုကို သံဒယ (Sandhya) သို့မဟုတ် သုသုံဏာ(Sushumna)ဟု ခေါ်ပါသည်။

သုသုံဏာသည် သံဒယဘာသ ဘာသာစကား ပေါက်ဖွားခဲ့သည့် ဝမ်းကြာတိုက်မှ မိခင်ကြီးဖြစ်သည်။ သုသုံဏာ၏ ထိုအချိန်ကာလအတွင်း ယောဂီသည် အမြင့်မြတ်ဆုံးသော ရှင်လန်းမှု အရသာကို ရရှိသည်။ ထိုရှင်လန်းမှုအရသာကို မည်သူမဆို အသိစိတ် ရှိလျက်ဖြင့်ပင် အတွေ့အကြုံ ရယူနိုင်ပါသည်။

ယောဂီတစ်ဦးနှင့် အခြားကျွမ်းကျင်သူပညာကျော်များ စကားပြည် ပြောဆိုကြသောအခါ အခြားသောသူများ နားလည်မည်သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရန် ခက်ခဲမည်ဖြစ်ကြောင်း ပြောဆိုကြပါသည်။

ဝေဒကျမ်းလာ ဂါထာလင်္ကာပိုဒ်များကို သီဆိုကျူးရင့်ခြင်းဖြင့် ဆီလျော်သောနည်းလမ်း၏အသိပညာကို တဖြည်းဖြည်း လျော့ပါးသွားစေသည်။

အဘယ်ကြောင့်ဆိုသော် ဝေဒကျမ်းများနှင့် သဒ္ဒါနည်းသည် သက္ကတဘာသာစကားမှ ခြားနားချက် ရှိသောကြောင့်တည်း။ ဝေဒကျမ်းများ၏သဒ္ဒါကို နိရုတ္တ(Nirukta)ဟု ခေါ်သည်။

ထိုနည်းတူစွာ သံဒယဘာသ၏ သဒ္ဒါသည် အသံများ (Sounds)ပေါ်တွင် လုံးဝအခြေခံပြုထားပြီး လျော့ပါးသွားသည်။

ဂန္ဓဝင်တေးသီချင်းများဆိုင်ရာ ဂီတပညာရှင်များသည် အသံများနှင့် အသံအနိမ့်အမြင့်သဘော(pitch)တို့ကို သင်္ကေတနုတ်များ (notes)ကို သံဒယဘာသတွင် အသုံးပြုသည်။ အသံများမှ ထုတ်ယူနိုင်ပါသည်။

၎င်းကို ဒေဝတာ ဘာသာစကား(the language of devas) ဟု ခေါ်ပါသည်။

ယခုဖော်ပြချက်များတွင်. . .

ဣဋ္ဌ(Ida)ခန္ဓာကိုယ်၏လက်ဝဲဘက် စွမ်းအင်လမ်းကြောင်း၊

ပိင်္ဂလ(Pingala) ခန္ဓာကိုယ်၏လက်ယာဘက် စွမ်းအင်လမ်းကြောင်း၊

သုသုံဏာ(Sushumna) လိုအပ်သော အသက်ရှူမှုကို အသိစိတ်နှင့် ပြုလုပ်ခြင်းဖြင့် အသက်သွေးခဲသဖွယ်ဖြစ်သော စွမ်းအားနိုးကြလာခြင်း။

ဒေဝ(devas) ထူးချွန်ထက်မြက်သူများဟူ၍ အထက်ပါ ဝေါဟာရများကို အဓိပ္ပာယ်ကောက်ယူ အသုံးပြုထားပါသည်။

ထိုစွမ်းအင်လေ့ကျင့်မှုများမှာ အနုပညာလုပ်ငန်းများ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရာတွင် များစွာအထောက်အကူပြုသော စွမ်းအင်လှေ့ကျင့်ခန်းများ ဖြစ်ပေသည်။

မာရီယာက နဒီစွမ်းအားနှင့် ပတ်သက်သည့်အချက်များကို ပြောပြသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာကျေနပ်သွားလေသည်။

"ကျွန်တော်လည်း ပန်းချီပညာကို ဝါသနာပါလို့ လေ့လာခဲ့တာ အတော်ကြာပါပြီ၊ ကိုမင်းထင်ကျော်နဲ့ မာရီယာတို့ ပြောပြတာတွေ နားထောင်တော့မှပဲ ကိုယ်မသိသေးတာတွေ အများကြီး ရှိပါသေးလား ဆိုတာ သိရတော့တယ်ဗျာ"

ဟု အမီတာက ပြောသည်။

ထို့နောက်. . .

ညနေပိုင်းအချိန်မှာပင် မာရီယာကိုပါ တစ်ပါတည်း ခေါ်ဆောင်လာပြီးနောက် နေရဋ္ဌရာကမ်းပါးမှ ပြန်ခဲ့ကြလေသည်။

နေညိုချိန် ဆည်းဆာရောင်များ ဖြာဆင်းနေသော နေရဋ္ဌရာမြစ်အလှမှာ ရောင်စုံပန်းချီကားတစ်ချပ်ကဲ့သို့ လှပတင့်တယ်စွာ ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၄)

# အိပ်မက်ထဲမှ ဝိညာဉ်

ဒေါက်တာမင်းထင်ကျော် ပန်းချီဆွဲရန်အတွက်အခန်းကို ဟူဂလီမြစ်ကမ်းနှင့် မဝေးလှသောနေရာတွင် ရှိသည့် သီးသန့်အခန်း တစ်ခန်းကို အမီတာက စီစဉ်ပေးလေသည်။

ထိုနေရာမှာ သစ်ရိပ်များ ကောင်းသော ခြံကျယ်တစ်ခု ဖြစ်ပြီး အဆောက်အဦမှာလည်း ရှေးဟောင်းအဆောက်အအုံတစ်ခုပင်ဖြစ်၏။

အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်ကာလက ဘန်ဂလိုအဖြစ် အသုံးပြုခဲ့သော အဆောက်အအုံဖြစ်ပြီး ယခုတော့ လူမနေဘဲ ထားခဲ့


www.burmeseclassic.com

www.burmeseclassic.com


သည်မှာ အတော်ကြာမြင့်ခဲ့ပြီဖြစ်ပေသည်။

အခန်းထဲမှာ သာမန်အသုံးအဆောင်ပစ္စည်းအချို့သာ ရှိပြီး အခြားထွေထွေထူးထူးတော့ ဘာမှမရှိပေ။ ကျယ်ဝန်းသောအခန်း ပတ်လည်၌ လေဝင်လေထွက်ကောင်းသော ပြတင်းပေါက်များနှင့် မှန်တံခါးချပ်များ တပ်ဆင်ထားသည်။

အလင်းရောင် ကောင်းစွာရသည့်အပြင် နေရောင်ခြည်ကိုလည်း ကောင်းစွာရနိုင်သည့်အခန်းမျိုး ဖြစ်ပေသည်။ အမီတာက ဒေါက်တာမင်းထင်ကျော်အတွက် ပန်းချီဆွဲရန်ပစ္စည်းများမှအစ အခြားလိုအပ်သောပစ္စည်းများကို လိုလေသေး မရှိအောင် ထည့်ပေးထားလေသည်။

"ကိုမင်းထင်ကျော် လိုအပ်တာရှိရင် ကျွန်တော့်ဆီကို တယ်လီဖုန်းသာ ဆက်လိုက်ပါ။ ကျွန်တော်လည်း ဒီရက်အတွင်းမှာ ပန်းချီကားရေးဆွဲဖို့ ပြင်ဆင်ရဦးမယ်"

"အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ် အမီတာ"

"ရပါတယ်ဗျာ. . . ဒါတွေက ပြောနေရမယ့်ကိစ္စတွေ မဟုတ်ပါဘူး၊ ခင်ဗျား အခုလို လာပြီးကြိုးစားတာကိုပဲ ကျွန်တော်က ဝမ်းသာဂုဏ်ယူနေတာဗျ၊ တကယ်လို့သာ ဒီပြပွဲမှာ ကျွန်တော်တို့ ပန်းချီကားတွေ စွံသွားရင်တော့ ဘာပြောစရာ ရှိတော့မလဲဗျာ"

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

၎င်းပြန်သွားပြီးသည့်နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က ပန်းချီဆွဲရန်အခန်းကို သေချာကျနစွာ ပြင်ဆင်လေတော့သည်။

မာရီယာကတော့ သူမတို့ သားချင်းတော်သောအိမ်မှာ ရှိနေပြီး ကိုယ်ဟန်ပြရန်အချိန်နီးမှ ရောက်လာမည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



သူမ တည်းခိုနေသော ကာလကတ္တားမြို့စွန်ဘက်မှာ ရှိပြီး မော်တော်ကားနှင့် သွားပါက ရောက်နိုင်သောနေရာ၌ ရှိပေသည်။

နံနက်ပိုင်းအချိန်မှာပင် မာရီယာ ရောက်လာလေသည်။ သူမသည် ရိုးရိုးယဉ်ယဉ်ပင် ဝတ်ဆင်ထားပြီး အပိုပစ္စည်းဆို၍ လွယ်အိတ်တစ်လုံးသာ ပါလေသည်။

"အော်. . . မာရီယာ ရောက်လာပြီလား၊ အတွင်းကိုသာ လာပါ"

ဒေါက်တာမင်းထင်ကျော်က သူမကို ပန်းချီဆွဲရန် ပြင်ဆင်ထားသည့်အခန်းတွင်းသို့ခေါ်သွားလေသည်။

"ချိန်းထားတဲ့အချိန်ထက် နည်းနည်းနောက်ကျသွားတဲ့အတွက် ခွင့်လွှတ်ပါ ဆရာ"

"ရပါတယ်ဗျာ. . . ဘာကြောင့် နောက်ကျတာလဲ၊ ကားနဲ့ လာရတာ အဆင်မပြေလို့လား၊ တကယ်လို့ ကားနဲ့ သွားလာရတာ အခက်အခဲရှိရင် ကျွန်တော် အကြိုအပို့ လုပ်ပေးနိုင်ပါတယ်"

"ဒီအတွက် မဟုတ်ပါဘူး ဆရာ၊ ကာလကတ္တားမှာ ရှိကြတဲ့ ပန်းချီဆရာအချို့က ကျွန်မ ကာလကတ္တားကို ရောက်နေမှန်း သိကြတာနဲ့ ချက်ချင်းရောက်လာပြီး ကိုယ်ဟန်ပြပေးဖို့ လာငှားကြလို့ပါပဲ"

"ဒီလိုဆိုရင် သူတို့ထက် လက်ဦးမှု ရထားတဲ့ ကျွန်တော့်အတွက်တော့ အတော်ကလေး ကံကောင်းတာပေါ့နော်"

"ဆရာ့အလုပ်ကို လက်မခံရသေးတဲ့အချိန်မှာ သူတို့ လာခေါ်ရင်လည်း ကျွန်မ သဘောကျမှ လက်ခံတာဆိုတော့ အဆင်ပြေချင်မှ ပြေမှာပါ၊ ကဲ. . . ကျွန်မဘက်ကတော့ အဆင်သင့်ဖြစ်ပါပြီ၊ ဆရာ့ဘက်က အဆင်သင့်ဖြစ်ပြီဆိုရင်တော့ အလုပ်စလို့ရပါပြီ"

မာရီယာက အခြားအကြောင်းများကို စိတ်ဝင်စားဟန် မရှိ အလုပ်အတွက်သာ အာရုံစူးစိုက်မှု ရှိနေသောကြောင့် ဒေါက်တာမင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ကလည်း စကားကို ဖြတ်ပြီး ပန်းချီစတင်ဆွဲရန် ပြင်ဆင်ရတော့သည်။

"ဆရာ. . . ကျွန်မ ဘယ်လိုအဝတ်အစားမျိုးနဲ့ ကိုယ်ဟန်ပြပေးစေချင်ပါသလဲ"

"မာရီယာရဲ့ခန္ဓာကိုယ်အလှနဲ့ မျက်နှာအလှ ပေါ်လွင်အောင်ကိုယ်ဟန်ပြပေးရင် အဆင်ပြေပါတယ်"

ဒေါက်တာမင်းထင်ကျော်အနေနှင့် ယခင်ကလည်း ကိုယ်ဟန်ပြမယ်များနှင့် ပန်းချီရေးဆွဲခဲ့ဖူးသည်။

ထိုကဲ့သို့ အမေးမခံရသဖြင့် စိတ်ထဲမှာ အံ့ဩနေမိလေသည်။

အတန်ကြာတော့ မာရီယာက အဝတ်အစားလဲပြီး အပြင်သို့ပြန်ထွက်လာသည်။

သူမသည် ပါးလွှာသော အဖြူရောင် ပိုးသားဝတ်စုံကို တစ်ထပ်တည်း ပတ်၍ ထွက်လာသောကြောင့် သူမ၏ခန္ဓာကိုယ် အချိုးအဆစ်အလှများကို အတိုင်းသား မြင်နေရရာ ဒေါက်တာမင်းထင်ကျော်မျက်နှာထူပူသွားလေတော့သည်။

မာရီယာကတော့ မည်သို့မျှ ထူးခြားမှု ရှိဟန်မတူဘဲ ဒေါက်တာမင်းထင်ကျော်အနီးသို့ လျှောက်လာပြီး ရပ်ပြသည်။

"ဒီလိုအဝတ်အစားနဲ့ဆိုရင် ရပြီလား ဆရာ"

"ရ. . ရပါပြီ"

လေသံက အနည်းငယ် တိုးဝင်နေပြီး အထစ်ထစ် အငေါ့ငေါ့ဖြစ်နေလေသည်။

"ဆရာက ကျွန်မရဲ့အလှကို ဖျက်ဆီးဖို့ ငွားရမ်းထားတာမဟုတ်တာ၊ ကျွန်မရဲ့အလှကို အစစ်အမှန် ဖော်ထုတ်ပေးမယ့်သူ ဆိုတော့ အခုချိန်ကစပြီး စိတ်တိုင်းကျ ကြည့်နိုင်ပါပြီ"

ဟု တည်ငြိမ်သောအပြုံးဖြင့် ပြောလေရာ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လည်း လှုပ်ရှားသွားသောစိတ်ကို ထိန်းချုပ်ပြီး မာရီယာကို မည်သို့မည်ပုံ အနေအထားဖြင့် ထိုင်ပေးရန် စေခိုင်းပြီး ပန်းချီဆွဲခြင်းကို စတင်လေတော့သည်။

တကယ်တော့ မာရီယာမှာ ၎င်းအလုပ်ဖြစ်သော ကိုယ်ဟန်ပြခြင်းအလုပ်ကို စိတ်ပါဝင်စားမှု ရှိပြီး ကျွမ်းကျင်သူတစ်ယောက်ပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ပန်းချီကားကို စတင်ပုံလောင်းစဉ် ကတည်းကပင် စိတ်ရော အာရုံကိုပါ နစ်၍ လုပ်ကိုင်လေရာ အချိန်မည်မျှကြာသည်ကိုပင် သတိမရတော့ပေ။

မာရီယာမှာ ဒေါက်တာမင်းထင်ကျော် အလိုရှိသည့်အတိုင်း ကိုယ်ဟန်ပြပေးရာ တစ်ခါတစ်လေ တစ်နာရီနှစ်နာရီ ကြာသည်အထိ အချိန်ကြာမြင့်သော်လည်း တစ်စက်ကလေးမှ မလှုပ်ဘဲ ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ထိုင်ပေးလေသည်။

တစ်ခါတစ်ရံ ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌ မိမိရှေ့မှာ ကိုယ်ဟန်ပြပေးနေသော မာရီယာမှာ အသက်ဝိညာဉ်မှ ရှိပါလေစ. . ။

ဒါမှမဟုတ် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေပြီလားဟု ထင်မိလေသည်။

အလုပ်နားသောအချိန်တွင် မာရီယာက နေရာမှ ထလာပြီး စောင်တဘက်တစ်ထည်ကို ကိုယ်ပေါ်မှာ ပတ်ထားပြီးနောက် ဒေါက်တာမင်းထင်ကျော်နှင့် ပြုံးပြုံးရွှင်ရွှင်နှင့်ပင် စကားပြောဆိုလေသည်။

"ကျွန်မ ကိုယ်ဟန်ပြပေးတာ အဆင်ပြေရဲ့လား ဆရာ"

"ပြေပါတယ်. . . ကျွန်တော် တွေ့ဖူးသမျှ ကိုယ်ဟန်ပြမယ်တွေထဲမှာတော့ မာရီယာက အတော်ဆုံးပါပဲ၊ ဒီလောက် နာရီပေါင်းများစွာ မလှုပ်မယှက် ထိုင်ပေးရတာ မပင်ပန်းဘူးလား"

"ဆရာကို ကိုယ်ဟန်ပြပေးနေတဲ့အချိန်မှာ ကျွန်မရဲ့ဝိညာဉ်က



www.burmeseclassic.com

www.burmeseclassic.com


တစ်နေရာကို ရောက်နေတာ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ခန္ဓာကိုယ် ပင်ပန်းမှုကို မသိတော့တာ ဖြစ်ပါတယ်”

“မင်း ယောဂကျင့်စဉ်တွေ ဘာကြောင့် ကျင့်တယ်ဆိုတာ အခု တော့ သဘောပေါက်ပါပြီ၊

ဒီအလုပ်ဟာ မင်းနဲ့ အထိုက်တန်ဆုံးအလုပ်ပါပဲ”

ထိုသို့ပြောသောအခါ မာရီယာက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မာရီယာ၏ပုံတူ ပန်းချီကားကို တစ်နေ့လုံး ရေးဆွဲပြီး ညနေပိုင်း နားသောအချိန်မှပင် မာရီယာက အဝတ်အစား ပြန်လဲကာ သူမ တည်းခိုသောအိမ်သို့ ပြန်သွားလေ သည်။ ညအချိန်ရောက်၍ တစ်ယောက်တည်း ရှိနေသောအချိန်မှပင် မိမိရေးဆွဲနေသော ပန်းချီကားကို တစိမ့်စိမ့်ကြည့်ကာ ကျေနပ်နေမိ လေသည်။

၎င်းရေးဆွဲနေသော မာရီယာ၏အလှမှာ လျှို့ဝှက်လွန်းသော အလှမျိုးဖြစ်သည်။ တစိမ့်စိမ့် ကြည့်လေလေ. . . အသက်ဝင်လာလေ လေဖြစ်သည်။

ပန်းချီကား ရေးဆွဲနေသော အချိန်ကာလအတွင်း ပန်းချီခန်း အတွင်းသို့ မာရီယာတစ်ယောက်မှလွဲ၍ မည်သူ့ကိုမျှ ဝင်ခွင့်မပေးချေ။

တစ်ခါတစ်ရံ လိုအပ်သည်များကို လာပို့ပေးသော အမိတာကို ပင် အခန်းထဲသို့ ဝင်ခွင့်မပေးပေ။

အမိတာကလည်း ပန်းချီသမားအချင်းချင်း အလိုက်သိစွာဖြင့် ထိုအခန်းတွင်းသို့ မဝင်ပေ။

ပန်းချီကားကို ရေးဆွဲနေမှု အတန်အသင့်ပြီးသော ညတစ်ည မှာတော့ ထူးခြားမှုတစ်ခုကို စတင်တွေ့ရသည်။

ထိုနေ့က သုံးရက်မြောက်သောနေ့ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ညအချိန် တစ်ယောက်တည်း အတွေးကောင်းနေစဉ် ပိတ်ထားသောပန်းချီခန်းအတွင်းမှ လှုပ်ရှားသွားလာနေသော ခြေသံလိုလိုကြားလိုက်သည်။

ပန်းချီဆွဲသောအခန်းနှင့် သူအိပ်သောအခန်းမှာ အခန်းချင်းကပ်နေသောကြောင့် တစ်ဖက်ခန်းမှ လှုပ်ရှားသံများကို အတိုင်းသားကြားနေရခြင်းဖြစ်၏။

"ရှပ်. . . ရှပ်. . . ရှပ်"

အသံမှာ ဖွဖွလေး နင်းလျှောက်သွားသောခြေသံမျိုး ဖြစ်လေသည်။

ပထမတော့ တိရစ္ဆာန်တစ်ကောင်ကောင်များ ဝင်ရောက်နေသလားဟု ထင်လိုက်မိသေးသည်။

အသေအချာ နားထောင်ကြည့်တော့ တိရစ္ဆာန်ခြေသံမျိုးမဟုတ်ဘဲ လူခြေသံမှန်း သိသောအခါ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားမိသည်။

"ပန်းချီခန်းထဲ ဘယ်သူများ ရောက်နေတာပါလိမ့်"

ဟု တွေးပြီး ခေါင်းအုံးဘေးမှာ ရှိသော သေနတ်နှင့် လက်နှိပ်မီးကို ယူကာ ပန်းချီခန်း ရှိရာဘက်သို့ ခြေဖွ၍နင်းကာ လျှောက်လာလေသည်။

တံခါးပေါက်ဝ ရောက်တော့ ချက်ချင်း တံခါးကို မဖွင့်သေးဘဲ နားစွင့်ကြည့်လိုက်သည်။

တိတ်ဆိတ်နေသောအချိန်မို့ အခန်းတွင်းမှ ခြေသံကို ခပ်သဲ့သဲ့ကလေး ကြားနေရသည်။

သို့ကြောင့် တံခါးကို အသံမကြားအောင် တွန်းဖွင့်လိုက်သည်။ အခန်းထဲမှာ အားနည်းလှသော မီးပွင့်တစ်လုံးသာ ထွန်းထားသောကြောင့် အလင်းရောင် မှုန်ဝါးဝါးမျှသာ ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ညင်သာစွာ တွန်းဖွင့်ပြီး ဟ,သွားသောအခါ အတွင်းခန်းသို့ လှမ်းကြည့်လိုက်သည်။

သူရေးဆွဲနေသော ပန်းချီကားချပ်ရှေ့မှာ ထိုင်နေသော ပုံရိပ်တစ်ခုကို ဝိုးတဝါး လှမ်းမြင်ရသည်။

"ဟင်. . ."

ထိုပုံရိပ်၏ပုံသဏ္ဍာန်မှာ သူ့ဘက်သို့ ကျောပေးထားသော်လည်း မာရီယာ၏ပုံသဏ္ဍာန်မှန်း စိတ်ထဲမှာ အလိုလို သိနေသည်။

သူမ ဝတ်ဆင်ထားသောဝတ်ရုံမှာ ကိုယ်ဟန်ပြပေးစဉ် အသုံးပြုသော ဝတ်ရုံအပါးပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ ပန်းချီကားရှေ့မှာ မာရီယာ၏ပုံရိပ်ကို တွေ့နေရသော်လည်း အံ့သြရုံမှတပါး စိတ်တွင်းမှ ကြောက်ရွံ့တုန်လှုပ်မှုမျိုးတော့ မဖြစ်မိပေ။

အတန်ကြာသောအခါ ပန်းချီကားရှေ့၌ ထိုင်နေသော ပုံရိပ်သဏ္ဍာန်မှာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် မျက်စိထဲမှာတော့ အစိုင်အခဲတစ်ခု အရည်ပျော်သွားသကဲ့သို့သော်လည်းကောင်း၊ မီးခိုးငွေ့များ ဝေ့ဝါးပျောက်ကွယ်သွားသည့်ကဲ့သို့သော်လည်းကောင်း ပုံသဏ္ဍာန်တူလှသည်ဟု ထင်မိပေသည်။

အတန်ကြာသောအခါ အခန်းထဲမှာ ပုံမှန်အတိုင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီးနောက် မိမိအိပ်ခန်းရှိရာသို့ ပြန်လာလေသည်။

ထိုညအဖို့တော့ အိပ်ယာပေါ် ပြန်ရောက်လာသည့်တိုင် တော်တော်နှင့် အိပ်မပျော်ဘဲ မာရီယာ၏အကြောင်းကိုသာ တွေးတောနေမိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးတောနေသောကြောင့် အတော်ညဉ့်နက်မှ မှေးကနဲ အိပ်ပျော်သွားလေသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းမျိုး မဟုတ်ဘဲ ပျော်တစ်ဝက် နိုးတစ်ဝက်နှင့် ရှိနေစဉ် အိပ်မက်လိုလိုနှင့် မာရီယာကို ပြန်တွေ့ရသည်။

မာရီယာသည် ကိုယ်ဟန်ပြပေးစဉ်က ပုံစံနှင့်ပင် ရောက်လာခြင်းဖြစ်သည်။

"ဟင်. . . မာရီယာပါလား၊ မင်း စောစောကလည်း ဒီနေရာကို ရောက်လာခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . ပန်းချီကားကို လာကြည့်တာပါ"

"ဘယ်လိုမြင်သလဲ ပြောပါဦး"

"ကျွန်မရဲ့ရုပ်နဲ့ကိုယ်ဟန်ကို ရေးဆွဲထားတာကတော့ ပြောစရာ မရှိပေမယ့် မျက်နှာပေါ်က ခံစားမှုကို ရေးတာတော့ ဘာမှမတွေ့ရသေးဘူး၊ ဆရာက ကျွန်မကိုယ်ဟန်ပြပြီး ပန်းချီရေးတာ ဓာတ်ပုံရိုက်ထားသလို အားလုံးတူနေပေမယ့် အရုပ်ကြီးနဲ့ တူနေသလိုမျိုး ရေးမှာတော့ မဟုတ်ပါဘူးနော်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မဟုတ်ပါဘူး. . . ပန်းချီကားနဲ့ တူအောင်ရေးမှာပါ၊ မျက်နှာပေါ်က ခံစားချက်ကိုတော့ အပြီးသတ်တော့မှ ရေးဖို့ ချန်ထားတာပါ"

"ဆရာက ဘယ်လိုခံစားချက်မျိုး ရေးချင်တာလဲ"

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းပြန်မပြောဘဲ အတန်ကြာအောင် စဉ်းစားနေသည်။

"ပြောပါ ဆရာ"

"ကျွန်တော်လိုချင်တဲ့ ခံစားမှုမျိုးက သာမန်တော့ မဟုတ်ဘူး၊ ဒါပေမယ့် မာရီယာကတော့ လုပ်ပေးနိုင်မယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခံစားမှုမျိုးလဲ"

"တမလွန်ဘဝကနေ ပြန်လည်လွမ်းဆွတ်နေတဲ့မျက်နှာ အမူအယာမျိုး လိုချင်တယ်"

ထိုစကားကြားသောအခါ အတော်ကြာအောင် ငြိမ်သက်သွားသူမှာ မာရီယာဖြစ်သည်။

အတန်ကြာမှ. . .

"ကျွန်မ ကိုယ်ဟန်ပြတဲ့အလုပ်ကို လုပ်ပေးခဲ့တာ အတော်ကြာခဲ့ပါပြီ၊ အဲဒီကာလတစ်လျှောက်လုံးမှာ တောင်းဆိုမှုတွေ အများကြီးနဲ့ ကြုံခဲ့ရပါတယ်၊ လွမ်းဆွတ်ကြေကွဲတာတို့ အချစ်နဲ့ ပတ်သက်ပြီး ခံစားရတာတို့ အများကြီးပါပဲ၊ ဒါပေမယ့် ဆရာပြောတဲ့ ခံစားချက်မျိုးတော့ တစ်ခါမှ မကြားခဲ့သေးဘူး၊ ဘယ်သူကမှလည်း မတောင်းဆိုခဲ့ဘူး"

"ကျွန်တော်ပြောတာ လုပ်ပေးနိုင်ပါ့မလားဟင်"

"ကျွန်မ ကြိုးစားပေးပါ့မယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မလည်း ဒီလိုထူးထူးဆန်းဆန်းကိစ္စမျိုးတွေကို စိတ်ဝင်စားမှု ရှိပါတယ်၊ ဆရာ့ပန်းချီကား အဲဆုံးသတ်ကာနီးရင် ကျွန်မလုပ်ပေးပါ့မယ်"

ဟု ကတိပေးကာ မာရီယာက ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အိပ်ပျော်ရာမှ ပြန်နိုးလာသောအခါ အိပ်မက်အကြောင်းကို တွေးတောနေမိသည်။

"ငါ စိတ်စွဲနေလို့ ဒီအိပ်မက်မျိုး မက်တာများလား၊ မာရီယာကတော့ ငါဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးမယ်လို့ ကတိပေးသွားတယ်၊

ဝိညာဉ်တစ်ယောက်ရဲ့လွမ်းဆွတ်မှုမျိုးကို သူ ဘယ်လိုများ လုပ်ပေးနိုင်မှာပါလိမ့်၊

ဘာပဲဖြစ်ဖြစ် ငါလိုချင်တဲ့ ခံစားမှုမျိုးသာ ရခဲ့ရင်တော့ ဒီပန်းချီကားဟာ မုချ ကမ္ဘာ့တန်းဝင် ပန်းချီကားတစ်ချပ်ဖြစ်လာမှာပဲ"

ဟု တစ်ယောက်တည်း တွေးတောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက အိပ်ပျော်ရန် ကြိုးစားသော်လည်း မရတော့သဖြင့် အဝတ်အစားလဲကာ ဟူဂလီမြစ်ကမ်းဘက်သို့ ထွက်လာခဲ့လေသည်။

ဆောင်းလ၏ညချမ်းမှာ နှင်းပုဝါကို ခပ်ပါးပါးသာ ခြုံလွှမ်းထားပြီး အအေးဓာတ်အချို့ကို ပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၅)

# အချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းလဲ့ပြာပြာ

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာပင် အိမ်ရှေ့မှ မော်တော်ကားတစ်စင်း စက်ရပ်သံကို ကြားရသည်။ မရှေးမနှောင်းမှာပင် တံခါးခေါက်သံ ကြားရသဖြင့် သွားဖွင့်ပေးလိုက်သည်။

တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေးသော လူသုံးယောက်ကို တွေ့ရသည်။

နှစ်ယောက်က ကုလားကပြားဖြစ်ပြီး ကျန်တစ်ယောက်ကတော့ မြန်မာရုပ်ရည်မျိုးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်လာသူက အသက်ငါးဆယ်ခန့်အရွယ် ရှိပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများအပြင် ဆံပင်ရှည်က ပခုံးအထိ ဝဲကျနေသည်။

မျက်မှန်ကိုင်းထူထူတစ်လက် တပ်ထားပြီး ကြည့်ရုံနှင့်ပင် အနုပညာသမားတစ်ယောက်မှန်း သိသာပေသည်။

"ဘာကိစ္စများ ရှိကြလို့ပါလဲ"

"ကျုပ်တို့က ပန်းချီဆရာတွေပါပဲ၊ ဒါထက် မိတ်ဆွေက မြန်မာပြည်က လာတဲ့ ပန်းချီဆရာတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ပန်းချီလောကမှာတော့ ဒီနာမည်ကို သိပ်မတွေ့မိသေးသလိုပဲ၊ ဒါပေမယ့် နာမည်ကိုတော့ မကြာခဏ ကြားဖူးနေသလိုပဲ"

ဟု ပြောသည်။

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"ကျွန်တော်က ပညာရှင်အဆင့်တော့ မဟုတ်ပါဘူး၊ ဒီက မိတ်ဆွေတစ်ယောက်က ဖိတ်တာနဲ့ ဝါသနာအရ ပန်းချီပြပွဲ ဝင်ဖို့ ရောက်နေတာပါ"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ပန်းချီပညာကို ချစ်ခင်မြတ်နိုးတဲ့ လူချင်း အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ဦးဇမ္ဗူကျော်လို့ ခေါ်ပါတယ်၊ ဒီကာလကတ္တားမှာပဲ နေပါတယ်"

ဟု ပြောဆိုကာ လက်ကမ်းပေးလာသောကြောင့် ဒေါက်တာမင်းထင်ကျော်က လက်ဆွဲနှုတ်ဆက်လိုက်သည်။

"အခုလာတာ ဘာကိစ္စများ ရှိလို့ပါလဲ"


www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ ဒေါက်တာငှားထားတဲ့ ကိုယ်ဟန်ပြမယ်က မာရီယာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်တို့က သူနဲ့ ပန်းချီဆွဲဖို့ ပြင်ဆင်ထားပြီးမှ သွားပြောတော့ လက်မခံဘူး ဖြစ်နေတယ်၊ သူနဲ့ အလုပ်လုပ်ရတာလည်း အတော်ကို စိတ်ညစ်ဖို့ကောင်းပါတယ်ဗျာ"

ဟု ဦးဇမ္ဗူကျော်က ညည်းညည်းညူညူ ပြောသည်။

"ဘယ်လို စိတ်ညစ်စရာမျိုးလဲဗျ"

"မာရီယာ ရုပ်ရည်လှသလောက် စိတ်ထားကတော့ သိပ်မမှန်ဘူးဗျ၊ ပန်းချီဆွဲငှားထားပြီး တစ်ဝက်တစ်ပျက် ရောက်တော့မှ ထပြန်သွားတာမျိုးတို့၊ လုံးဝမလာတော့တာမျိုးတွေ လုပ်လေ့ရှိတယ်၊ သူ့ကို ငှားမယ်ဆိုရင်လည်း ရဖို့က မသေချာဘူး၊ ငွေဘယ်လောက်ပေးပေး လုပ်ပေးချင်မှ လုပ်ပေးတာမျိုးဗျ၊ ဘယ်လိုသဘောမျိုးမှန်းကို မသိပါဘူး ဗျာ"

ဒေါက်တာမင်းထင်ကျော်က ၎င်းနှင့် မသက်ဆိုင်သောကိစ္စ ဖြစ်နေသောကြောင့် ဘာမှဝင်ရောက်၍ မှတ်ချက်ပေးတာမျိုး မလုပ်တော့ပေ။

"အခုပွဲမှာလည်း သူ့ကို ရဖို့ အမျိုးမျိုး ကြိုးစားကြတာပဲ၊ ဒါပေမယ့် ဒီမှာရှိတဲ့ မြို့ခံပန်းချီဆရာတွေ တစ်ယောက်မှ အဆင်မပြေကြဘူး၊ ဒါထက် ခင်ဗျားနဲ့ရော ဘယ်လိုအဆင်ပြေသွားတာလဲဗျ"

"မိတ်ဆွေတစ်ယောက် ဆက်သွယ်ပေးခဲ့တာပါ"

"အေးဗျာ. . . ဘယ်လိုပဲဖြစ်ဖြစ် ပန်းချီသမားအချင်းချင်း ခင်ဗျားအတွက်တော့ ဂုဏ်ယူပါတယ်၊ ကျုပ်တို့ အခုလာတာ သူနဲ့ တွေ့ပြီး ထပ်ကြိုးစားချင်သေးလို့ပဲဗျ. . . သူရှိသလား"

"သူက ဒီမှာ မနေပါဘူး၊ အလုပ်ချိန်နီးမှ ရောက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူနေတဲ့ရွာမှာလည်း မရှိဘူး၊ ဒါထက် သူက ဘယ်မှာ နေတာလဲဗျ၊ သူ့ရဲ့လိပ်စာလေးများ သိရင် တစ်ဆိတ်လောက် ပြောပြပေးပါ"

"အားနာဖို့တော့ ကောင်းနေပြီဗျာ၊ သူက ဒီမှာသာ အလုပ်လာလုပ်နေပေမယ့် သူနေတဲ့လိပ်စာတော့ ပေးမထားဘူးဗျ"

ဟု ပြောလိုက်ရာ ဦးဇမ္ဗူကျော်တို့အဖွဲ့လည်း များစွာ စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်ဖြင့် ပြန်သွားကြလေတော့သည်။ ဒေါက်တာမင်းထင်ကျော်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မာရီယာ ရောက်လာပါက အဆင်သင့် ဖြစ်စေရန် ပန်းချီပစ္စည်းများကို ပြင်ဆင်နေလေသည်။

အတန်ကြာသောအခါ တံခါးခေါက်သံကြားသဖြင့် ထသွားပြီး တံခါးဖွင့်လိုက်သောအခါ မာရီယာကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမကို မြင်သောအခါ စိတ်မချဟန်ဖြင့် အပြင်ဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ဘာကြည့်တာလဲ ဆရာ"

"ဘာ. . ဘာမှ မဟုတ်ပါဘူး"

"ဦးဇမ္ဗူကျော်တို့ကို စိတ်မချလို့ ကြည့်တာလား၊ သူတို့ ပြန်သွားကြပါပြီ"

"ဟင်. . . သူတို့လာတာကို မင်းသိနေတယ် ဟုတ်လား"

"သိပါတယ်. . . သူတို့ကား ထွက်သွားပြီး အတော်ဝေးဝေး ရောက်မှ ကျွန်မဝင်လာတာပါ"

သည်တော့မှ စိတ်ထဲမှာ အတန်အသင့် သက်သာမှု ရသွားပြီး တံခါးကို ပြန်ပိတ်လိုက်လေသည်။

"သူတို့ မင်းကို တွေ့ဖို့ ကြိုးစားနေကြတယ်"

"ကျွန်မကတော့ သူတို့နဲ့ မတွေ့ချင်ဘူး၊ မတွေ့အောင်လည်း



www.burmeseclassic.com

www.burmeseclassic.com


ရှောင်နေရမှာပဲ"

မာရီယာက သူမစိတ်ထဲမှာ ရှိသည့်အတိုင်း ပြောသည်။

"ဘာကြောင့် မတွေ့ချင်ရတာလဲ"

"သူတို့က ပန်းချီဆရာဆိုပေမယ့် အနုပညာသမားစစ်စစ်တွေ မဟုတ်ကြဘူး၊ အနုပညာက နည်းနည်းနဲ့ ငွေများများ ရအောင် ကြိုးစားနေကြတာလေ၊ နောက်ပြီး သူတို့က ကျွန်မရဲ့အလှကို အသုံးချဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေကြတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ဘာမှ ဆက်မပြောသာတော့ဘဲ မာရီယာကို ပန်းချီရေးသော အခန်းရှိရာသို့ ခေါ်သွားလေသည်။

ထိုအခန်းသို့ ရောက်သောအခါ သူမက အဝတ်လဲသော အခန်းသို့ ဝင်သွားပြီးနောက် အတန်ကြာတော့ အဝတ်လဲပြီး ပြန်ထွက်လာသည်။

ပန်းချီကားအနီးသို့ ရောက်သောအခါ တစ်ချက်ကြည့်ပြီး မေးသည်။

"ပြီးတော့မှာလား ဆရာ"

"အင်း. . . တစ်ရက်နှစ်ရက်ဆိုရင်တော့ စိတ်တိုင်းကျ လက်စသတ်လို့ ရပါပြီ၊ အချိန်ပေးရတာ သိပ်ကြာနေလို့များ မေးတာလား"

"မဟုတ်ပါဘူး ဆရာ၊ တကယ်လို့ ပန်းချီကား ပြီးတော့မယ်ဆိုရင် မျက်နှာအမူအယာ ခံစားချက် ဖော်ဖို့ ကျွန်မလုပ်ပေးရတော့မှာ ပေါ့နော်"

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်က များစွာထိတ်လန့်အံ့သြစွာဖြင့် ကြည့်လိုက်သည်။

ထိုစကားမှာ ညက အိပ်မက်ထဲမှာ ပြောခဲ့သောစကားပင်ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါတွေကို မင်းဘယ်လိုသိနေတာလဲ"

မာရီယာက သဘောကျစွာ ပြုံးလိုက်သည်။

ထိုအပြုံးက နှစ်လိုဖွယ်ရာအပြုံးမျိုးဖြစ်ပေသည်။

"သိတာပေါ့. . . ဆရာနဲ့ကျွန်မနဲ့ ညက အိပ်မက်အတူ မက်ခဲ့ကြတာပဲ၊ အိပ်မက်,မက်တယ်ဆိုတာ ဝိညာဉ်ချင်း တွေ့ခဲ့ကြတာပဲမဟုတ်လား၊ ဝိညာဉ်ဆိုတာ လူရဲ့အတွင်းစိတ်ပဲဆိုတော့ တစ်ယောက်ပြောချင်တဲ့စကားကို တစ်ယောက်က သိနေတာ ဘာများဆန်းသလဲဆရာရယ်"

ဟု ပြောလေသည်။

"မာရီယာ. . . မင်းကတော့ ကိုယ်ထင်ထားတာထက်တောင်ပိုပြီးလျှို့ဝှက်ဆန်းကြယ်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ မင်းနဲ့ တွေ့ပြီးမှပဲ ဆန်းကြယ်တဲ့အကြောင်းတွေ သိခွင့်ရတော့တယ်"

"ဒါတွေက တကယ်တော့ အဆန်းတကြယ်တော့ မဟုတ်ပါဘူး၊ ကျွန်မတို့ရဲ့ဆရာသခင်တွေဆိုရင် ခန္ဓာကိုယ်ကို တစ်နေရာမှာထားခဲ့ပြီး ဝိညာဉ်က တွေ့ချင်တဲ့သူတွေ သွားတွေ့ကြတယ်၊ ပြောချင်တဲ့စကားတွေလည်း ပြောခဲ့ကြတယ်၊ ကျွန်မတို့က အိပ်မက်ထဲမှာပဲ တွေ့ပြီး ပြောချင်တာ ပြောနိုင်ကြတာဆိုတော့ သိပ်တော့ မထူးဆန်းလှသေးပါဘူး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဘာမှဆက်မပြောသာတော့ဘဲ ပန်းချီဆက်ဆွဲရန် ပြင်ဆင်နေတော့သည်။

"စိတ်မပူပါနဲ့ ဆရာ၊ ဆရာရဲ့ပန်းချီကား အပြီးသတ်တော့မယ်ဆိုရင် ဆရာအလိုရှိတဲ့ ခံစားချက်မျိုး ကျွန်မလုပ်ပေးပါ့မယ်"

"ဟင်. . . ဘယ်လိုလုပ်ပေးမှာလဲ"

ဒေါက်တာမင်းထင်ကျော် အလိုရှိသော ခံစားချက်မျိုးက



www.burmeseclassic.com

www.burmeseclassic.com


တမလွန် ရောက်နေသော လူတစ်ယောက်က စွန့်လွှတ်ခဲ့ရသော လူ့ဘဝကို ပြန်လည်တမ်းတလွမ်းဆွတ်နေသော ခံစားချက်မျိုး ဖြစ်ပေရာ သာမန်အနေနှင့်တော့ ဘယ်လိုမှ မလုပ်နိုင်သည့် ခံစားချက်မျိုးဖြစ်သည်။

"အဲဒါကတော့ အချိန်ကျမှပဲ ဘယ်လိုလုပ်ပေးမယ်ဆိုတာကို ဆရာသိမှာပါ"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်လည်း ဆက်မမေးသာတော့ပေ။

ထို့နောက် မာရီယာက ၎င်းအလိုရှိသောပုံစံအတိုင်း ပုံစံပြပေးပြီး ဒေါက်တာမင်းထင်ကျော်က ပန်းချီကားကို လက်စသတ်နိုင်ရန်အတွက် ကြိုးစားရေးဆွဲလေတော့သည်။

ထိုပန်းချီကားသည် သူ့ဘဝတစ်လျှောက်၌ ရေးဆွဲခဲ့သော ပန်းချီကားများထဲမှာ အကောင်းဆုံးလက်ရာတစ်ခု ဖြစ်သည်ဟုလည်း စိတ်ထဲမှ ထင်နေမိသည်။ ပန်းချီကားအတွင်းမှ မာရီယာ၏ပုံမှာလည်း အသက်ဝင်နေသကဲ့သို့ ထင်ရလေသည်။

"မျက်နှာအမူအယာ ခံစားချက် ထည့်လိုက်ရင်တော့ ပန်းချီကားက ပြီးပါပြီ"

ဟုလည်း ကျေနပ်စွာ တွေးတောမိသည်။

သူရေးဆွဲသောပန်းချီကား ထိုမျှ လက်ရာမြောက်နေခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုယ်ဟန်ပြပေးသော မာရီယာ၏ကျွမ်းကျင်မှုကြောင့်လည်း ဖြစ်ပေသည်။

ပန်းချီကား လက်စသတ်ရန် တစ်ရက်နှစ်ရက်သာ ကျန်တော့သည့်အချိန်မှာ အမီတာ ရောက်လာသည်။

အမီတာက သူ့အတွက် လိုအပ်သောအစားအသောက်နှင့် ပစ္စည်းများ လာပို့ပေးရင်းနှင့် သတင်းမေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထင်ကျော် ရေးနေတဲ့ ပန်းချီကားအခြေအနေ ဘယ်လိုလဲဗျ"

"တစ်ရက်နှစ်ရက်ဆိုရင် ပြီးတော့မှာပါ"

"မာရီယာနဲ့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်. . . အခုထိတော့ ဘာအခက်အခဲမှ မရှိသေးပါဘူး"

"ခင်ဗျား ကံကောင်းတာပေါ့ဗျာ၊ မာရီယာက အခုလို စိတ်ရှည်လက်ရှည်နဲ့ ကိုယ်ဟန်ပြပေးတာ အတော်ကလေး ရှားတယ်ဗျ"

"ကျွန်တော်နဲ့တော့ အဆင်ပြေပါတယ်၊ ဟိုတစ်နေ့ကတော့ ဒီက ပန်းချီဆရာတွေ လာကြသေးတယ်"

"ဟင်. . . ဘယ်သူတွေများလဲဗျ၊ ဘာကိစ္စရှိလို့တဲ့လဲ"

"ဦးဇမ္ဗူကျော်လို့တော့ ပြောတယ်၊ မာရီယာနဲ့ တွေ့ဖို့ဆိုပြီး လာကြတာပဲ၊ ဒါပေမယ့် သူနဲ့တော့ တွေ့မသွားကြဘူး"

"အော်. . သိပြီ. . သိပြီ၊ ဒီလူတွေအကြောင်းတော့ ကောင်းကောင်းသိတယ်၊ ဒီလူက ပန်းချီသမားစစ်စစ်တော့ မဟုတ်ပါဘူး၊ ပန်းချီအနုပညာလုပ်ငန်းနဲ့ စီးပွားရှာနေတဲ့ လူတစ်ယောက်ပဲ ဆိုပါတော့၊ ကာလကတ္တားမှာ သူ့ရဲ့ကိုယ်ပိုင်ပန်းချီပြခန်းတွေ ရှိတယ်၊ အတော်ကလေး ချမ်းသာနေပြီဆိုပါတော့"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"ဒါထက် ခင်ဗျားရေးနေတဲ့ ပန်းချီကားကိုရော ဝင်ကြည့်သွားသေးလား"

"မကြည့်ပါဘူး"

"ကြည့်မယ်ဆိုရင်လည်း မပြသင့်ဘူးဗျ၊ ဒီလူက စိတ်ချရတဲ့ လူမျိုးမဟုတ်ဘူး၊ သူ့လုပ်ငန်းထက် သာမယ်ဆိုရင် ဒါမှမဟုတ် သူ့အတွက် ငွေရမယ်ဆိုရင် ဘာမဆို လုပ်လေ့ရှိတဲ့ လူစားမျိုးပဲ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မာရီယာက မြို့ခံတွေ ဖြစ်တဲ့ သူတို့ ကမ်းလှမ်းတာကို လက်မခံဘဲ အခြားက လာတဲ့ ခင်ဗျားအလုပ်ကို လက်ခံပြီး လုပ်ပေးနေတာဆိုတော့ သိပ်ပြီးကျေနပ်မယ့်ပုံတော့ မရှိဘူး"

"ဒါက မာရီယာနဲ့ သက်ဆိုင်တဲ့အလုပ်ပဲ အမီတာရယ်၊ ဒီလောက်မစိုးရိမ်ရပါဘူး"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း အရေးမကြီးသလို ပြောလိုက်လေသည်။

"ဒါပေမယ့် သတိဆိုတာတော့ ပိုတယ်မရှိဘူး မဟုတ်လား၊ ခင်ဗျားရေးနေတဲ့ ပန်းချီကား ပြပွဲမရောက်မချင်း စိတ်ချလို့ မရဘူးဗျ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ထိုသို့ပြောဆိုပြီး အမီတာ ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း နောက်ပိုင်းရက်များမှာ အပြင်သို့ သိပ်မထွက်တော့ဘဲ ပန်းချီကား ပြီးအောင် ဂရုစိုက်၍ ရေးဆွဲရာ နောက်ဆုံးပြီးစီးသောအဆင့်သို့ ရောက်ခဲ့တော့သည်။

"ကဲ. . . ပန်းချီကား ရေးဆွဲတာကတော့ ပြီးပါပြီ၊ မနက်ဖြန်တစ်ရက် မျက်နှာပေါ်မှာ ကိုယ်လိုချင်တဲ့ ခံစားချက်တွေ ထည့်ပေးပြီးရင်တော့ အားလုံးလက်စသတ်ပါပြီ၊ မင်းလုပ်ပေးနိုင်ပါ့မလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်ရာ မာရီယာက အသာအယာ ခေါင်းညိတ်ပြသည်။

"ကျွန်မလုပ်ပေးပါ့မယ်"

"ဒီလိုဆိုရင်တော့ မနက်ဖြန် မနက်စောစော ရောက်အောင် လာခဲ့ပါ၊ ကိုယ် အဆင်သင့်ပြင်ပြီး စောင့်နေပါ့မယ်"

ဟု ပြောဆိုပြီး မာရီယာအတွက် လုပ်အားခငွေများကို ရှင်းပေးလိုက်ရာ ယူ၍ ပြန်သွားလေတော့သည်။

သူမပြန်ကာနီးတွင် ရီဝေနေသောမျက်လုံးများဖြင့်ကြည့်သွား



www.burmeseclassic.com

www.burmeseclassic.com



လေရာ ဒေါက်တာမင်းထင်ကျော်ပင် နားမလည်နိုင်အောင် ဖြစ်သွားလေတော့သည်။

ထိုအကြည့်သည် အမိဟ္မာယ်ဖော်ရန် ခက်ခဲသောအကြည့်မျိုးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

# ချိုမြိန်သော နှုတ်ဆက်အနမ်းများ

နောက်တစ်နေ့တွင် ပန်းချီကားကို လက်စသတ်ရတော့မည် ဖြစ်သောကြောင့် ထိုနေ့ညက ကောင်းစွာပင် အိပ်မပျော်ခဲ့ပေ။

ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်မှာလည်း ပန်းချီကား စတင်ဆွဲစဉ်ကတည်းက မရိုပ်မသင်ဘဲ ထားခဲ့သော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ပင် အတော်ရှည်နေချေပြီ။

ယခင်က သန့်ရှင်းသပ်ရပ်စွာ နေလေ့ရှိသော ဒေါက်တာမင်းထင်ကျော်မှာ ပန်းချီကား စတင်ဆွဲစဉ်ကတည်းက ထိုအလုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com


အာရုံနှစ်ထားသောကြောင့် ကျန်သည့်အလုပ်များကို စိတ်ဝင်စားမှု မရှိတော့ပေ။

နံနက်မိုးလင်းသည်နှင့် ပန်းချီခန်းအတွင်းသို့ ဝင်ပြီး ပြင်စရာရှိသည်များကို အဆင်သင့်ပြင်ကာ မာရီယာ အလာကို စောင့်နေလေသည်။

သို့သော် မာရီယာကတော့ မနက်ပိုင်းအချိန်ကုန်သွားသည်အထိ ရောက်မလာပေ။

"သူက လာရတဲ့နေရာက ဝေးတော့ အခက်အခဲတော့ ရှိမှာပေါ့လေ၊ နေ့လည်ဘက်တော့ ရောက်လာမှာပါ"

ဟု မိမိစိတ်ကို ဖြေလိုက်သည်။

နေ့လည်ဘက်မှာလည်း မာရီယာက ပေါ်မလာပေ။

"သူ ဘာများ ဖြစ်နေလို့ပါလိမ့်၊ မနက်စောစော အရောက်လာမယ် ပြောပြီး အခုအချိန်ထိ ရောက်မလာတာ ဘာကြောင့်လဲ"

ဦးဇမ္ဗူကျော်တို့ ပြောသွားသလို မာရီယာဟာ အလုပ်တစ်ခုကို အပြီးသတ်အောင် မလုပ်ဘဲ ကတိပျက်တတ်သူဆိုတာ အမှန်ဖြစ်နေရော့သလား။

"ဒီလိုလည်း ဟုတ်မယ်မထင်ပါဘူး၊ မာရီယာဟာ ဒီလို ကတိပျက်မယ့် မိန်းကလေးမျိုးတော့ ဟုတ်မယ်မထင်ပါဘူး၊

သူ ဘာကြောင့် အခုအချိန်ထိ ရောက်မလာသေးတာလဲ၊ သူ ဘာဖြစ်နေတာလဲ"

ဟု တွေးရင်း စိတ်ထဲမှာ စနိုးစနောင့်ဖြစ်နေမိသည်။

ပန်းချီကားရှေ့မှာ ပန်းချီရေးဆွဲရန် ပစ္စည်းများ အစုံအလင်ချထားပြီးမှ ကိုယ်ဟန်ပြပေးမည့်သူက မရောက်လာသဖြင့် အခက်တွေ့နေရသည်။

"ဒီအတိုင်းဆိုရင် ငါဘယ်လိုလုပ်ရမလဲ၊ သူ မလာတော့ရင်


www.burmeseclassic.com

www.burmeseclassic.com


ပန်းချီကားကိုရော ဘယ်လိုအဆုံးသတ်ရပါ့မလဲ”

ဟု အမျိုးမျိုး တွေးနေရင်းအချိန်က တဖြည်းဖြည်း ကုန်သွားရာ ညနေပိုင်းအချိန်သို့ပင် ရောက်လာလေတော့သည်။ ထိုအချိန်ထိတော့ မာရီယာ၏အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။

ပထမတော့ အမီတာကို ဖုန်းဆက်ခေါ်ပြီး မာရီယာ ရှိသော နေရာသို့ လိုက်သွားရန် စိတ်ကူးလိုက်မိသေးသည်။ နောက်မှ ထိုအကြံ အစည်ကို လက်လျှော့လိုက်သည်။

“သူ ဘာများဖြစ်နေလို့ပါလိမ့်၊ မာရီယာ့,ဟာ ဒီလိုလုပ်မယ့်သူ မျိုးတော့ ဟုတ်မယ် မထင်ပါဘူး”

ဟု တွေးရင်းနှင့်ပင် တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်သို့ ရောက်ခဲ့လေပြီ။

ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းလာသောအချိန် ရောက်မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်။

“ဒေါက်. . . ဒေါက်. . . ဒေါက်”

“ဟင်. .”

ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ ပန်းချီကားရှေ့ရှိ ကုလားထိုင်ပေါ်မှာ ထိုင်ရင်း စီးကရက် သောက်နေသောအချိန်ဖြစ် သည်။

တစ်နေကုန် စိတ်ထဲမှာ မတင်မကျဖြစ်နေသောကြောင့် စိတ် ပန်းလူပန်း ဖြစ်နေသောအချိန်လည်းဖြစ်သည်။

“ဒေါက်. . . ဒေါက်. . . ဒေါက်”

ဒေါက်တာမင်းထင်ကျော်မှာ စိတ်ပျက်လက်ပျက် ဖြစ်နေသော အချိန်မှာ တံခါးခေါက်သံကြားရသဖြင့် များစွာစိတ်ညစ်သွားသည်။

ထို့ကြောင့် နေရာမှ လေးလံစွာ ထသွားပြီးနောက် တံခါးဖွင့် ပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ဟင် . ."

တံခါးပေါက်ဝ၌ ရပ်နေသူကို မြင်လိုက်သောအခါ မိမိမျက်စိကို ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိလေသည်။

အခြားသူမဟုတ်ပေ။

သူ မျှော်လင့်နေသော မာရီယာပင်ဖြစ်တော့သည်။

ထိုအချိန်သည် မာရီယာ လာချိန်မဟုတ်သောကြောင့် အံ့သြ နေမိသလို မာရီယာ ဝတ်ဆင်လာသော အဝတ်အစားများကြောင့် လည်း ပိုမိုအံ့သြမိခြင်းဖြစ်တော့သည်။

သူမ ဝတ်ဆင်လာသော အဝတ်အစားများမှာ ကိုယ်ဟန်ပြစဉ် ဝတ်ဆင်သည့် ပါးလွှာသည့် အဝတ်အစားများ ဖြစ်သည့်အပြင် သူမ တစ်ကိုယ်လုံးမှာ ရေများက ရွှဲရွှဲစိုနေလေသည်။

သို့ကြောင့် ပါးလွှာသော အဝတ်စများက အသားနှင့် ကပ်နေ ပြီး လျှို့ဝှက်သောအလှများမှာ အထင်းသား ပေါ်နေလေတော့သည်။

"ဘယ်လိုဖြစ်လာတာလဲဟင်"

"ကျွ. . ကျွန်မ နောက်တော့ ပြောပြပါ့မယ်၊ အခုတော့ အိမ်ထဲ ကို ဝင်ပါရစေဦး၊ ပြီးရင်သာ တံခါးကို ပိတ်ထားလိုက်ပါ ဆရာ"

ဟု ပြောသဖြင့် သူမကို အတွင်းသို့ ခေါ်ပြီးနောက် တံခါးကို ပြန်ပိတ်ကာ ချက်ထိုးထားလိုက်လေသည်။

အတွင်းခန်း ရောက်လာသော်လည်း မာရီယာမှာ ရေစိုအဝတ် များကြောင့် အတော်ကလေး ချမ်းနေပုံရသည်။

"မင်းမှာ အဝတ်လဲစရာ မပါဘူးလား၊ ဒါမှမဟုတ် ဒီမှာ ရှိတဲ့ အဝတ်အစားတစ်ခုခု လဲထားပါလား"

မာရီယာက အားနည်းစွာ ပြုံး၍ ခေါင်းခါပြသည်။ ထိုသို့ ခေါင်း ခါပြလိုက်စဉ် ဆံပင်မှာ တွယ်ကပ်နေသော ရေစက်များက ကြမ်းပေါ်သို့ ပြုတ်ကျသွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုဖြစ်လာတာလဲ ပြောပါဦး"

"ကျွန်မ မနက်ကတည်းက ဆရာ့ဆီကို ထွက်လာရင်းနဲ့ ကျွန်မ စီးလာတဲ့ မော်တော်ကားက မြစ်ထဲ ထိုးကျသွားခဲ့တယ်"

"ဟင်.."

"ကားပေါ်မှာ ပါတဲ့ ခရီးသည်အတော်များများကတော့ သေသွားကြတယ်၊ ကျွန်မကတော့ ကံကောင်းထောက်မလို့ အသက်ဘေးအန္တရာယ်က လွတ်မြောက်ခဲ့ရတယ်၊ ဒါပေမယ့် မြစ်ထဲမှာ အချိန်အတော်ကြာအောင် နေခဲ့ရပြီး အတော်ဝေးဝေး ရောက်သွားလို့ အခုအချိန်ရောက်မှ ဆရာ့ဆီ ရောက်လာနိုင်တာပါ၊ ကျွန်မကို ခွင့်လွှတ်ပေးပါ"

ဟု တောင်းပန်လေသည်။

"ရပါတယ် မာရီယာရယ်၊ တောင်းပန်စရာ မလိုပါဘူး၊ မင်း အခုလို အသက်ဘေးအန္တရာယ်က လွတ်မြောက်လာတာကိုပဲ ဝမ်းသာလှပါပြီ"

"ကျွန်မကတော့ ဒီလိုဖြစ်ခဲ့တာကို ကျေနပ်မိတယ်"

"ဘာကြောင့်လဲဟင်"

"သေခြင်းတရားနဲ့ တွေ့ခဲ့ရတယ်လေ၊ ကျွန်မ မျက်စိရှေ့မှာတင် မရှူမလှနဲ့ သေသွားကြတဲ့လူတွေကို တွေ့ခဲ့ရတယ်၊ သူတို့တတွေဟာ သေခါနီးအချိန်မှာ လူ့ဘဝကို ဘယ်လောက် ခုံမင်တွယ်တာကြတယ်ဆိုတာကိုပါ တွေ့ရတယ်၊

သူတို့တတွေ အခုလို သေဆုံးသွားတဲ့အခါ လူ့ဘဝက ခုံမင်တွယ်တာတဲ့အဖြစ်တွေကို ပြန်လည်တမ်းတကြမှာ အသေအချာပဲ၊

ဆုံးရှုံးသွားတဲ့ လူ့ဘဝကို ပြန်လည်တမ်းတနေကြမှာကို တွေးကြည့်တာနဲ့ သိနိုင်တာပေါ့၊

ဒီညအဖို့တော့ ဆရာလိုချင်တဲ့ ခံစားမှုမျိုးကို ကျွန်မအနေနဲ့


www.burmeseclassic.com

www.burmeseclassic.com



အသေအချာ လုပ်ပေးနိုင်တော့မှာမို့ ဘာပဲဖြစ်ဖြစ် ကျေနပ်မိပါတယ်"

ဟု မာရီယာက ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူမကို ကြည့်ပြီး နား မလည်နိုင်အောင်ဖြစ်နေလေသည်။

နောက်ဆုံးတော့ နံနက်ပိုင်း အရုဏ်မတက်မီအချိန်မှာပင် ပန်း ချီကား ရေးဆွဲခြင်းကို အပြီးသတ်နိုင်ခဲ့လေတော့သည်။

အားလုံးပြီးသောအခါမှ တစ်ညလုံး ရေစိုအဝတ်ဖြင့် ကျောက် ရုပ်သဖွယ် ငြိမ်သက်စွာ ထိုင်ပေးနေသော မာရီယာမှာ အသက်ဝင်လာ သကဲ့သို့ ဖြစ်လာကာ ပြန်လည်လှုပ်ရှားလာလေတော့သည်။

သူမသည် ဒေါက်တာမင်းထင်ကျော်အနီးသို့ လျှောက်လာပြီး ရေးဆွဲထားသော ပန်းချီကားကို ငေးကြည့်နေသည်။

"ပန်းချီကားကတော့ ပြီးသွားပါပြီ၊ မာရီယာရဲ့စိတ်ထဲမှာ နှစ် သက်မှု ရှိရဲ့လား"

"ရှိပါတယ် ဆရာ၊ ရေးထားတဲ့လက်ရာက တကယ်ကို အသက် ဝင်လှပါပေတယ်၊ ဒီပန်းချီကားကို ပြပွဲတင်ရင် မုချ အောင်မြင်မှု ရမယ် လို့ ကျွန်မထင်ပါတယ်"

ဟု တိုးညှင်းစွာ ပြန်ပြောလေသည်။

"အခုလို ပန်းချီကား ပြီးတဲ့အထိ အကူအညီပေးတာ မင်းကို ကျေးဇူးအများကြီးတင်ပါတယ် မာရီယာ"

ဒေါက်တာမင်းထင်ကျော်က အနီးမှာ ရပ်နေသောသူမကို ကြည့်ကာ ပြောလိုက်သည်။

ယခုအခါမှာတော့ ညဦးပိုင်းက စိုရွှဲနေသော အဝတ်အစားများ မှာ ခြောက်သွေ့နေပြီဖြစ်သော်လည်း မီးရောင်ကြောင့် သူမ၏အလှ များကို အတိုင်းသား မြင်နေရသည်။

မာရီယာက အတန်ကြာအောင် ငြိမ်သက်နေပြီး၍ လွမ်းစရာ



www.burmeseclassic.com

www.burmeseclassic.com


ကောင်းလှသည့် စကားတစ်ခွန်းကို ပြောလိုက်လေသည်။

"ပန်းချီကားပြီးသွားပြီဆိုတော့ ဆရာနဲ့ကျွန်မတို့ နောက်ထပ်မတွေ့နိုင်ကြတော့ဘူးပေါ့နော်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အုံ့ဖြိုးသွားသလို လှုပ်ရှားမှုလည်း ဖြစ်သွားမိလေသည်။

"ကိုယ် မင်းကို အမြဲသတိရနေမှာပါ မာရီယာ"

မာရီယာက သူ့မျက်နှာကို စိုက်ကြည့်နေလေသည်။

သူမ၏ညှို့မှောင်သော မျက်ဝန်းများက ဒေါက်တာမင်းထင်ကျော်ကို စိုက်ကြည့်နေပြီး လျှို့ဝှက်သော အဓိပ္ပာယ်တစ်ခုကို ရှာဖွေနေသကဲ့သို့ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် သူမ အမူအယာကို ကြည့်ရုံနှင့် မည်သည့်လိုအပ်ချက်မျိုး ရှိနေသည်ကို မသိနိုင်စေကာမူ ဆွဲဆောင်မှုအားကောင်းလှသော ညှို့မျက်ဝန်းအကြည့်ကြောင့် ထိန်းချုပ်ထားသောစိတ်ကို ဖြေလျှော့ချလိုက်သည်။

တစ်ခဏချင်းမှာပင် မာရီယာအနီးသို့ ရောက်သွားပြီး အားလျော့နေသော အမူအယာဖြင့် ရပ်နေသော သူမကိုယ်ကလေးကို ဆွဲယူ၍ တင်းတင်းဖက်ထားလိုက်လေသည်။

မာရီယာကလည်း လုံးဝ ရုန်းဖယ်ခြင်း မပြုဘဲ အလိုက်သင့်ပါလာပြီး ဒေါက်တာမင်းထင်ကျော်၏ကျောကိုပင် သိုင်းဖက်ထားလေသည်။

စောင့်စည်းရမည့်အိန္ဒြေ၊

ထိန်းသိမ်းရမည့် သစ္စာတရား၊

ပိုင်းခြားထားသည့် မေတ္တာနယ်နိမိတ်တို့၏စည်းကို ကျော်လွန်သွားသည်နှင့် အချစ်၏နယ်နိမိတ်အတွင်းသို့ ရောက်သွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် အရာအားလုံးကို ဥပေက္ခာပြုနိုင်သောအရာပင် ဖြစ်ပေရာ ဒေါက်တာမင်းထင်ကျော်အနေနှင့် မည်သည့်အကြောင်းအရာကိုမှ တွေးတောစဉ်းစားမနေတော့၊ ရင်ခွင်ထဲမှာ ရောက်နေသော မာရီယာကိုယ်ကလေးကို တိုး၍ဖက်ကာ မျက်နှာပြင်ပေါ်သို့ အနမ်းမိုးရွာချလိုက်သည်။

ထိုအနမ်းသည် တစ်သက်မမေ့နိုင်စရာ ဖြစ်လောက်အောင် စွဲမက်စေသည့် ချိုမြိန်သောအနမ်းဖြစ်သလို သူတို့နှစ်ယောက်အတွက် နှုတ်ဆက်အနမ်းလည်း ဖြစ်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# စိတ်ညှာခြင်း‌နှင့် သေမြင်းတရား

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ ဆူညံသော တံခါးခေါက်သံ ကြားတော့မှ ပြန်နိုးလာလေသည်။

လက်မှ နာရီကြည့်လိုက်တော့ နံနက်(၁၀)နာရီကျော်နေချေပြီ။

ညက တစ်ညလုံး အိပ်ရေးပျက်ခဲ့သောကြောင့် ခေါင်းထဲမှာ မူးဝေနောက်ကျိလျက်ရှိနေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံက အရေးကြီးနေဟန်ဖြင့် အဆက်မပြတ် ပေါ်ထွက်လာသဖြင့် အိပ်ယာမှ ထပြီး တံခါးရှိရာသို့ လျှောက်သွားပြီး ဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

· တံခါးပေါက်ဝမှာ ရပ်နေသူက အမီတာဖြစ်သည်။ တံခါးဖွင့်ပေးလိုက်သည်နှင့် အမီတာက အိမ်ထဲ ဝင်လာလေသည်။

သူ့မျက်နှာမှာ မကောင်းလှပေ။

"ဘာဖြစ်တာလဲ အမီတာ"

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ ကိုမင်းထင်ကျော်၊ မာရီယာတစ်ယောက်တော့ သေဆုံးသွားပါပြီ"

"ဟင်. . . ဘယ်တုန်းက သေတာလဲ၊ ဘယ်လိုဖြစ်ပြီး သေတာလဲဟင်"

"မနေ့က မနက်ပိုင်းမှာပဲ သူ့ကို အကြိုအပို့ လုပ်ပေးနေတဲ့ မော်တော်ကားက ဘရိတ်ပေါက်တယ်လို့ ပြောတာပဲ၊ မြစ်ထဲကို ထိုးကျသွားလိုက်တာ ပြန်ပေါ်မလာတော့ပါဘူး၊ ဒရိုင်ဘာကတော့ တံခါးဖွင့်ပြီး ခုန်ဆင်းတာ မြန်လို့ အသက်ဘေးက လွတ်သွားတယ်၊ သူတစ်ယောက်တည်း ကားပေါ် ပါသွားတော့ ကယ်မယ့်သူ မရှိတော့ဘူးပေါ့ဗျာ"

"ဘယ်အချိန်လောက်က ဖြစ်တာလဲ"

"မနက်ပိုင်း ခင်ဗျားဆီ လာနေကျအချိန်မှာပဲ ဖြစ်သွားတာပဲ၊ မနေ့က သူရောက်မလာတော့ဘူး မဟုတ်လား"

"လာတယ်"

"ဟင်. . . ဘယ်အချိန်က လာတာလဲဟင်"

"ညက အတော်မှောင်မှ ရောက်လာတယ်၊ သူရောက်လာတော့ တစ်ကိုယ်လုံး ရေတွေ ရွှဲနေတာ တွေ့ရတယ်"

"ဟင်"

ဒီတစ်ကြိမ်မှာ မျက်လုံးပြူးသွားသူက အမီတာပင် ဖြစ်ပေတော့သည်။

"သေ. . သေချာလို့လားဗျ"


www.burmeseclassic.com

www.burmeseclassic.com


"သေချာပါတယ်. . သူမှ သူအစစ်ပါပဲ၊ မနေ့က ပန်းချီကား လက်စသတ်ဖို့အတွက် သူရောက်လာပြီး ကိုယ်ဟန်ပြပေးသွားခဲ့တယ်"

"မဖြစ်နိုင်ဘူး. . . မာရီယာ ရောက်လာတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ သေသွားတာ သေချာသွားပြီဗျ၊ မြစ်ရေထဲ ပါသွားတဲ့ မော်တော်ကားပါ အစအန ပျောက်သွားမှတော့ အတွင်းမှာ ပါသွားတဲ့ သူ့ခမျာ ဘယ်လိုမှ အသက်ရှင်နိုင်စရာ ရှိတော့မှာလဲဗျာ"

ဒေါက်တာမင်းထင်ကျော်က ဘယ်လိုပြန်ပြောရမှန်းပင် မသိတော့ပေ။

"ခင်ဗျားအတွက်တော့ စိတ်မကောင်းပါဘူး ကိုမင်းထင်ကျော်၊ ဒါထက် ရေးနေတဲ့ ပန်းချီကားကရော လက်စသတ်သွားပြီလားဗျ"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြလိုက်သည်။

"မာရီယာ သေဆုံးရတဲ့ကိစ္စကို ပုလိပ်တွေကလည်း သိပ်ပြီး မသင်္ကာကြဘူး၊ မတော်တဆ ဖြစ်တာ မဟုတ်ဘဲ တမင်လုပ်ကြံသလား ဆိုတာ အသေးစိတ် စုံစမ်းမေးမြန်းနေကြတယ်၊ တကယ်လို့ ပုလိပ်တွေ ခင်ဗျားဆီ လာမေးရင်လည်း အမှန်အတိုင်းသာ ပြောပြလိုက်ပေါ့ဗျာ"

"ဒါထက် မာရီယာ သေတယ်ဆိုတာ တကယ်ပဲလား အမီတာ"

"အမှန်ပါပဲ ကိုမင်းထင်ကျော်၊ ဖြစ်တာကတော့ မနေ့က မနက်ပိုင်းအချိန်ပါပဲ၊ ဒါပေမယ့် ကျွန်တော်က ဒီကနေ့မနက်ပိုင်းမှ သိရတာဆိုတော့ သိသိချင်းပဲ ခင်ဗျားဆီ လာခဲ့တာ၊ ဒီကနေ့ မနက်ပိုင်းထုတ် သတင်းစာတွေမှာတောင် သူ့အကြောင်း ပါလာလောက်ရောပေါ့"

ဒေါက်တာမင်းထင်ကျော်က မယုံကြည်နိုင်သလို ခေါင်းကို ဖြေးလေးစွာ ခါယမ်းလိုက်သည်။

"သူသေသွားတယ်ဆိုတာ ကျွန်တော်တော့ မယုံကြည်နိုင်လောက်အောင် ဖြစ်နေပြီဗျာ"

"အမှန်ပါပဲဗျာ. . . ဘာကြောင့် ကျွန်တော်က မဟုတ်တဲ့


www.burmeseclassic.com

www.burmeseclassic.com


စကားတွေ ပြောနေရမှာလဲ၊ သူ သေသွားတာ ကျွန်တော်လည်း တကယ်ကို စိတ်မကောင်းပါဘူး၊ ဒါထက် ညတုန်းက သူရောက်လာ တယ်ဆိုတာ အမှန်ပဲလား ကိုမင်းထင်ကျော်"

"အမှန်ပါပဲ. . . သူ တကယ်ရောက်လာလို့သာ ကျွန်တော် ပန်းချီကားကို အပြီးသတ် ရေးဆွဲနိုင်ခဲ့တာပါ"

"ခင်ဗျားပြောလို့သာ ယုံရတယ်၊ ကျွန်တော်တော့ ဘယ်လိုမှ မယုံနိုင်အောင်ဖြစ်နေပြီဗျာ၊ ကျွန်တော့်အနေနဲ့ ဝိညာဉ်လောကနဲ့ ပတ်သက်ပြီး သိပ်ပြီး မသိလှသေးပါဘူး၊ ဒါပေမယ့် ညက ရောက်လာတာ ကတော့ မာရီယာရဲ့ဝိညာဉ်ပဲ ဖြစ်မှာ သေချာပါတယ်၊ သူဟာ စိတ် စွဲလန်းမှုတစ်ခုကြောင့် ခင်ဗျားဆီကို ရောက်လာပြီးတော့ ပန်းချီကား အပြီးသတ်နိုင်အောင် အကူအညီပေးသွားတာပဲဖြစ်မှာပါ"

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှ လှမ်းမြင်နေရ သော ပြင်ပမှ ရှုခင်းများကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက် လေသည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ အမီတာ"

"အခုလောလောဆယ်မှာတော့ ပုလိပ်တွေက အမှုဖွင့်ပြီး စုံစမ်းနေကြတာဆိုတော့ တိတိကျကျ မသိရသေးဘူး၊ ကျွန်တော့် အထင်ပြောရရင်တော့ ဦးဇမ္ဗူကျော်တို့လက်ချက်ဖြစ်မယ်လို့ ထင်တာ ပဲ"

"သူတို့နဲ့က ဘယ်လိုရန်ငြိုးရှိလို့ ရက်ရက်စက်စက် သတ်လိုက် ကြတာလဲ"

"ဦးဇမ္ဗူကျော်ဆိုတဲ့လူရဲ့အကြောင်းကို ကျွန်တော် ကောင်း ကောင်းသိတယ်၊ ဒီလူက အတ္တစိတ် အတော်ကြီးတဲ့လူတစ်ယောက်ပဲဗျ၊ သူက သူ့ထက် သာရင်လည်း မနာလိုတတ်ဘူး၊ အခုလုပ်တဲ့ ပန်းချီပြပွဲ မှာ အောင်မြင်ရင် ပန်းချီလောကအတွက်ရော အခြားအကျိုးအမြတ်


www.burmeseclassic.com

www.burmeseclassic.com



တွေအတွက်ပါ အတိုင်းအတာတစ်ခုအထိ ရနိုင်မယ်ဆိုတာ သူတို့ သိတယ်၊ ဒါကြောင့် မာရီယာကို အသုံးချဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြပေမယ့် မာရီယာက လက်မခံခဲ့ဘူး၊ ဒါပေမယ့် မာရီယာက အခြားက လာတဲ့ ခင်ဗျားကျတော့ စိတ်ပါလက်ပါနဲ့ လုပ်ပေးနေတာ သိတော့ ကျေနပ်မှာ မဟုတ်တာတော့ သေချာတယ်"

"ဒါကတော့ဗျာ. . . အနုပညာအလုပ်ဆိုတာ ကာယကံရှင်ရဲ့ ဆန္ဒပဲ မဟုတ်လား"

"ဦးဇမ္ဗူကျော်လိုလူက ဒါတွေကို တွေးနေမှာမဟုတ်ဘူး၊ ဘယ်နည်းနဲ့မဆို ခင်ဗျားအောင်မြင်သွားမှာကိုတော့ လိုလားကြမှာ မဟုတ်ဘူး၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် မာရီယာကို လုပ်ကြံလိုက်သလားလို့တောင် စိတ်ထဲက ထင်မိတယ်"

အမီတာက ၎င်းထင်မြင်ချက်ကို ပြောပြနေစဉ် အပြင်ဘက်မှ သတင်းစာရောင်းသူ၏အော်သံ ကြားရသဖြင့် လှမ်းခေါ်ပြီး သတင်းစာစောင် ဝယ်ယူ၍ ဖတ်ကြည့်ကြရာ မာရီယာ သတင်းလည်း ပါလေသည်။

"ကံဆိုးရှာသော ကိုယ်ဟန်ပြမယ်၏သတင်း"

ယမန်နေ့ မနက်ပိုင်းက ဟူဂလီမြစ်ကမ်းအနီးရှိ လမ်းမပေါ်၌ မောင်းနှင်လာသော မော်တော်ကားတစ်စင်းမှာ ဘရိတ်ပေါက်သွားသဖြင့် အရှိန်လွန်ကာ မြစ်ထဲသို့ ထိုးကျသွားခဲ့ကြောင်း၊

ကားပေါ်တွင် ပါလာသော လူနှစ်ဦးအနက် ဒရိုင်ဘာဖြစ်သူမှာ ကံအားလျော်စွာ အသက်ဘေးမှ ချမ်းသာရာ ရခဲ့သော်လည်း ခရီးသည်အဖြစ် လိုက်ပါလာသော ကိုယ်ဟန်ပြမယ်မှာမူ မော်တော်ကားနှင့် အတူပါသွားခဲ့ကြောင်း၊ ယခုတိုင် ရှာဖွေမတွေ့သေးသောကြောင့် အသက်ရှင်နိုင်စရာလမ်း မရှိတော့ကြောင်းနှင့် ၎င်းကိုယ်ဟန်ပြမယ်၏ အမည်မှာ မာရီယာဟု သိရကြောင်း. . .

အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က မယုံကြည်နိုင်သလို ဦးခေါင်းကို ခါယမ်းလိုက်သည်။

တွေ့ကြုံနေရသောအကြောင်းအရာက သူ့အတွက် ဘယ်လိုမှ လက်ခံနိုင်စရာ မရှိပေ။

အရက်တကော်ကာနီးအချိန်မတိုင်မီကပင် မာရီယာမှာ သူ့ရင်ခွင်ထဲမှာ ရှိနေခဲ့သေးသည်။

ချိုမြိန်သောအနမ်းများနှင့် နွေးထွေးသော ထိတွေ့မှုများကို ပေးခဲ့သေးသည်။

ယခု သူ မရှိတော့ပေ။

ကံကြမ္မာသည် စက္ကန့်နှင့်အမျှ မျက်လှည့်ပြနေသကဲ့သို့ ရှိနေချေသည်။

"ကျွန်တော်လည်း စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားကတော့ တစ်ပတ်လုံးလုံး သူနဲ့အတူတူ အလုပ်လုပ်ခဲ့တာဆိုတော့ ပိုပြီးခံစားရမှာပေါ့"

အမီတာက ဖြောင်းဖျပြောဆိုလေသည်။

"သူ ကိုယ်ဟန်ပြပေးခဲ့တဲ့ ပန်းချီကား ရှိနေသမျှတော့ ကျွန်တော် သူ့ကို ဘယ်လိုမေ့ရမှာလဲဗျာ၊

ပန်းချီကားထဲမှာ သူ့ရဲ့ဝိညာဉ်တွေ ပူးကပ်ကျန်ခဲ့တယ်လေ၊ နောက်ပြီး ကျွန်တော်ကလည်း သူ့အလှကို သာမန်မျက်စိနဲ့ ကြည့်ပြီး ဆွဲတာ မဟုတ်ဘဲ အတွင်းအာရုံစိတ်နဲ့ ဖမ်းပြီး ဆွဲခဲ့တာဆိုတော့ ဓါတ်ပုံရိုက်ထားသလို ထင်ကျန်နေခဲ့မှာ အမှန်ပဲ"

ထိုစကားကြားသောအခါ အမီတာက စိတ်မကောင်းသော မျက်နှာဖြင့် ဒေါက်တာမင်းထင်ကျော်ကို ငေးကြည့်နေသည်။

"ကျွန်တော် မာရီယာ တည်းသွားတဲ့ မြို့စွန်ဘက်က အိမ်ကို သွားကြည့်ချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"သွားလေ. . . ကျွန်တော့်မှာ မော်တော်ကား ပါလာတာပဲ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဟု ပြောပြီး နှစ်ယောက်သား မော်တော်ကားဖြင့် မောင်းထွက်ခဲ့ကြလေသည်။

သူတို့သည် ဟူဂလီ မြစ်ကမ်းနားလမ်းအတိုင်း မောင်းခဲ့ကြပြီး နောက် အနောက်ဘက်သို့ ဦးတည်မောင်းခဲ့ကြလေသည်။

မာရီယာ ရှိစဉ်က သူမတည်းနေသော အိမ်လိပ်စာကို ပေးထားခဲ့သောကြောင့် မေးမြန်း၍သွားရလေသည်။

ထိုလိပ်စာမှာ ကာလကတ္တားမြို့ပြင်ဘက်မှာ ရှိပြီး လူနေအိမ်ခြေ သိပ်မရှိတော့ဘဲ တောအုပ်နှင့် မြစ်ချောင်းလက်တက်များကို ဖြတ်ကျော်သွားရသည်။

အချို့သော ချောင်းများမှာ အတော်ကျယ်ဝန်းပြီး သစ်သားတံတားများ ထိုးထားသဖြင့် ထိုအပေါ်မှပင် ဖြေးဖြေးချင်း မောင်းသွားရသည်။

တံတားပေါ်မှ မော်တော်ကား မောင်းသွားခိုက်တွင် တံတားတိုင်များသည် အရက်မူးနေသူ သို့မဟုတ် နတ်ဝင်နေသူကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေသောကြောင့် သတိထား၍မောင်းကြရသည်။

တံတားတစ်စင်းနှစ်စင်း ကျော်ဖြတ်သွားပြီး တောင်နှံယံ တစ်ခုနံဘေးမှ ပတ်မောင်းသွားကြရာ နောက်ဆုံး သစ်တောအုပ်တစ်ခုအစပ်နားမှာ ဆောက်လုပ်ထားသော ရှေးအိမ်ဟောင်းကြီးတစ်လုံးကို လှမ်းမြင်ကြရသည်။

"မာရီယာ လိပ်စာပေးထားတာ ဒီနေရာပဲ"

အိမ်နှင့် မနီးမဝေးမှာ မော်တော်ကား ရပ်ထားခဲ့ကြပြီး နှစ်ယောက်သား အိမ်ဘက်သို့ လျှောက်သွားကြလေသည်။ အိမ်အောက်ထပ်မှာတော့ ငြိမ်သက်စွာ ထိုင်နေကြသည့် လူအချို့ကို တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ ဝင်လာတာ မြင်တော့ ရှိဝေသော မျက်လုံးများဖြင့် လှမ်းကြည့်နေကြသည်။

ထိုအထဲမှာ မာလဝရွာတွင် တစ်ခါတွေ့ခဲ့ဖူးသော မာရီယာ၏ အမေနှင့်အဖေအပြင် ယောဂီကြီးတစ်ဦးကိုပါ တွေ့ရသည်။

ယောဂီကြီးက သူတို့ကို မြင်တော့ အပြင်သို့ ထွက်လာလေသည်။

"နေရဋ္ဌရာတုန်းက မာရီယာဆီကို လာကြတဲ့ ဧည့်သည်တွေ မဟုတ်လား"

"ဟုတ်ပါတယ် ယောဂီကြီး"

"မာရီယာရဲ့သတင်းကို ကြားခဲ့ပြီးပြီ မဟုတ်လား"

"ကြားခဲ့ပြီးပါပြီ. . . သူ့အတွက် စိတ်မကောင်းပါဘူး"

"သူ့အနေနဲ့ ပေးဆပ်ရမယ့် အလုပ်ကြွေးတွေများ ကျန်ခဲ့လေသလား"

"မကျန်ပါဘူး. . သူလုပ်ပေးရမယ့် တာဝန်တွေအားလုံး လုပ်ပေးသွားခဲ့ပါတယ်"

ယောဂီကြီးက ခေါင်းတစ်ချက် ညိတ်ပြသည်။

"သေခြင်းတရားဆိုတာ ဆန်းကြယ်တဲ့အရာတော့ မဟုတ်ပါဘူး၊ ဘယ်သူမဆို လက်ခံပေးရမယ့်အရာတစ်ခုပါပဲ၊ တကယ်တော့ မာရီယာရဲ့ဝိညာဉ်ဟာ တစ်နေရာမှာ ရှိနေပါသေးတယ်"

"ကျွန်တော်တို့ သူနဲ့ တွေ့ခွင့်ရနိုင်ပါသလား"

ဒေါက်တာမင်းထင်ကျော်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်လေသည်။

"သူ လက်ခံမယ်ဆိုရင်တော့ တွေ့ခွင့်ရနိုင်ပါတယ်"

"ကျွန်တော် ဒီနေရာကိုပဲ လာခဲ့ရမှာလား"

"ဒီမှာ သူ မရှိတဲ့နောက်မှာ ဘယ်သူမှ နေကြတော့မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တကယ်လို့ သူ့အနေနဲ့ တွေ့ခွင့်ပေးချင်တယ်ဆိုရင်တော့ သူ့ဝိညာဉ်ကတစ်ဆင့် ဆက်သွယ်ပါလိမ့်မယ်၊ သင့်ရဲ့စိတ်တံခါးပေါက်ကိုသာ အဆင်သင့် ဖွင့်ထားပေးပါ”

ယောဂီကြီး ပြောလိုက်သည့် စကား၏အဓိပ္ပါယ်ကို အသေအချာ နားမလည်သော်လည်း လျှို့ဝှက်သည့် အဓိပ္ပာယ် တစ်ခုခု ရှိနေမှန်းတော့ စိတ်ထဲမှ သိနေလေသည်။

“ကောင်းပါပြီ. . . ကျွန်တော်ကြိုးစားထားပါ့မယ်”

ထို့နောက်. . .

မာရီယာ၏မိဘနှစ်ယောက်ကို ပါလာသောငွေကြေးများ ပေးထားခဲ့ပြီးနောက် နှစ်ယောက်ပြန်ခဲ့ကြလေသည်။ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်တွင် မာရီယာ၏ဝိညာဉ်ရှိနေလိမ့်မည်ဟု ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

# ဦးဇမ္ဗူကျော်နှင့် သူ၏အကြံအစည်

မာရီယာ သေဆုံးသွားခဲ့သည်မှာ တစ်ပတ်ခန့်ပင် ကြာမြင့်ခဲ့ပေသည်။

ထိုတစ်ပတ်အတွင်း အမီတာ မော်တော်ကားကို ယူပြီး ဒေါက်တာမင်းထင်ကျော်တစ်ယောက် မြို့စွန်မှ အိမ်ကြီးရှိရာသို့ သွားခဲ့သေးသည်။

သို့သော် မည်သူမျှ မရှိကြတော့ပေ။

တံခါးအားလုံး ပိတ်ကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာ၌ အတန်ကြာအောင်နေခဲ့ပြီးမှ ပြန်လာခဲ့သည်။

ပန်းချီပြပွဲ ကျင်းပရန်ကလည်း ရက်ပိုင်းမျှသာ လိုတော့သည်။ ပန်းချီကား ပြပွဲတင်မည့်ရက်မှာတော့ ကိုယ်ဟန်ပြပေးသွားသည့် မာရီယာက မရှိတော့ပေ။

ပြပွဲကျင်းပကာနီးမှ ရုတ်တရက် သေဆုံးသွားသော မာရီယာ၏သတင်းကိုလည်း လူအတော်များများက စိတ်ဝင်စားနေလေသည်။

သူမ မသေခင် နောက်ဆုံး ကိုယ်ဟန်ပြပေးသွားသည့် ပန်းချီကားသည် မည်သည့်ပန်းချီဆရာလက်ထဲမှာ ရှိနေမည်ကိုလည်း အားလုံးက စိတ်ဝင်စားနေကြသည်။ ပမာဆိုရလျှင် ရုပ်ရှင်ရိုက်နေရင်းနှင့် ရုပ်ရှင်သရုပ်ဆောင်က ရုတ်တရက် သေဆုံးသွားပြီး သူ ပါဝင်ခဲ့သော ရုပ်ရှင်ကားက ရုံတင်မပြသေးသကဲ့သို့ ရှိကာ အားလုံးက စောင့်မျှော်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ မာရီယာနှင့် ပတ်သက်သည့် ပန်းချီကား ရှိနေသည်ကို သိသူအချို့တော့ ရှိနေသည်။ ထိုအခြေအနေကို သိသဖြင့် အမိတာကလည်း စိတ်မချသောကြောင့် မကြာခဏ လာရောက်သတိပေးလေသည်။

“ကိုမင်းထင်ကျော် . . . ကာလကတ္တား တစ်မြို့လုံးမှာတော့ မာရီယာနဲ့ ပတ်သက်တဲ့သတင်းတွေက အတော်ကလေး ပြန့်နှံ့နေပြီ၊ အားလုံးကလည်း စိတ်ဝင်စားနေကြတယ်၊ တကယ်လို့သာ ခင်ဗျားရေးထားတဲ့ ပန်းချီကားသာ ပြပွဲတင်ရင်တော့ ကြိတ်ကြိတ်တိုးနေမှာ အသေအချာပဲ၊ ကျွန်တော်တော့ ခင်ဗျားအတွက် စိတ်မချတော့ဘူး၊ ကျွန်တော့်အိမ်မှာ ပြောင်းနေပါလား ကိုမင်းထင်ကျော်”

အမိတာက စေတနာဖြင့် ပြောသော်လည်း ဒေါက်တာမင်း



www.burmeseclassic.com

www.burmeseclassic.com


ထင်ကျော်က လက်မခံပေ။

"ရပါတယ်ဗျာ. . မပြောင်းတော့ပါဘူး၊ သူ့ဝိညာဉ် နောက်ဆုံးနေသွားတဲ့ ဒီအခန်းမှာပဲ ဆက်နေပါတော့မယ်"

ဟု ပြောမှ ပြန်သွားလေတော့သည်။

တကယ်ပြောရလျှင်လည်း ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း မာရီယာနှင့် တစ်ပတ်ခန့် အတူတကွ ရှိနေခဲ့သော ထိုအခန်းကလေးကို စိတ်ထဲမှာ လှို့ဝှက်စွာပင် သံယောဇဉ် တွယ်နေခဲ့ခြင်းဆိုကမမှားပေ။

သူ့စိတ်ထဲမှာ ထိုအခန်းလေးအတွင်းမှာ မာရီယာ၏ဝိညာဉ်ရှိနေဦးမည်ဟု ထင်နေမိသည်။

အကယ်၍ ထိုယူဆချက်မှာ သာမန်မဟုတ်သော ရူးသွပ်ခြင်းဆိုပါက သူ့အနေနှင့် အချစ်နှင့် ပတ်သက်သည့် ရူးသွပ်ခြင်းတစ်ခုကိုခံစားနေရပြီဖြစ်ကြောင်း ဝန်ခံရပေမည်။

ပန်းချီကား ပြပွဲတင်ရန် ရက်ပိုင်းမျှသာ လိုတော့သည့်အချိန်မှာဒေါက်တာမင်းထင်ကျော် ရှိနေသောနေရာသို့ ဦးဇမ္ဗူကျော်တို့တတွေမော်တော်ကားဖြင့် ရောက်လာကြပြန်သည်။

ဒေါက်တာမင်းထင်ကျော်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို မရိတ်သင်ဘဲ အရှည်အတိုင်း ထားကာ အညိုရောင် လောင်းကုတ်အင်္ကျီအရှည်ကြီးကို ဝတ်ဆင်ထားသည်။

ဆံပင်ရှည်များက လည်ကုပ်အထိ ဝဲကျနေပြီး ဒီဂရီ ပါသောမျက်မှန်တစ်လက်ကိုပါ တပ်ဆင်ထားရာ ရုတ်တရက် ကြည့်ပါက မူလပုံစံပင် မပေါ်တော့ပေ။

ထို့ပြင် ယခုအခြေအနေသည် ပန်းချီကားအတွက် စိတ်မချရသော အခြေအနေသို့ ရောက်နေပြီဖြစ်သောကြောင့် သူ အဖိုးကိုင်ဆောင်သော သေနတ်ကိုလည်း အင်္ကျီဘေးအိတ်အတွင်းမှာ အမြဲထည့်


www.burmeseclassic.com

www.burmeseclassic.com


ထားသည်။

ဦးဇမ္ဗူကျော်တို့ ရောက်လာသောအချိန်တွင် အေးအေးဆေး ဆေး အမူအယာဖြင့် စီးကရက် သောက်နေသောအချိန် ဖြစ်သည်။

တကယ်ဆိုမူ စိတ်ထဲမှာ ဦးဇမ္ဗူကျော်တို့ လာကြသည်ကို မနှစ် သက်သော်လည်း ဘာမှတော့ ထွေထွေထူးထူး မပြောတော့ပေ။

"မာရီယာရဲ့သတင်းကြားရတာ ကျုပ်တို့လည်း စိတ်မကောင်း ပါဘူး"

ခရီးရောက်မဆိုက် ဦးဇမ္ဗူကျော်က ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှ ပြန်မပြောသော်လည်း စိတ်ထဲမှာတော့. . .

"မစားရတဲ့အမဲ သဲနဲ့ ပက်သလို သူ့ကို ခေါ်မရတာနဲ့ သေ အောင် ခင်ဗျားကြံစည်လိုက်တာ မဟုတ်လား"

ဟု ပွဲတင်ထပ်နေလေသည်။

"ဒါထက် သူသေသွားတော့ ရေးလက်စ ပန်းချီကားရော ပြီး သွားရဲ့လား"

ခေါင်းညိတ်ပြလိုက်သည်။

"ပြီးသွားပါပြီ"

"ကြည့်ခွင့်ပေးမယ်ဆိုရင်တော့ ကြည့်ချင်ပါတယ်"

"ပြခန်းတင်တော့မှ ကြည့်ရင် ပိုပြီးအဆင်ပြေပါလိမ့်မယ်"

ထိုစကားကြောင့် ဦးဇမ္ဗူကျော်မှာ ဘာဆက်ပြောရမှန်း မသိ အောင်ဖြစ်သွားလေသည်။

အတန်ကြာမှ. . .

"ကျုပ် အခုလာတာ တခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဒေါက် တာနဲ့ အပေးအယူတစ်ခု လုပ်ချင်လို့ပါ"

ဟု ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"ပြောပါ ဦးဇမ္ဗူကျော်"

"ဒေါက်တာရေးထားတဲ့ မာရိယာရဲ့ ပုံတူပန်းချီကားကို ဝယ်ချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် တစ်ချက်ရယ်လိုက်သည်။

"မရောင်းပါဘူး"

"ဒေါက်တာ တောင်းတဲ့ငွေကြေးကို ပေးဖို့ အဆင်သင့် ရှိပါတယ်၊ ကျုပ်တို့ အမှတ်တရ သိမ်းထားချင်လို့ ဝယ်တာပါ"

"ဘယ်လောက်ပေးပေး မရောင်းပါဘူး၊ တကယ်လို့ ပြခန်းတင်ရင်လည်း ပြရုံသက်သက်ပဲ တင်မှာပါ၊ ရောင်းမှာ မဟုတ်ပါဘူး"

ထိုစကားကြားသောအခါ ဦးဇမ္ဗူကျော်နောက်မှ ပါလာကြသည့် လူမိုက်ရုပ်ပေါက်နေသည့် လူနှစ်ယောက်တို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ခင်ဗျားက ဒီလိုပြောနေရအောင် ခင်ဗျားရှေ့မှာ ရောက်နေတဲ့ ဦးဇမ္ဗူကျော်ဆိုတဲ့လူက ကာလကတ္တားမှာ ဘယ်လိုလူစားမျိုးဆိုတာ သိရဲ့လား"

"အဲဒါတွေ ငါစိတ်မဝင်စားဘူး"

"ခင်ဗျားက ကျုပ်တို့အကြောင်း ကောင်းကောင်းမသိသေးလို့ ဒီလို ဂျစ်ကန်ကန် မိုက်တူးတူး စကားမျိုး ပြောနေဝံ့တာပါ၊ တကယ်လို့သာ နည်းနည်းလောက် သိရင်တောင် ပြောဝံ့မှာ မဟုတ်ဘူး"

"မင်းတို့ ဘာပြောပြော ငါဂရုမစိုက်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ မြန်မြန်ပြန်သွားကြရင်တော့ အကောင်းဆုံးဖြစ်မယ် ထင်တယ်"

ထိုသို့ ပြောလိုက်သော် လူမိုက်ဟန်ပေါက်နေသော လူနှစ်ယောက်က ရှူးရှူးရှားရှားနှင့် ရှေ့သို့ တိုးလာရန် ဟန်ပြင်ကြရာ ဦးဇမ္ဗူကျော်က ဟန့်တားထားလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လူတွေအတွက် တောင်းပန်ပါတယ် ဒေါက်တာ၊ တကယ်လို့ ခင်ဗျား သဘောထားတစ်မျိုး ပြောင်းသွားရင်တော့ ကျုပ်ဆီကို တယ်လီဖုန်း ဆက်လိုက်ပါ"

ဟု ၎င်း၏လိပ်စာကတ်ကို ပေးထားခဲ့ပြီးနောက် ပြန်သွားကြလေတော့သည်။

၎င်းတို့ ပြန်သွားတော့မှ ဒေါက်တာမင်းထင်ကျော်မှာ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရလေတော့သည်။

မာရီယာ ပုံတူပန်းချီကားကြီးကို သေချာစွာ ထုပ်ပိုးပြီး ကတ္တီပါအိတ်ဖြင့် စွပ်ကာ လုံခြုံသောနေရာမှာ သိမ်းထားလေသည်။

ပန်းချီဆွဲသောအခန်းထဲမှာတော့ ပန်းချီဆွဲရန် ပြင်ထားသည့် သာမန်ပန်းချီကားချပ်များသာ ထားသည်။ ထိုနေ့ညက ပန်းချီကားကို စိတ်မချသဖြင့် တော်တော်နှင့် အိပ်မပျော်ခဲ့ပေ။

အတော်ညဉ့်နက်ပိုင်း ရောက်မှ မှေးခနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နားထဲမှာ တစ်စုံတစ်ခုကို ကြားလိုက်ရသောကြောင့် ဖျတ်ခနဲ ပြန်နိုးလာသည်။

အသံကြားရသောနေရာမှာ ပန်းချီကားများ ထားသောအခန်းဘက်မှ ဖြစ်သည်။

"ရှပ်. . . ရှပ်. . . ရှပ်"

ခြေသံက ဖွဖွလေး လျှောက်နေသော်လည်း တိတ်ဆိတ်နေသောအချိန်မို့ အတိုင်းသား ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထကာ အကျီအိတ်ထဲမှ သေနတ်ကို စမ်းကြည့်လိုက်သည်။

သေနတ်က အဆင်သင့် ရှိနေသည်။

ပန်းချီဆွဲသောအခန်းထဲမှာ မီးတစ်ပွင့် ထွန်းထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်က အတန်အသင့် ရှိနေသည်။

လှမ်းကြည့်လိုက်သောအခါ ပန်းချီဆွဲသောနေရာမှာ လူတစ်ယောက်ရှိနေသည်။

သူသည် တစ်စုံတစ်ခုကို ရှာဖွေနေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အမှောင်ရိပ် အကွယ်နေရာ၌ ရပ်ကာ အခြေအနေကို ကြည့်နေသည်။

ပထမတော့ ပန်းချီကား ခိုးရန် လာသူဟု ထင်လိုက်မိသည်။ အတန်ကြာတော့မှ မဟုတ်မှန်း သိရတော့သည်။

ရပ်နေသူက သူရှိရာဘက်သို့ တရွေ့ရွေ့ လျှောက်လာပြီး မနီးမဝေး ရောက်သောအခါ ရပ်လိုက်သည်။

ဦးခေါင်းပေါ်မှာ ခြုံထားသည့်အဝတ်စကို ဖယ်ချလိုက်သည်။

"ဟင်. ."

ဒေါက်တာမင်းထင်ကျော်မှာ အံ့ဩခြင်းနှင့်အတူ ရင်ထဲမှာ လှုပ်ရှားသွားလေတော့သည်။

မနီးမဝေး၌ ရပ်နေသူမှာ 'မာရီယာ' ပင် ဖြစ်တော့သည်။

"မာ. . မာရီယာ"

အမှောင်ရိပ်မှ ထွက်ကာ ခေါ်လိုက်သည်။

မာရီယာက သူရှိရာသို့ ပြေးလာပြီး ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။

သူကလည်း မာရီယာကိုယ်ကလေးကို တင်းကျပ်စွာ ထွေးဖက်ထားလိုက်လေသည်။

မာရီယာကိုယ်ကလေးမှာ ယခင်အတိုင်းပင် နွေးထွေးနေဆဲပင် ရှိသေး၏။

"မာရီယာ ဘယ်က လာတာလဲဟင်"

"မောင့်ကို သတိရလွန်းလို့ ဗိညာဉ်ဘဝက လာခဲ့တာပေါ့ မောင်



www.burmeseclassic.com

www.burmeseclassic.com


ရယ်"

"အခု ဘယ်မှာ နေသလဲ"

"ကျွန်မ ဘယ်ကိုမှ မသွားပါဘူး၊ မောင်တို့ ရောက်ခဲ့တဲ့ မြို့ပြင်က အိမ်ကြီးမှာပဲ တစ်ယောက်ထဲ နေတာပေါ့"

"ကိုယ် အဲဒီအိမ်ကြီးကို တစ်ခေါက်ရောက်ခဲ့သေးတယ်"

"ကျွန်မ သိပါတယ်၊ ဒါပေမယ့် ထွက်တွေ့ခွင့် မသာလို့ ထွက်မတွေ့တာပါ"

"ကိုယ်တော့ မာရီယာကို သိပ်ပြီးသတိရနေတာပဲ၊ မာရီယာ ဘယ်ဘဝမျိုးကိုပဲရောက်ရောက် ချစ်နေမှာပါပဲ"

"ဒီစကား ကြားရတာ ဝမ်းသာပါတယ် မောင်ရယ်၊ ဒါပေမယ့် မောင်နဲ့ကျွန်မနဲ့က ဘဝခြားနေကြပြီ မဟုတ်လား"

"အို. . . ဘဝခြားနေပေမယ့် အခုလို တွေ့ခွင့်ရရင် ကျေနပ်ပါပြီ"

"ဒါပေမယ့် ပန်းချီပြပွဲပြီးရင် မောင်က မြန်မာပြည်ကို ပြန်သွားတော့ ဘယ်လိုလုပ်မှာလဲဟင်"

"မာရီယာ လိုက်လာခဲ့ပေါ့"

"ကျွန်မက ဝိညာဉ်ဘဝ ရောက်နေတော့ ရေခြားမြေခြား လိုက်လို့မရနိုင်ဘူး"

"အို. . . ဒီလိုဆိုရင်လည်း မာရီယာ ရှိတဲ့အရပ်မှာပဲ နေမှာပေါ့"

ဟု ပြောကာ မာရီယာကိုယ်ကလေးကို တိုး၍ဖက်ထားလိုက်ရာ မာရီယာကလည်း ပြန်ဖက်ထားလေသည်။

ထိုသို့ ထွေးဖက်ထားစဉ်မှာ မာရီယာ၏ခန္ဓာကိုယ်ငွေ့များမှ ယခင်ကအတိုင်း နွေးထွေးမှု ပေးနေဆဲ ဖြစ်သည်ကိုတော့ စိတ်ထဲမှာ အံ့ဩနေသည်။


www.burmeseclassic.com

www.burmeseclassic.com


"မာရီယာဟာ ဝိညာဉ်ဘဝက လာတယ်သာ ဆိုရတယ်၊ သူ့ရဲ့ အတွေ့အထိက လူတစ်ယောက်အတိုင်းပါပဲလား၊ မာရီယာ သေတယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား"

ဟု စိတ်ထဲမှာ တွေးနေမိသည်။

ထိုသို့ တွေးနေသည်ကိုပင် မာရီယာက သိဟန်တူသည်။

"မောင်က ကျွန်မ သေသွားတယ်ဆိုတာကို အခုထိ မယုံနိုင်သေးဘူးလား၊ အခုနေ ဟူဂလီမြစ်ထဲက မော်တော်ကားကို ရှာလို့ တွေ့မယ်ဆိုရင် ကျွန်မရဲ့အလောင်းကို တွေ့ရမှာပါ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်သည်။

"တကယ်တော့ ကျွန်မ အခုလိုသေရတာ သွေးရိုးသားရိုး သေရတာ မဟုတ်ပါဘူး၊ ဦးဇမ္ဗူကျော်က ကားသမားနဲ့ ပေါင်းပြီး ကျွန်မကို မသေ့သေအောင် သတ်ခဲ့ကြတာ၊ ကျွန်မကို မော်တော်ကားနောက်ခန်းမှာ တံခါးပိတ်ထားပြီး မြစ်ထဲကို တမင်ထိုးချလိုက်တာပါ၊ ဒါကြောင့် မော်တော်ကား မောင်းတဲ့သူက ခုန်ဆင်းနိုင်ခဲ့တာပေ့ါ၊ ဒီအကြံအစည်တွေအားလုံးက ဦးဇမ္ဗူကျော်ရဲ့အကြံအစည်တွေချည်းပါပဲ"

"ဒီအတိုင်းသာ မှန်ရင်တော့ အမှုမှန် ပေါ်အောင် ကိုယ်ကြိုးစားပေးပါ့မယ်"

"ကျွန်မကလည်း သူ့အပေါ်မှာ မကျေနပ်နိုင်သေးဘူး၊ အခုလို ဝိညာဉ်ဘဝနဲ့ လက်စားချေဖို့ လုပ်ရမယ်၊ ကျွန်မ သေသလို သူလည်း အသေဆိုးနဲ့ သေရမယ်"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်ကို နှုတ်ဆက်ကာ အမှောင်ရိပ်ထဲသို့ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ မာရီယာကို ပြန်မလွှတ်ချင်သော်လည်း ဘဝချင်း ခြားနေပြီမို့ မည်သို့မှ မတတ်သာဘဲ ကြည့်နေရလေ


www.burmeseclassic.com

www.burmeseclassic.com



သည်။

မာရီယာ ပြန်သွားပြီးသည့်နောက်ပိုင်းမှာလည်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ အတွေးကောင်းနေခဲ့ရာ အရုဏ်တက်ကာနီးမှ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

နေအတော်မြင့်မှ အိပ်ပျော်ရာမှ ပြန်နိုးလာပြီး ပန်းချီပြခန်းထဲ ဝင်ကြည့်သောအခါ နောက်ဘက်မှ တံခါးတစ်ချပ်မှာ ချက်ပြုတ်နေပြီး အခန်းတွင်းမှာ ရှိသော ပန်းချီကားနှင့် အခြားပစ္စည်းများမှာ ဖရိုဖရဲဖြစ်နေလေသည်။

ပန်းချီကားများပေါ်မှာ အုပ်ထားသော စက္ကူနှင့် အဝတ်စများမှာ ဓါးဖြင့် ခွဲထားသကဲ့သို့ အစိပ်စိပ်အမွှာမွှာ ဖြစ်နေတော့သည်။

ညကမူ အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်သည် အခန်းတွင်းသို့ လျှို့ဝှက်စွာ ဝင်လာပြီးနောက် သူရေးဆွဲထားသော မာရီယာ၏ ပန်းချီကားကို ရှာဖွေသွားဟန်ရှိလေသည်။

ထိုအခြေအနေကို ကြိုတင်တွက်ဆမိသောကြောင့် ပန်းချီကားကို ညဦးပိုင်းကတည်းက လုံခြုံစိတ်ချသောနေရာ၌ သိုဝှက်ထားခဲ့လေသည်။

သူဝှက်ထားသောနေရာသို့ သွားကြည့်သောအခါ မာရီယာ၏ ပန်းချီကားကို အခြေအနေမပျက် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

## ထူးဆန်းစွာ ရောက်လာသော ယောဂီတစ်ဦး

ပန်းချီပြပွဲကို ကာလကတ္တားမြို့၏ အဓိကကျသော ဗီးနပ်စ် အကယ်ဒမီပြခန်းမှာ ကျင်းပပြုလုပ်ခဲ့လေသည်။ ထိုပြခန်းမှာ ကာလကတ္တား၌ လူသိများနေရာလည်းဖြစ်၊ မြို့လယ် ထင်ရှားသောနေရာမှာလည်း ရှိပေသည်။

မြင်းကွင်း၏အရှေ့မြောက်ယွန်းယွန်း၌ ဝိတိုရိယပြတိုက်ကြီး ရှိသည်။ ထိုပြတိုက်ကြီးနှင့် လမ်းမကျယ်တစ်လမ်းသာ ခြားသောနေရာ၌ နက္ခတ်တာရာပြခန်းကြီး ရှိလေသည်။

ထိုနေရာနှင့် မနီးမဝေး နေရှူးလမ်းမပေါ်မှာ ဗီးနပ်စ် အကယ်

www.burmeseclassic.com

www.burmeseclassic.com


ဒမီပြခန်းရှိလေသည်။

ထိုပြခန်း၌ ပန်းချီပြပွဲ ကျင်းပမည့်အကြောင်းကို ကြိုတင်၍ ကြေညာထားခဲ့သည်က တစ်ကြောင်း၊

မာရီယာနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်သတင်းများက လည်း ပြန့်နှံ့နေသည်ကတစ်ကြောင်း၊ ပြခန်းဖွင့်ပွဲနေ့မှာပင် လူပေါင်း ထောင်သောင်းမက လာရောက်ကြည့်ရှုကြရာ ကြိတ်ကြိတ်တိုးမျှ စည် ကားလေသည်။

ပြပွဲသို့ ကာလကတ္တားမှာ ရှိသော ပန်းချီဆရာများအပြင် အိန္ဒိယနိုင်ငံအဝှမ်းမှာ ရှိကြသော ပန်းချီဆရာများလည်း ဝင်ရောက် ပြသကြသည်။

ထို့ပြင် တိဘက်၊ နီပေါ၊ တရုတ်ပြည်မှ ပန်းချီဆရာအချို့၏ ပန်းချီကားများလည်း လာရောက်ပြသကြလေသည်။

မြန်မာနိုင်ငံမှ ဒေါက်တာမင်းထင်ကျော်၏လက်ရာဖြစ်သော မာရီယာ၏ပုံတူပန်းချီကားကို ချိတ်ဆွဲပြသလေသည်။

ပထမတော့ ၎င်းပန်းချီကားကို အက္ခရာစဉ်အလိုက် ချိတ်ဆွဲ ပြသထားသော်လည်း မာရီယာနှင့် ပတ်သက်၍ တစ်ခုတည်းသော ပန်းချီကားဖြစ်နေသောကြောင့် ကြည့်ရှုသူ များပြားလှပေရာ ပြပွဲ တာဝန်ရှိသူများက ထိုပန်းချီကားကို သီးသန့်နေရာ၌ ချိတ်ဆွဲထားပြီး များပြားလှသောလူများကို တန်းစီ၍ အလှည့်ကျ ဝင်ကြည့်ရသည့်အခြေ အနေမျိုး ဖန်တီးပေးကြရသည်။

အချို့ကလည်း ထိုပန်းချီကားကို တန်ဖိုးသတ်မှတ်သမျှ ဈေး နှုန်းဖြင့် ဝယ်ယူရန် ကမ်းလှမ်းလာကြသည်။

ဒေါက်တာမင်းထင်ကျော်က ပန်းချီကားအောက်ဘက် တစ်နေ ရာတွင် (Not for sale) 'ရောင်းရန်မဟုတ်ပါ' ဟူသော စာတန်းငယ် တစ်ခုကို ကပ်ထားသော်လည်း မရမက ဝယ်ယူရန် ကမ်းလှမ်းကြလေ


www.burmeseclassic.com

www.burmeseclassic.com


သည်။

အမိတာကတော့ ဒေါက်တာမင်းထင်ကျော်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်နေလေသည်။

"ကိုမင်းထင်ကျော်. . . ခင်ဗျားအတွက် အများကြီး ဂုဏ်ယူပါတယ်၊ ခင်ဗျားရေးထားတဲ့ ပန်းချီကားက မာရီယာရဲ့ပန်းချီကား ဖြစ်နေတာက တစ်ကြောင်း၊ ခင်ဗျားရေးဆွဲတဲ့လက်ရာကလည်း အနုပညာမြောက်လေတော့ အခုလောက် အောင်မြင်သွားတာပဲဗျ၊ ခင်ဗျားကိုတော့ တကယ့်ကို တန်းဝင် ပန်းချီဆရာတစ်ယောက်အဖြစ် အားလုံးက လက်ခံသွားကြပြီဗျ"

ဟု ပြောလေသည်။

"ကျွန်တော်ကတော့ ဒီပန်းချီကားတစ်ချပ်ကို ရေးပြီးကတည်းက နောက်ထပ် ပန်းချီရေးချင်စိတ် လုံးဝမရှိတော့ပါဘူးဗျာ"

ထိုစကား ကြားသောအခါ အမိတာက စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ၊ ပြီးခဲ့တာတွေ ပြီးပြီဆိုတော့ ကိုယ့်စိတ်ကိုလည်း ဖြေမှပေါ့"

"ရပါတယ်ဗျာ. . . ဒါထက် ခင်ဗျားကို တစ်ခုတော့ ပြောစရာ ရှိတယ်"

"ပြောလေဗျာ"

"တခြားတော့ မဟုတ်ပါဘူး၊ ပြပွဲသိမ်းလို့ ကိစ္စတွေအားလုံး ပြီးသွားရင် ကျွန်တော် ဒီမှာ တစ်ပတ်နှစ်ပတ်လောက် ဆက်နေချင်သေးတယ်ဗျာ"

"ဒါများဗျာ. . . ခွင့်တောင်းနေစရာ မလိုပါဘူး၊ ခင်ဗျား စိတ်ရှိသလောက် နေနိုင်ပါတယ်၊ အခု ခင်ဗျားကို ပေးထားတဲ့အိမ်ဟာ ကျွန်တော်တို့အတွက် အပိုထားတဲ့အိမ်ဆိုတော့ ဘာမှအပန်းမကြီးပါဘူး၊


www.burmeseclassic.com

www.burmeseclassic.com



ပျော်သလောက်သာ နေပါဗျာ"

"ကျေးဇူးတင်ပါတယ် အမီတာရယ်၊ တခြားတော့ မဟုတ်ပါဘူး၊ မာရီယာက ကျွန်တော့်အပေါ်မှာ တာဝန်ကျေ သွားခဲ့ပေမယ့် ကျွန်တော်က သူ့အတွက် တာဝန်ကျေအောင် လုပ်မပေးနိုင်သေးဘူး၊ သူ့ရဲ့အမှုမှန် ပေါ်အောင် စုံစမ်းချင်သေးတယ်ဗျ"

ထိုစကားကြားသောအခါ အမီတာက စိတ်မကောင်းစွာဖြင့် တစ်ချက်ကြည့်သည်။

"ခင်ဗျား ဘယ်လို ခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ မာရီယာ သေတာနဲ့ ပတ်သက်ပြီး ကျွန်တော့် စိတ်ထဲမှာလည်း ဘဝင်မကျလှပါဘူး၊ ဒါပေမယ့် တစ်ခုတော့ သတိထားဗျာ၊ အိပ်ပျော်နေတဲ့ကျားကို သွားပုတ်နှိုးသလို ဖြစ်လာရင်တော့ ခင်ဗျားအတွက် အန္တရာယ်တွေ ရောက်လာနိုင်တယ်"

"ရပါတယ်ဗျာ. . . ဒီလိုပဲ ရင်ဆိုင်ရမှာပေါ့"

နောက်ပိုင်းမှာတော့ ပန်းချီပြပွဲ ကျင်းပ၍ မပြီးသေးခင်မှာပင် ထူးဆန်းသောဖြစ်ရပ်တစ်ခု ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ။

ပြတိုက်တွင် အစောင့်များ ထူထပ်စွာ ရှိနေသည့်ကြားမှ ဒေါက်တာမင်းထင်ကျော် ရေးဆွဲထားသော မာရီယာ၏ပန်းချီကားမှာ ပျောက်ဆုံးသွားလေတော့သည်။

ပြပွဲတာဝန်ရှိသူများကတော့ အခိုးခံရသည်ဟု ထင်ကာ အပူတပြင်း လိုက်လံစုံစမ်းကြပါသော်လည်း အစအနပင် မတွေ့ကြရပေ။

ထိုအကြောင်းနှင့် ပတ်သက်ပြီး ဦးဇမ္ဗူကျော်တို့အဖွဲ့မှာလည်း ခေါင်းခဲနေကြသည်။

"ဆရာကြီး ကြားပြီးပြီမဟုတ်လား၊ မာရီယာရဲ့ပန်းချီကား ပြပွဲမှာ တင်ထားရင်းနဲ့ အခိုးခံရလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်နိုင်ပါ့မလား ကာလ်တန်ရဲ့"

"ဖြစ်နိုင်လို့ပဲ အခု မရှိတော့ဘူးဗျ၊ ပုလိပ်တွေ စုံထောက်တွေနဲ့ အပူတပြင်း လိုက်ရှာနေကြတယ်"

"ဘယ်သူ ယူသွားတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ ဆရာကြီးရယ်၊ အဲဒီပန်းချီကား ပျောက်သွားပုံကတော့ အတော်ကလေး ဆန်းနေတယ်"

ကာလ်တန်စကားကြောင့် ဦးဇမ္ဗူကျော်က ဘာမှမပြင်းဘဲ ဆေးပြင်းလိပ်ကိုသာ မီးညှိပြီး တွင်တွင်ဖွာနေလေသည်။

"ဒီပန်းချီကားက အခုအခြေအနေမှာ ရောင်းမယ်ဆိုရင် ကြိုက်ဈေးရမယ့်အနေအထားမှာ ရှိနေတယ်၊

ငါတို့ထက်အရင် လက်ဦးသွားတာ ဘယ်သူတွေများ ရှိနေသေးလို့လဲ"

"ဒီအတိုင်းသာ လက်လွှတ်ပေးလိုက်ရရင်တော့ ကျွန်တော်တို့ ကြံစည်ခဲ့သမျှတွေ သဲထဲရေသွန် ဖြစ်တော့မှာ အမှန်ပဲ"

ထိုသို့ပြောနေစဉ် သူတို့ရှိရာသို့ အဝတ်အစား ဖရိုဖရဲနှင့် လူတစ်ယောက် ရောက်လာလေသည်။

ထိုလူမှာ အရက်မူးနေဟန် ရှိလေသည်။

"မောင်စိန်. . . ဘာလာလုပ်ပြန်ပလဲ"

"ကျွန်တော့်မှာ ကားမမောင်းရတော့ စားစရာ သောက်စရာ မရှိတော့ဘူး၊ ထပ်ပေးပါဦး ဆရာကြီး"

"မင်းဟာ မလွန်လွန်းဘူးလား၊ မင်းကို ပေးသင့်ပေးထိုက်တဲ့ ငွေလည်း ငါပေးထားပြီးသားပဲ၊ ဘာကြောင့် ထပ်တောင်းနေပြန်တာလဲ"

"ဆရာကြီး ပေးတဲ့ငွေက မော်တော်ကားပိုင်ရှင်ကို အလျော်


www.burmeseclassic.com

www.burmeseclassic.com


ပေးလိုက်ရလို့ တစ်ပြားမှ မကျန်တော့ဘူး၊ နောက်ကားတွေ ငှားမောင်းဖို့ လိုက်ပြောပြန်တော့လည်း ဘယ်သူကမှ ကျွန်တော့်ကို မငှားချင်ကြတော့ဘူး၊ ကျွန်တော်လည်း ကားမောင်းတဲ့အလုပ်မျိုးပဲ လုပ်တတ်တယ်၊ ကားမမောင်းရတော့ဘူးဆိုရင်တော့ မိန်းမနဲ့ ကလေးတွေတော့ ငတ်မှာပဲ၊ ဒီတော့ ဆရာကြီး ခိုင်းတဲ့အတိုင်း ကျွန်တော် လုပ်ပေးခဲ့ပြီးပြီ၊ ကျွန်တော့်မှာ စားစရာ မရှိရင်တော့ ဆရာကြီးကပဲ ပေးရမှာပဲ"

ဟု အရက်မူးမူးနှင့် အော်ကြီးဟစ်ကျယ် ပြောနေရာ ဦးဇမ္ဗူကျော်မှာ မျက်စိမျက်နှာပျက်သွားလေသည်။

"မင်းအသံကလည်း တိုးတိုးပြောစမ်းပါကွာ၊ တော်ကြာ ပတ်ဝန်းကျင်က ရိပ်မိသွားပါဦးမယ်၊

ဒါပဲနော်. . . မင်းတောင်းတဲ့ငွေကိုလည်း ငါပေးလိုက်မယ်၊ မင်းဘက်ကလည်း နှုတ်လုံပါစေနော်၊

ဒီအမှုပေါ်လာရင် မင်းက အရင် ရှေ့က ကြိုးစင်ပေါ် တက်မယ်ဆိုတာကိုလည်း မမေ့လေနဲ့"

"စိတ်ချပါဗျာ"

မောင်စိန်ဆိုသူက ဦးဇမ္ဗူကျော် ပေးသောငွေများကို ယူ၍ ဒယိမ်းဒယိုင်ဖြင့် ထပြန်သွားလေသည်။

ဦးဇမ္ဗူကျော်က မောင်စိန်၏ကျောပြင်ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေလေသည်။

မောင်စိန်ကတော့ ဘာမှမသိတော့ဘဲ အပြင်သို့ တစိုက်စိုက် ထွက်သွားလေတော့သည်။

"ဆရာကြီး ဒီပုံအတိုင်းသာဆို မောင်စိန်ကိစ္စက တော်တော်နဲ့ ပြီးတော့မှာ မဟုတ်ဘူး၊ နောက်ပြီး သူက အမြဲအရက်မူးနေတာ. . . စိတ်ချရပါ့မလား"

"ဒီအတိုင်းတော့ ကြာကြာထားလို့ ဘယ်ရမလဲ၊ အချိန်တန်


www.burmeseclassic.com

www.burmeseclassic.com


တော့လည်း သူ့ထိုက်နဲ့သူ့ကံ ရှင်းသွားမှာပါ၊ ဒါက အသာထားလိုက်စမ်းပါ၊ စောစောကအကြောင်းကို ပြန်ဆက်ကြရအောင်”

ဟု စကားစ ဖြတ်လိုက်သောကြောင့် စောစောက ပြောနေသည့် မာရီယာပန်းချီကားအကြောင်းကို ပြန်ဆက်ကြသည်။

ထိုအခါ တပည့်တစ်ယောက်က ပြောပြသည်။

“ပြပွဲရက် မတိုင်ခင်က ပန်းချီကားခိုးဖို့ ကျွန်တော်တို့ သွားကြတော့ ထူးခြားတာ တွေ့ခဲ့ရတယ် ဆရာကြီး”

“ဘယ်လိုထူးခြားမှုမျိုးလဲ”

“ကျွန်တော်တို့ ရောက်သွားတော့ ပန်းချီဆရာနဲ့ အတူတူ သေသွားတဲ့ မာရီယာကိုပါ တွေ့ခဲ့ရတယ်”

ထိုစကားကြောင့် ဦးဇမ္ဗူကျော်မှာ မျက်လုံးပြူးသွားလေသည်။

“ဟုတ်ရဲ့လားဟ. . . မာရီယာ သေတာပဲ အတော်ကြာနေမှပဲ”

“ဟုတ်ပါတယ် ဆရာကြီး၊ မာရီယာမှ မာရီယာအစစ်ပါပဲ၊ ကျွန်တော်တစ်ယောက်တည်း မြင်တယ်ဆိုရင်တောင် မျက်စိမှားတာလို့ ထင်ချင်စရာ ဖြစ်ပေမယ့် ကျွန်တော်နဲ့ အတူတူ သွားတဲ့အဖော်ကပါ မြင်ခဲ့တာပါ”

“ဒါဖြင့် မင်းတို့ကို တစ္ဆေခြောက်လှတ်လိုက်ပြီနဲ့ တူပါတယ်”

ဟု ကာလ်တန်က ဝင်ပြောသည်။

“သရဲတစ္ဆေခြောက်တာတော့ မဟုတ်တာ အမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ ပန်းချီဆရာနဲ့ သူတို့နှစ်ယောက် ပွေ့ဖက်ပြီး စကားပြောနေတာကို ကျွန်တော်တို့မျက်စိနဲ့ သေသေချာချာကို မြင်ခဲ့ရတာဗျ”

ထိုသို့ အသေအချာ ပြောပြသောအခါ ဦးဇမ္ဗူကျော်ပင် ဇဝေဇဝါဖြစ်သွားတော့သည်။

“ဒါ. . ဒါဖြင့် မာရီယာ အသက်မသေဘဲ လွတ်သွားခဲ့တာများ


www.burmeseclassic.com

www.burmeseclassic.com


လား"

"မဖြစ်နိုင်ပါဘူး ဆရာကြီးရယ်၊ မော်တော်ကားရော လူပါ ရေအောက်မှာ အစအန ပျောက်သွားပြီးမှ ဘယ်လိုအသက်ရှင်နိုင်တော့ မှာလဲ၊

သူတို့နှစ်ယောက် အကြည့်အမြင်မှားခဲ့တာပဲဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ မာရီယာရဲ့ဝိညာဉ်က တစ္ဆေခြောက်လှတ်လိုက်တာ ကေန်မုချ ဖြစ်မှာပဲ"

ဟု ကာလ်တန်က ပြောရာ ဦးဇဗ္ဗူကျော်လည်း နောက်ထပ် ဘာမှမပြောတော့ပေ။

သို့စေကာမူ စိတ်ထဲမှာတော့ မတင်မကျ ရှိနေလေသည်။

ထို့နောက်မှာတော့ တပည့်များကို ပြတိုက်မှ ခိုးယူသွားသော ပန်းချီကားနှင့် ပတ်သက်၍ သတင်းစုံစမ်းရန် စေခိုင်းလိုက်လေသည်။

ဦးဇမ္ဗူကျော်အနေနှင့် အပွဲပွဲ နွှဲလာခဲ့သမျှ ဒီပွဲကျမှ ခံနေရ သကဲ့သို့ ရှိလေသည်။

သူကြံစည်သမျှ တစ်ခုမှ အဆင်မပြေဘဲ အခြားသူများက နှာတစ်ဖျားသာကာ အကြံအစည် ဦးနေသကဲ့သို့ ဖြစ်နေလေသည်။

ယခုလည်း သူ့အနေနဲ့ ရတဲ့နည်းနဲ့ ယူမည်ဟု ကြံစည် စိတ်ကူး ထားခဲ့သည့် ပန်းချီကားကို အခြားသူ တစ်ဦးတစ်ယောက်က လက်ဦးမှု ရယူကာ ခိုးယူသွားခဲ့ပြန်ချေသည်။

ထို့ထက်ပို၍ အရေးကြီးသောအချက်မှာ မာရီယာ တစ် ယောက် တကယ်သေမသေ တိတိကျကျ မသိရသောကိစ္စပင် ဖြစ်ပေ သည်။

အကယ်၍သာ သူတို့ထင်ထားသလို မာရီယာတစ်ယောက် အသက်မသေဘဲ လွတ်မြောက်ခဲ့ပါက ပြဿနာက အေးအေးဆေးမည် မဟုတ်ပေ။


www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးများက ဦးဇမ္ဗူကျော်အား နှိပ်စက်မှု ပြုနေကြလေသည်။

မိမိနေအိမ် ပြန်ရောက်သော်လည်း တော်တော်နှင့် အိပ်မပျော်နိုင်သောကြောင့် ဆေးပြင်းလိပ်ကို တွင်တွင်ဖွာကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော့သည်။

"မာရီယာက မသေဘဲ ပြန်လွတ်လာခဲ့ရင်. . .

မာရီယာ မသေဘဲ ပြန်လွတ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ငါ ကြံစည်ခဲ့တာတွေကို သူရိပ်မိနေသလား၊

ကားသမားမောင်စိန်ကရော စိတ်ချရပ့ါမလား. . .

တကယ်လို့ တစ်ခုခု ပေါက်ကြားသွားခဲ့ရင်တော့ ငါ့အတွက် အရှက်တကွဲ အကျိုးနည်း ဖြစ်ရုံမကဘူး၊ ထောင်ထဲ ဝင်ရမှာ အသေအချာပဲ. . .

ငါဘယ်လိုလုပ်ရမလဲ. . .

ငါဘယ်လိုလုပ်ရမလဲ. . ."

ဟူသောအတွေးများက နှိပ်စက်နေသောကြောင့် အတော်နှင့် အိပ်မရဘဲ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေသည်။ ထိုအချိန်ရောက်မှ အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်လာလေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ပထမတော့ မိမိတပည့်တစ်ယောက် အရေးတကြီးကိစ္စရှိသောကြောင့် ရောက်လာသည်ဟု ထင်လိုက်မိသည်။

"ဘယ်သူလဲ"

"ဧည့်သည်ပါ"

အပြင်ဘက်မှ အသံခပ်သြသြနှင့် ပြောလိုက်သည့်အသံမှာ သူ မကြားဖူးသေးသောအသံမျိုး ဖြစ်သဖြင့် ကပျာကယာ တံခါးဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်ဝမှာ ရပ်နေသူမှာ ယောဂီကြီးတစ်ဦးပင် ဖြစ်သည်။

ဦးခေါင်းပေါ်မှာ ဆံထုံးသေးသေးကို ထုံးထားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအရှည်များက အောက်သို့ ကျနေလေသည်။

ကိုယ်ပေါ်၌ ပါးလွှာသော နံငယ်ပိုင်းတစ်ခုသာ ပတ်ထားလေသည်။

လက်ထဲမှာတော့ တောင်ဝှေးရှည်တစ်ချောင်း ကိုင်ထားလေသည်။

ယောဂီကြီးမှာ အသက်အရွယ်ကြီးရင့်လှပြီ ဖြစ်သော်လည်း မျက်လုံးများကတော့ အရောင်တောက်ပလျက်ပင် ရှိနေသေးသည်။

အမှောင်ရိပ်ထဲမှာပင် အရောင်လက်နေသေးသည်။

ဦးဇမ္ဗူကျော်မှာ အချိန်မတော်ကြီးကျမှ တံခါးပေါက်ဝမှာ ယောဂီကြီးကို တွေ့လိုက်ရသဖြင့် များစွာစိတ်တိုသွားလေသည်။

ကာလကတ္တားအပါအဝင် အိန္ဒိယနိုင်ငံ နေရာအနှံ့အပြား၌ ယောဂီနှင့်ဆာဒူးကြီးများစွာတို့ ရှိကြသည်။

တကိုယ်လုံး ချေးအထပ်ထပ်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ အရှည်ထားကာ တောင်ဝှေးတစ်ချောင်း၊ ကြေးခွက်တစ်လုံးဖြင့် နေရာအနှံ့ သွားလာနေကြလေသည်။

၎င်းတို့သည် တောင်းရမ်းစားသောက်ကြသူများ မဟုတ်စေကာမူ စေတနာဖြင့် ကျွေးမွေးလျှင် လက်ခံ၍ စားသောက်ကြသည်။

အများအားဖြင့်တော့ နွားနို့နှင့် သက်သက်လွတ် အစားအသောက်များကို နှစ်သက်ကြသည်။

ထိုသို့ကျွေးမွေးလှူဒါန်းသူများကို ရှေ့ကာလ၌ ဖြစ်ပျက်လာမည့် အနာဂတ်ဟောကိန်းများကို ပြောပြလေ့ ရှိသော်လည်း ဗေဒင်ဆရာများတော့ မဟုတ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အခန်းပေါက်ဝ၌ ယောဂီကြီး ရပ်နေသည်ကို မြင်သောအခါ လာရောက်တောင်းရမ်းသည်အထင်နှင့် တံခါးကို 'ဝုန်း' ကနဲ မြည်အောင် ပိတ်လိုက်သည်။

သို့သော် တံခါးက ပိတ်မသွားဘဲ ပြန်ပွင့်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ယောဂီကြီး၏တောင်ဝှေးက တံခါးကြားထဲ၌ ခံနေသောကြောင့်ဖြစ်သည်။

"ခင်ဗျားဘာလုပ်တာလဲ၊ ဒီမှာ စားသောက်စရာ ဘာမှ မရှိဘူး"

"ကျုပ် တောင်းရအောင် လာတာမဟုတ်ပါဘူး၊ သင့်လို စိတ်ထားယုတ်မာရက်စက်သူဆီကလည်း ဘာအစားအသောက်မှ မလိုချင်ပါဘူး"

ထိုစကားကြောင့် အနည်းငယ်တော့ တွန့်သွားသည်။

"ဒါဖြင့် ဘာကိစ္စရှိလို့လဲ"

"မာရီယာနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပါ၊ သူ ဘယ်လိုအခြေအနေမှာ ရှိနေတယ်ဆိုတာကို သိပ်ပြီးသိချင်နေတယ် မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်. . ခင်ဗျား ဘယ်လိုသိနေတာလဲ"

"ကျုပ် ဘယ်လိုသိသလဲဆိုတာထက် မာရီယာ အကြောင်းကို သိရဖို့က ပိုပြီးအရေးကြီးတယ် မဟုတ်လား၊

တကယ်တော့ သူက သေသွားပါပြီ၊ ဒါပေမယ့် သူ့ရဲ့ဝိညာဉ်က တော့ ရှိနေသေးတယ်"

"ဟင်. . "

"ပျောက်သွားတဲ့ပန်းချီကားက အခု သူ့လက်ထဲမှာ ရောက်နေပြီ"

"ခင်ဗျားဘာတွေပြောနေတာလဲ၊ သေသွားတဲ့ လူတစ်ယောက်က ပန်းချီကားကို ဘယ်လိုယူနိုင်မှာလဲ"

"ဝိညာဉ်တွေဟာ ဝိညာဉ်ချင်း တူပေမယ့် အဆင့်အတန်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ မရှိပေ။

သို့သော်လည်း သူ့စိတ်ထဲမှာတော့ ကားနောက်ခန်းမှ ကူရှင်ပေါ် တစ်စုံတစ်ယောက် ထိုင်နေသည်ဟု ထင်နေမိသည်။

သူက ရှေ့ဘက်သို့ လှည့်လိုက်သည့် နောက်ဘက်မှ အသံကို ကြားရသည်။

လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

နောက်တော့ စိတ်ထဲမှာ သည်းမခံနိုင်အောင် ဖြစ်လာသောကြောင့် နောက်ဖက်မှ မီးလုံးကို ဖွင့်လိုက်သည်။

ခပ်မှိန်မှိန် အလင်းရောင်ကြောင့် နောက်ဘက်ကူရှင်ပေါ်မှ အရာကို မြင်ရသဖြင့် မျက်လုံးပြူးသွားလေသည်။

"ဟင်. ."

သူမြင်ရသောအရာက အခြားမဟုတ်ပေ။

ကူရှင်ပေါ်မှာ လောလောဆယ် စိုရွှဲနေသည့် ရေကွက်ကြီးပင် ဖြစ်တော့သည်။

မောင်စိန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး မော်တော်ကားကို စက်နှိုးပြီး ထိုနေရာမှ မောင်းပြေးရန် စိတ်ကူးလိုက်သေးသည်။

သို့စေကာမူ ထိုအချိန်ကျမှ စက်က မနိုးတော့ပေ။

ထိုအခိုက်မှာပင် မီးအိမ်တစ်လုံး ကိုင်ထားသော လူတစ်ယောက်က တစိုက်စိုက်နှင့် မော်တော်ကား ရှိရာသို့ လျှောက်လာသည်။

မိုးရေများကြောင့် ၎င်းကိုင်ဆောင်လာသော မီးအိမ်၏အလင်းရောင်က ခပ်မှိန်မှိန်သာ ရှိနေသည်။

အနားရောက်တော့ ပိတ်ထားသော မှန်တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

မောင်စိန်က မော့ကြည့်သော်လည်း ကားမှန်မှာ ရေစိုနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သဲကွဲစွာ မမြင်ရသဖြင့် မှန်ကို အောက်သို့ ချလိုက်သည်။

"ဟိုလူနဲ့ အတူပါလာတာ မင်းလား"

"ဟုတ်တယ်"

"ဟိုလူတော့ သေပြီ၊ မင်းပဲ ကျန်တော့တယ်"

"ဘာ. . ဘာပြောတယ်. . ဆရာကြီးသေပြီ ဟုတ်လား"

"ဟုတ်တယ်. . . သူ့အလှည့်ပြီးရင် မင်းအလှည့်ပဲ ကျန်တော့တယ်"

"မလုပ်ပါနဲ့ဗျာ. . . ကျုပ်ကို ဘာကြောင့် သတ်မှာလဲ၊ ဘာအပြစ်ရှိလို့ သတ်မှာလဲ"

ကြောက်ကြောက်လန့်လန့်ဖြင့် ပြောလိုက်သည်။

"ကိုယ်လုပ်ထားတဲ့အပြစ်ကို ကိုယ်မသိဘူးလား၊ မာရီယာကို မင်းကိုယ်တိုင် သတ်ခဲ့တာ မဟုတ်ဘူးလား၊

ကားကို ဘရိတ်ဖြုတ်ထားပြီး မြစ်ထဲကို တမင်မောင်းချလိုက်တာလေ၊ မင်းကတော့ ခုန်ဆင်းကျန်ခဲ့လို့ အသက်မသေဘူး၊ အပြစ်မရှိတဲ့ မိန်းကလေးမှာတော့ အသေဆိုးနဲ့ သေခဲ့ရတယ်၊ ကဲ. . . ဘာပြောချင်သေးလဲ"

ထိုစကားကြားသောအခါ မောင်စိန်မှာ မျက်လုံးပြူးသွားကာ တုန်တုန်ယင်ယင်နှင့် ပြန်ပြောသည်။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ဒီကိစ္စတွေကို ကျုပ်သဘောနဲ့ကျုပ် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး၊ ဦးဇမ္ဗူကျော် ခိုင်းလို့ လုပ်ခဲ့ရတာပါ"

"ဘာပဲဖြစ်ဖြစ်လေ. . . မင်းလက်ချက်ကြောင့် အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက် သေခဲ့ရတယ်၊ စေခိုင်းတဲ့လူလည်း သူ့ကြွမ္မာနဲ့သူ သေရပြီ၊ ခိုင်းလို့ လုပ်တဲ့ မင်းအလှည့်ပဲ ကျန်တော့တယ်"

ဟု ပြောကာ ထိုလူက ဦးခေါင်းပေါ်မှာ အုပ်ထားသော ဆံပင်မည်းကြီးကို တဖြည်းဖြည်း ဆွဲဖယ်လိုက်ရာ လူတစ်ယောက်၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


သစ်ကိုင်းအချို့ ကျိုးပဲ့ပျက်စီးနေကြသည်။

လမ်းမပေါ်ရှိ ချိုင့်ခွက်များထဲမှာ မိုးရေများက တင်ကျန်နေလေရာ ကားမီးရောင်ဖြင့် ထိုးကြည့်သောအခါ မည်းနက်နေသည့် မြွေတစ်ကောင်၏ကိုယ်ပေါ်မှာ ကျောက်ပေါက်မာများ တင်နေသည်နှင့် တူနေတော့သည်။

ထိုအချိန်တွင် လမ်းမပေါ်၌ မော်တော်ကားတစ်စင်း မောင်းနှင်လာသည်။

၎င်းတို့သည် မြို့ပြင်ဘက်သို့ ဦးတည်လျက် မောင်းနှင်နေကြလေသည်။

ရာသီဥတု ဆိုးဝါးနေသောကြောင့် ကားလမ်းမပေါ်မှာ အသွားအလာ ရှင်းလင်းလျက်ရှိနေလေသည်။

ကား၏အရှေ့ခန်းမှာ ဦးဇမ္ဗူကျော်က ထိုင်ပြီး ကားမောင်းနေသူကတော့ မောင်စိန်ပင်ဖြစ်သည်။

မောင်စိန်သည် မာရီယာ စီးလာသောကား မြစ်ထဲ ထိုးကျသွားစဉ်က အသက်ဘေးမှ လွတ်မြောက်ခဲ့သူဖြစ်သည်။

"ရာသီဥတုကလည်း ဆိုးဝါးလိုက်တာ ဆရာကြီးရာ"

"အေး. . . ဟုတ်ပါရဲ့၊ သတိနဲ့တော့ မောင်းဟေ့"

"ဒါထက် ကျွန်တော်တို့ အခု ဘယ်ကိုသွားမှာလဲ"

"မာရီယာ အရင်နေတဲ့အိမ်ကို သွားကြမှာ"

ထိုစကားကြားသောအခါ မောင်စိန်က မျက်လုံးအပြူးသားနှင့် လှည့်ကြည့်သည်။

"အဲ့ဒီအိမ်မှာ ဘယ်သူမှ မရှိကြတော့ဘူး မဟုတ်လား၊ ဘယ်သူနဲ့ တွေ့ဖို့ သွားမှာလဲ"

"မာရီယာနဲ့ တွေ့ဖို့သွားမှာ"

"ဗျာ. . . ဆရာကြီးကလည်း နောက်စရာ မရှိတာကို နောက်


www.burmeseclassic.com

www.burmeseclassic.com


နေပြန်ပါပြီ၊ မာရီယာက သေတာဖြင့် အတော်ကြာပြီပဲ"

"မင်းမသိပါဘူး၊ အဲဒီနေရာကို ရောက်အောင် မောင်းပို့ပေးကွာ"

ဟု ပြောသဖြင့် မောင်စိန်လည်း နောက်ထပ် စကားမဆက်တော့ဘဲ ကားကိုသာ ဂရုစိုက် မောင်းနှင်နေတော့သည်။

ညအချိန်လည်းဖြစ်၊ အမှောင်ရိပ်များ ရှိနေသည့်အပြင် လမ်းအခြေအနေကလည်း ဆိုးဝါးနေသောကြောင့် ကားအရှိန်ကို ခပ်ဖြည်းဖြည်း လျှော့၍မောင်းနေရလေရာ အတော်ညဉ့်နက်ပိုင်း ရောက်တော့မှ မာရီယာ နေသွားခဲ့သော အိမ်ဟောင်းကြီး ရှိရာသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာမှာ မီးရောင်မရှိသောကြောင့် မလှမ်းမကမ်းနေရာမှ လှမ်းကြည့်သောအခါ အမှောင်ထဲမှာ မည်းမည်းသဏ္ဌာန်ကြီး ထိုင်နေသကဲ့သို့ ရှိနေသည်။

"ဆရာကြီး. . . အိမ်တစ်ခုလုံးလည်း မည်းမှောင်နေတာပဲ၊ ဘယ်သူမှ ရှိဟန်မတူဘူး"

သူတို့ မော်တော်ကား စက်ရပ်သံ ကြားဟန်တူသဖြင့် အိမ်ထဲမှ မီးရောင်အချို့ လင်းလာသည်။

သို့သော် ခပ်မှိန်မှိန်သာ ရှိသည်။

"မင်း ကားထဲကသာ စောင့်နေပါ၊ ငါ အိမ်ထဲ ခဏဝင်ကြည့်လိုက်ဦးမယ်"

"သတိနဲ့ သွားနော် ဆရာကြီး၊ သေနတ်တွေဘာတွေရော ပါရဲ့မဟုတ်လား"

ဦးဇမ္ဗူကျော်က ခေါင်းညိတ်ပြပြီး အိမ်ကြီးရှိရာသို့ သွားလေသည်။

သူသည် တစ္ဆေသရဲနှင့် ပတ်သက်ပြီး. . . ကြောက်လည်း


www.burmeseclassic.com

www.burmeseclassic.com


မကြောက်၊ ယုံကြည်မှုလည်း မရှိလှပေ။

သို့သော်လည်း ထိုနေရာသို့ ရောက်သောအခါ စိတ်ထဲမှာတော့ ကြောက်ရွံ့ထိတ်လန့်စိတ်များ ဝင်နေတော့သည်။

အိမ်ကြီးနှင့် မနီးမဝေးနေရာ ရောက်တော့ ပိတ်ထားသော တံခါးချပ်က 'ကျွီ' ကနဲ ပွင့်လာလေသည်။

ထို့နောက် အတွင်းမှ အဝတ်မည်းကြီးကို ခေါင်းမြီးခြုံထားသော ခါးကုန်းကုန်းနှင့် လူကြီးတစ်ယောက် ထွက်လာလေသည်။

ဦးခေါင်းပေါ်၌ အဝတ်မည်းကြီး ခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

"ရောက်လာပြီလား"

ဟု အသံသြသြကြီးဖြင့် လှမ်းမေးလိုက်သည်။

"ဟုတ်. . ဟုတ်တယ်. . ရောက်လာပြီ"

ဦးဇမ္ဗူကျော်က ဘာအဓိပ္ပါယ်မှန်း ကောင်းစွာမသိဘဲ ပြန်ဖြေလိုက်သည်။

"အထဲကို ဝင်ခဲ့ပါ"

ဟု လှမ်းခေါ်သဖြင့် ကြောက်ရွံ့သောစိတ်ဖြင့် ရှေ့သို့ တိုးသွားလေသည်။

ထိုအချိန်ရောက်မှ တဖွဲဖွဲကလေး ရွာနေသောမိုးက ပိုမိုသည်းလာပြီး တဝေါဝေါဖြင့် ရွာချလာသည်။

သို့ကြောင့် ကပျာကယာ အိမ်အတွင်းသို့ ပြေးဝင်လိုက်ရသည်။

သူ အတွင်းရောက်သောအခါ ဝင်ပေါက်တံခါးကြီးက အလိုလို ပြန်ပိတ်သွားလေသည်။

"မာရီယာ ဘယ်မှာလဲ"

"အတွင်းမှာ ရှိတယ်"

"ပန်းချီကားရော အတွင်းမှာပဲလား"


www.burmeseclassic.com

www.burmeseclassic.com


အဝတ်မည်းနှင့်လူက ခေါင်းညိတ်ပြသည်။

"ကျုပ်နောက်က လိုက်ခဲ့ပါ"

ဟု ပြောပြီး မီးအိမ်ကြီးကို မြှောက်ကာ ရှေ့မှ လျှောက်သွားသဖြင့် ဦးဇမ္ဗူကျော်က နောက်မှ လိုက်သွားလေသည်။

ထိုလူကြီးလက်ထဲမှာ ကိုင်ထားသော မီးအိမ်မှ ထွက်နေသည့် မီးရောင်မှလွဲပြီး အခြားအလင်းရောင် မရှိသဖြင့် အိမ်ကြီးအတွင်းပိုင်း နေရာအတော်များများမှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။

အိမ်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်ထားခဲ့ဟန်ဖြင့် ဟောင်းနွမ်းလှချေပြီ။

အတွင်းမှာလည်း ပိတ်ထားသောအခန်းများစွာကို တွေ့ရလေသည်။

စင်္ကြံလမ်းတစ်ခုမှ ဖြတ်လျှောက်လာစဉ် ပိတ်ထားသော အခန်းများအတွင်းမှ စကားပြောနေသံများကို ခပ်တိုးတိုး ကြားနေရသည်။

"ဒီအိမ်ကြီးထဲမှာ လူမနေတော့ဘူးသာ ပြောကြတယ်၊ အခုတော့လည်း လူတွေ ရှိနေပါလား"

ဟု ဦးဇမ္ဗူကျော်စိတ်ထဲမှာ တွေးလိုက်မိသည်။

အသံကြားရုံနှင့် မကသေးဘဲ အချို့နေရာများမှ ဖြတ်သွားသော မည်းမည်းသဏ္ဌာန်များကိုပါ ဝိုးတဝါး လှမ်းမြင်ရသည်။

ရှေ့မှ သွားနေသောလူကြီးက အခန်းအတော်များများကို ကျော်ဖြတ်သွားရာ ပိတ်ထားသောအခန်းတစ်ခုရှေ့သို့ ရောက်သော အခါ ရပ်တန့်လိုက်သည်။

"အထဲမှာ မာရီယာ ရှိတယ်"

ဟု ပြောသည်။

"ပန်းချီကားရော အထဲမှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com


ခေါင်းညိတ်ပြသလား ခေါင်းခါပြသလား သေသေချာချာ မသိလိုက်ပေ။

ထိုလူကြီးက သူ့အနီးမှ တရွေ့ရွေ့နှင့် ထွက်သွားလေတော့သည်။

ဦးဇမ္ဗူကျော်လည်း ရောက်လာမှတော့ ဖြစ်လိုရာ ဖြစ်စေတော့ဟု စိတ်ပိုင်းဖြတ်ကာ ပိတ်ထားသော တံခါးချပ်ကို တွန်းကြည့်လိုက်သည်။

"ကျွိ . . ."

ပိတ်ထားသောတံခါးချပ်က အလွယ်တကူ ပွင့်သွားလေသည်။ အတွင်းဘက်မှာ မီးအိမ်တစ်ခု ရှိနေသောကြောင့် အလင်းရောင်အနည်းငယ်တော့ ရှိနေသည်။

အခန်းထဲမှာ မည်သူမှတော့ မတွေ့ရပေ။

သို့သော် အခန်းအလယ်မှာတော့ စင်တစ်ခုပေါ်မှာ တင်ထားသည့် ပန်းချီကားတစ်ချပ်က ရှိနေလေသည်။

အလင်းရောင် သိပ်မရှိသော်လည်း ထိုပန်းချီကားကို မြင်သည်နှင့် ကောင်းစွာမှတ်မိသွားသည်။

တခြားမဟုတ်ပေ. . .။

ဗီးနပ်စ်အကယ်ဒမီပြခန်းတွင် ပြပွဲတင်ထားရင်းနှင့် ထူးဆန်းစွာပျောက်ဆုံးသွားသော မာရီယာ၏ပုံတူပန်းချီကားပင် ဖြစ်တော့သည်။

မမျှော်လင့်ဘဲ ပန်းချီကားကို တွေ့လိုက်ရသဖြင့် ကျန်သည့်အခြေအနေများကို လုံးဝသတိမရတော့ဘဲ ပန်းချီကားအနီးသို့ တိုးကပ်သွားသည်။

သူ့အနေနှင့် ထိုပန်းချီကားကို ယခုမှပင် အေးအေးဆေးဆေးကြည့်ခွင့်ရခြင်းဖြစ်ပေသည်။

ပြပွဲမှာ တင်ထားစဉ်က ကြည့်ရှုသူများ ကြိတ်ကြိတ်တိုးနေ


www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အနားကပ်ခွင့်ပင် မရခဲ့ပေ။

ယခုမှပင် တစ်ယောက်တည်း အသေအချာ ကြည့်ခွင့်ရသဖြင့် အသေအချာ ကြည့်လေသည်။

တကယ်တော့ ထိုပန်းချီကားသည် ကိုယ်ဟန်ပြပေးသည့်သူ ရော ပန်းချီရေးဆွဲသည့်သူပါ နှစ်ယောက်စလုံး အနုပညာမြောက်စွာဖြင့် အပေးအယူ ညီမျှစွာ ဖန်တီးထားသော ပန်းချီကားတစ်ချပ် ဖြစ်လေ သည်။

ပန်းချီရေးထားသော မာရီယာ၏မျက်နှာအမူအယာမှာလည်း ခံစားချက်တစ်ခုကို ပီပြင်စွာ ပေါ်လွင်နေလေသည်။

မျက်နှာအမူအယာမှာ တမလွန် ရောက်သွားသောလူတစ် ယောက်က စွန့်လွှတ်ခဲ့ရသော လူ့ဘဝကို ပြန်လည်တမ်းတနေသော လွမ်းဆွတ်နေသည့် အမူအယာမှာ ပေါ်လွင်လှပေသည်။

ဒီနေရာမှာတော့ ပန်းချီသမားအချင်းချင်း မြွေမြွေချင်း ခြေမြင် ဆိုသလို ဒေါက်တာမင်းထင်ကျော်၏ကြိုးစားအားထုတ်မှုကို စိတ်ထဲမှ မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်လာမိတော့သည်။

ပန်းချီကား ရေးဆွဲထားမှုမှာ ဘယ်လောက် လက်ရာမြောက် သလဲဆိုပါလျှင် အချိန်မည်မျှကြာအောင် ပန်းချီကို ငေးကြည့်နေသည် ကိုပင် သတိမရနိုင်ဘဲ ငေးကြည့်နေရသည်အထိပင်။

ထိုသို့ကြည့်နေရင်းမှပင် ပန်းချီကားထဲမှ မာရီယာ၏ရုပ်ပုံလွှာ မှာ အသက်ဝင်လာသကဲ့သို့ ဖြစ်လာလေသည်။

"ဟင်. ."

ပထမတော့ မျက်တောင်များက တဖျပ်ဖျပ်နှင့် လှုပ်လာသည်။ နှုတ်ခမ်းများက လှုပ်လာသည်။

ထို့နောက်မှာတော့ ပန်းချီကားအတွင်းမှ မာရီယာ၏ရုပ်ပုံလွှာ သည် အသက်ဝင်လာသော လူတစ်ယောက်ကဲ့သို့ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလာတော့သည်။

ဦးဇမ္ဗူကျော်မှာ ထူးဆန်းလှသောမြင်ကွင်းကြောင့် ကြက်သေ၊ သေသကဲ့သို့ ဖြစ်သွားကာ မလှုပ်နိုင်တော့ပေ။

ပန်းချီကားအတွင်းမှ လူတစ်ယောက်ကဲ့သို့ အသက်ဝင်လာသော မာရီယာက အပြင်သို့ ထွက်လာပြီးနောက် သူနှင့် မနီးမဝေးမှာ လာရပ်သည်။

"ပန်းချီကားထဲမှာ ကျွန်မကိုယ်ဟန်ပြပေးထားတာ သဘောကျရဲ့လား ဦးဇမ္ဗူကျော်၊ သေပြီးသား လူတစ်ယောက်က ကျန်ခဲ့တဲ့ လူ့ဘဝကို ပြန်ပြီးတမ်းတနေတဲ့ပုံလေ၊ ဟိုတုန်းကတော့ သရုပ်ဆောင်ပေးရတာပေါ့၊ အခုတော့ ကျွန်မ တကယ်ပဲ တမလွန်လောကကို ရောက်နေခဲ့ရပြီ"

ထိုစကားကြောင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာလေသည်။

"မင်းဘယ်သူလဲ"

"ရှင်ကိုယ်တိုင် တမလွန်ဘဝ ရောက်အောင် ပို့လိုက်တဲ့ မာရီယာလေ. . . မမှတ်မိတော့ဘူးလား"

"မဟုတ်ဘူး. . . မဖြစ်နိုင်ဘူး၊ မာရီယာက သေသွားခဲ့တာ ကြာပြီ၊ ဘယ်လိုမှ မာရီယာ မဖြစ်နိုင်ဘူး"

ထိုစကားကြားသောအခါ မာရီယာက ရယ်လိုက်သည်။ ထိုသို့ ရယ်လိုက်တော့မှ သူမမျက်နှာမှာ တဖြည်းဖြည်းနှင့် ကြောက်စရာ ကောင်းလာတော့သည်။

ချောမောလှသည့်မျက်နှာမှာ ကြောက်စရာကောင်းသော မျက်နှာကြီး ဖြစ်လာတော့သည်။

"ကျွန်မက သေတာ ကြာပြီဆိုတော့ အခုလောက်ဆိုရင် ဒီလို ပုံစံမျိုး ဖြစ်နေလောက်ရောပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းနှင့် ဦးခေါင်းပေါ်မှ ဆံပင်မွေးများက ကျွတ်ကျကုန်သည်။

မျက်လုံးနှစ်လုံးကလည်း အတွင်းသို့ ချိုင့်ဝင်သွားသည်။

မို့မောက်နေသော မျက်နှာမှာလည်း ခဏချင်းမှာပင် အရိုးစု သဏ္ဌာန်ပြောင်းသွားတော့သည်။

ထိုကဲ့သို့ ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ကို မြင်သောအခါ ဦးဇမ္ဗူကျော်မှာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးရန် ကြိုးစားသော်လည်း မရတော့ပေ။

သူဝင်လာသော အခန်းတံခါးမှာ ပိတ်သွားပြီးနောက် ထိုနေရာမှာလည်း စောစောက ခေါင်းမြီးခြုံထားသော မည်းမည်းသဏ္ဌာန်ကြီးက ရောက်နေလေပြီ။

ထိုသဏ္ဌာန်က ငင်းခြုံထားသော အဝတ်မည်းကြီးကို ဆွဲဖယ်လိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးက ပေါ်လာတော့သည်။

"ကယ်ကြပါဦးဗျို့. . . လုပ်ကြပါဦး"

ထိုအခါမှ အသံကုန် အော်ဟစ်လိုက်သော်လည်း မိုးသံလေသံများကြောင့် သူ့အော်သံက အပြင်သို့ မရောက်နိုင်တော့ပေ။

အပြင်မှာ မိုးက တဖြည်းဖြည်းနှင့် သည်းလာချေပြီ၊ ကားပေါ်မှာ ကျန်ခဲ့သောမောင်စိန်မှာ ရင်တထိတ်ထိတ်နှင့် စောင့်နေရလေသည်။

သူသည် ကားပေါ်မှ ထိုင်နေရင်းနှင့် အိမ်ကြီးရှိရာသို့ မကြာခဏ လှမ်းကြည့်နေသော်လည်း ဦးဇမ္ဗူကျော်၏အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

ထိုသို့ထိုင်နေရင်းနှင့် ကျောဘက်မှ စိမ့်ကနဲ ဖြစ်သွားသောကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ မရှိပေ။

သို့သော်လည်း သူ့စိတ်ထဲမှာတော့ ကားနောက်ခန်းမှ ကူရှင်ပေါ် တစ်စုံတစ်ယောက် ထိုင်နေသည်ဟု ထင်နေမိသည်။

သူက ရှေ့ဘက်သို့ လှည့်လိုက်သည့် နောက်ဘက်မှ အသံကို ကြားရသည်။

လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

နောက်တော့ စိတ်ထဲမှာ သည်းမခံနိုင်အောင် ဖြစ်လာသောကြောင့် နောက်ဖက်မှ မီးလုံးကို ဖွင့်လိုက်သည်။

ခပ်မှိန်မှိန် အလင်းရောင်ကြောင့် နောက်ဘက်ကူရှင်ပေါ်မှ အရာကို မြင်ရသဖြင့် မျက်လုံးပြူးသွားလေသည်။

"ဟင်. ."

သူမြင်ရသောအရာက အခြားမဟုတ်ပေ။

ကူရှင်ပေါ်မှာ လောလောဆယ် စီးဆင်းနေသည့် ရေကွက်ကြီးပင် ဖြစ်တော့သည်။

မောင်စိန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး မော်တော်ကားကို စက်နှိုးပြီး ထိုနေရာမှ မောင်းပြေးရန် စိတ်ကူးလိုက်သေးသည်။

သို့စေကာမူ ထိုအချိန်ကျမှ စက်က မနိုးတော့ပေ။

ထိုအခိုက်မှာပင် မီးအိမ်တစ်လုံး ကိုင်ထားသော လူတစ်ယောက်က တစိုက်စိုက်နှင့် မော်တော်ကား ရှိရာသို့ လျှောက်လာသည်။

မိုးရေများကြောင့် ၎င်းကိုင်ဆောင်လာသော မီးအိမ်၏အလင်းရောင်က ခပ်မှိန်မှိန်သာ ရှိနေသည်။

အနားရောက်တော့ ပိတ်ထားသော မှန်တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

မောင်စိန်က မော့ကြည့်သော်လည်း ကားမှန်မှာ ဒွေးဆိုနေသော



www.burmeseclassic.com

www.burmeseclassic.com


ကြောင့် သဲကွဲစွာ မမြင်ရသဖြင့် မှန်ကို အောက်သို့ ချလိုက်သည်။

"ဟိုလူနဲ့ အတူပါလာတာ မင်းလား"

"ဟုတ်တယ်"

"ဟိုလူတော့ သေပြီ၊ မင်းပဲ ကျန်တော့တယ်"

"ဘာ. . ဘာပြောတယ်. . ဆရာကြီးသေပြီ ဟုတ်လား"

"ဟုတ်တယ်. . . သူ့အလှည့်ပြီးရင် မင်းအလှည့်ပဲ ကျန်တော့တယ်"

"မလုပ်ပါနဲ့ဗျာ. . . ကျုပ်ကို ဘာကြောင့် သတ်မှာလဲ၊ ဘာအပြစ်ရှိလို့ သတ်မှာလဲ"

ကြောက်ကြောက်လန့်လန့်ဖြင့် ပြောလိုက်သည်။

"ကိုယ်လုပ်ထားတဲ့အပြစ်ကို ကိုယ်မသိဘူးလား၊ မာရီယာကို မင်းကိုယ်တိုင် သတ်ခဲ့တာ မဟုတ်ဘူးလား၊

ကားကို ဘရိတ်ဖြုတ်ထားပြီး မြစ်ထဲကို တမင်မောင်းချလိုက်တာလေ၊ မင်းကတော့ ခုန်ဆင်းကျန်ခဲ့လို့ အသက်မသေဘူး၊ အပြစ်မရှိတဲ့ မိန်းကလေးမှာတော့ အသေဆိုးနဲ့ သေခဲ့ရတယ်၊ ကဲ. . . ဘာပြောချင်သေးလဲ"

ထိုစကားကြားသောအခါ မောင်စိန်မှာ မျက်လုံးပြူးသွားကာ တုန်တုန်ယင်ယင်နှင့် ပြန်ပြောသည်။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ဒီကိစ္စတွေကို ကျုပ်သဘောနဲ့ကျုပ် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး၊ ဦးဇမ္ဗူကျော် ခိုင်းလို့ လုပ်ခဲ့ရတာပါ"

"ဘာပဲဖြစ်ဖြစ်လေ. . . မင်းလက်ချက်ကြောင့် အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက် သေခဲ့ရတယ်၊ စေခိုင်းတဲ့လူလည်း သူ့ကြမ္မာနဲ့သူ သေရပြီ၊ ခိုင်းလို့ လုပ်တဲ့ မင်းအလှည့်ပဲ ကျန်တော့တယ်"

ဟု ပြောကာ ထိုလူက ဦးခေါင်းပေါ်မှာ အုပ်ထားသော အဝတ်မည်းကြီးကို တဖြည်းဖြည်း ဆွဲဖယ်လိုက်ရာ လူတစ်ယောက်၏မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com



မျိုး မဟုတ်ဘဲ တစ္ဆေသရဲတစ်ကောင်၏မျက်နှာမျိုးကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းသောမျက်နှာကို တွေ့ရသောအခါ တံခါးကို ဖွင့်ပြီး ဆင်းပြေးရန် ကြိုးစားသေးသည်။

သို့သော် တံခါးများ ချက်ကျနေပြီး ဖွင့်မရတော့ပေ။

ထိုအခိုက်မှာပင် ကားနောက်ဘက်မှ အပုတ်နံ့လိုလို ရသဖြင့် လှည့်ကြည့်လိုက်ရာ ကူရှင်ပေါ်မှာ ခွေခွေကလေး သေဆုံးနေသည့် မိန်းမတစ်ယောက်၏အလောင်းကို တွေ့ရသဖြင့် အလန့်တကြား အော်ဟစ်လိုက်လေသည်။

"ကယ်ကြပါဦးဗျို့. . . ကယ်ကြပါဦး"

ထိုသို့အော်သော်လည်း လူနေသောနေရာနှင့် ဝေးသည်က တစ်ကြောင်း. . .

မိုးတဖွဲဖွဲ ရွာသွန်းနေသည်ကတစ်ကြောင်းကြောင့် မည်သူမျှ ကြားနိုင်တော့မည် မဟုတ်ပေ။

ထိုသို့အော်ရင်းဟစ်ရင်းနှင့်ပင် သတိမေ့ကာ လဲကျသွားလေတော့သည်။

မောင်စိန် လဲကျသွားသည်နှင့် ကားနံဘေးမှာ ရပ်နေသောလူက မီးအိမ်ထဲမှ ရေနံဆီများကို မော်တော်ကားအတွင်းသို့ လောင်းချပြီးနောက် မီးအိမ်ကိုပါ ပစ်ချလိုက်ရာ မီးတောက်များ ထလာလေတော့သည်။

ထိုအဖြစ်အပျက်များကိုတော့ မည်သူမျှ မသိလိုက်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၁၁)

# ဂိုက်ကြီးမှာသိုးနှင့် သေမှာပြောန်ရန်ပြေး

နောက်တစ်ရက်မှာတော့ ဦးဇမ္ဗူကျော်တစ်ယောက် ပျောက် ချင်းမလှ ပျောက်နေသောကြောင့် တပည့်ဖြစ်သူ ကာလ်တန်တို့တတွေ က လိုက်ရှာကြရာ မြို့ပြင်ဘက်မှ အိမ်ဟောင်းကြီးတစ်လုံး ရှေ့ဘက် မလှမ်းမကမ်းနေရာမှာ မီးလောင်ပျက်စီးနေသော မော်တော်ကားနှင့် ကားထဲမှာ မီးလောင်ထားသော အလောင်းတစ်လောင်းကို တွေ့ကြရ သည်။

ဦးဇမ္ဗူကျော်ကိုတော့ မတွေ့ကြရပေ။

နောက်ဆုံးတော့ ပုလိပ်ကို အကြောင်းကြားပြီး အမှုဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာကြလေတော့သည်။

ပုလိပ်ကို အကြောင်းကြားသည်နှင့် နောက်တစ်နေ့မှာ ဦးဇမ္ဗူကျော်သတင်းက သတင်းစာများမှာ အကျယ်တဝင့် ပါလာလေတော့သည်။

"ကာလကတ္တားမြို့မှ ပန်းချီဆရာတစ်ယောက် ပျောက်ဆုံးနေခြင်း။

ယမန်နေ့နံနက်ပိုင်းက သက်ဆိုင်သူများက လာရောက်သတင်းပို့ တိုင်ကြားသဖြင့် ပုလိပ်အဖွဲ့မှ လိုက်လံစုံစမ်းခဲ့ရာ တောင်ဘက်မြို့ပြင်ဘက် တစ်နေရာ၌ ရှိသော အိမ်ဟောင်းကြီးတစ်လုံးနှင့် မနီးမဝေးတွင် ဦးဇမ္ဗူကျော် စီးသွားသော မော်တော်ကားအား မီးလောင်ပျက်စီးနေသည်ကို တွေ့ကြရကြောင်း၊

ကားအတွင်းမှာလည်း မီးလောင်ထားသော ဒဏ်ရာများဖြင့် အသက်သေဆုံးနေသော လူတစ်ယောက်ကို တွေ့ရကြောင်း၊

၎င်းမှာ ဒရိုင်ဘာအဖြစ် လိုက်သွားသော မောင်စိန်ဆိုသူ ဖြစ်ကြောင်းနှင့် မောင်စိန်မှာ တလောက မော်တော်ကားတစ်စင်း မြစ်ထဲထိုးကျရာတွင် ကံအားလျော်စွာ လွတ်မြောက်ခဲ့သည့် ဒရိုင်ဘာဖြစ်ကြောင်း၊ ကားမောင်းသည့်လူနှင့် မော်တော်ကားကို တွေ့ရသော်လည်း ထိုကားနှင့် အတူပါသွားသော ဦးဇမ္ဗူကျော်ကိုမူ ယခုထက်တိုင် မတွေ့ရသေးကြောင်း၊ ကာလကတ္တားမှ ပုလိပ်နှင့် စုံထောက်များက အပူတပြင်း လိုက်လံရှာဖွေလျက် ရှိနေကြကြောင်း၊ အကယ်၍ ဦးဇမ္ဗူကျော်ဆိုသူကို တွေ့ရှိပါက နီးစပ်ရာ စုံထောက်ဌာနနှင့် ဂါတ်တဲဌာနများသို့ သတင်းပေးကြပါရန်. . ."

နှိုးဆော်ရေးသားဖော်ပြထားလေသည်။

သတင်းစာမှာလည်း ဦးဇမ္ဗူကျော်ဓာတ်ပုံနှင့်တကွ ဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် အမီတာတို့နှစ်ယောက်မှာ ထိုသတင်းကို ဖတ်ပြီး များစွာစိတ်ဝင်စားနေကြသည်။

"ဘယ်လိုလဲ ကိုမင်းထင်ကျော်၊ မာရီယာ သေဆုံးတဲ့ကိစ္စမှာ အဓိက ပါဝင်တဲ့ မောင်စိန်ဆိုတဲ့ဒရိုင်ဘာတော့ သေသွားပြီ၊ ဦးဇမ္ဗူကျော်လည်း ပျောက်နေတယ်ဆိုပါလား"

"ခင်ဗျား ဘယ်လိုယူဆသလဲ"

"ကျွန်တော်တို့ရဲ့အယူအဆမှာတော့ ကံကြွေးရှိရင်လည်း ချေရတယ်၊ ဝဋ်ကြွေးရှိရင်လည်း ပြန်ပြီးပေးဆပ်ရလေ့ ရှိတယ်၊ အဲဒီလို ပေးဆပ်တဲ့နေရာမှာလည်း ဒီဘဝမှာ ဘဝမခြားဘဲ ပြန်ပေးဆပ်ရတာ ရှိသလို နောက်ဘဝခြားပြီးမှလည်း ပြန်ဆပ်ရတာမျိုး ရှိတယ်၊

ဘဝတွေသာ ခြားချင်ခြားသွားမယ်၊ တင်နေတဲ့ ဝဋ်ကြွေး ကံကြွေးကိုတော့ မဆပ်ဘဲ နေလို့မရဘူး"

"တယ်လည်း ကြောက်စရာကောင်းပါလား"

"ဟုတ်တယ် အမီတာ၊ အကုသိုလ်တွေ ပြုလုပ်ခဲ့မိရင်တောင် ကုသိုလ်နဲ့ ချေရင် ပြေနိုင်တယ်၊ ဝဋ်ကြွေးကံကြွေးကတော့ ကုသိုလ်နဲ့ ချေရင်တောင် မရဘူးဗျာ"

"အေးဗျာ. . လူတွေက မသိလို့သာ လုပ်နေကြတာ၊ တကယ်တော့ တွေးကြည့်ရင်တော့ အတော်ကြောက်စရာကောင်းတဲ့ကိစ္စတွေပဲ"

"အဇာတသတ် မင်းသားကြီးဟာ မြတ်စွာဘုရားကိုလည်း မီတယ်၊ တရားလည်း နာရတယ်၊ မရေမတွက်နိုင်အောင် များတဲ့ ကုသိုလ်ကောင်းမှုတွေလည်း လုပ်ခွင့်ရခဲ့တယ်၊ ဒါပေမယ့် ဖခင်ကို သတ်ခဲ့တဲ့ ပဉ္စာနန္တရိယကံကြီးကိုတော့ ဘယ်လိုမှ ရှောင်လွှဲလို့ မရခဲ့ဘူး၊ သူ ပြုခဲ့တဲ့ကုသိုလ်တွေနဲ့ ချေဖျက်လို့လည်း မပျက်ခဲ့ဘူး၊ နောက်ဆုံးအချိန်မှာ သူပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုကံတွေရဲ့အကျိုးကို ခံစားရမှာ ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အခုတော့ မဟာအစီစီ ငရဲမှာ ခံနေရတာ သာဓကပဲ မဟုတ်လား"

"မှန်ပါတယ်. . ."

"အခု ဦးဇမ္ဗူကျော်တို့ကတော့ သာမန်လူတွေဆိုတော့ ပြုခဲ့တဲ့ ကံအတိုင်း ချက်ချင်းပြန်ခံရတာ ဘာများဆန်းသလဲဗျာ"

"ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားဖို့ကောင်းနေတာတော့ အမှန်ပဲဗျ၊ ဒါထက် ဦးဇမ္ဗူကျော်တို့ကို ဘယ်သူက ကလဲ့စားချေနေတာလဲဗျ"

"ဝိညာဉ်လောကသားတွေ ဖြစ်မှာပေါ့ဗျာ"

"ဝိညာဉ်ဆိုတာ အကောင်အထည် ရှိတာမျိုးမှ မဟုတ်တာ၊ ဒီလို ကလဲ့စားချေလို့ ရသတဲ့လား"

"ဝိညာဉ်လောကသားတွေဟာ အကောင်အထည် မရှိပေမယ့် ကမ္မဇိဒ္ဓိစွမ်းအားရှိတယ်၊ သူတို့ရန်ငြိုးဖွဲ့ရင် လူတွေထက် ပိုပြီးကြောက်စရာကောင်းတယ်"

ဟု ပြောပြရာ အမိတာက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

နောက်ပိုင်းရက်မှာတော့ သူသွားချင်သည့်နေရာ သွားနိုင်ရန် အမိတာ၏မော်တော်ကားကို ယူထားလိုက်လေသည်။

ဤသို့ဖြင့် ဦးဇမ္ဗူကျော် ပျောက်ဆုံးနေသည်မှာ သုံးရက်ခန့် ရှိနေခဲ့ပြီ။

ထိုညက ရာသီဥတုက ဆိုးရွားလျက်ရှိနေသည်။

အောက်တိုဘာလ ကုန်ကာနီး မိုးနှောင်းကာလ၏အခြေအနေက ဆိုးဆိုးဝါးဝါး ဖြစ်နေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန်ဖြစ်သည်။

မိုးက တဖွဲဖွဲ ရွာနေရာမှ သဲသည့်အချိန် သဲလာသည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း ကားမောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု ဆိုးဝါးနေသောကြောင့် မြို့ပြင်လမ်းမပေါ်မှာ လူသွားလူလာ ရှင်းနေသည်။

သို့ကြောင့် ကားရှေ့မီးရောင်ကိုသာ အားပြုမောင်းနေရသည်။

မီးရောင်အောက်မှာတော့ မိုးရေများအောက်မှာ မည်းနက်ရှည်လျားသော မြွေကြီးတစ်ကောင် တွန့်လိမ်ကွေ့ကောက်စွာ ငြိမ်သက်နေသကဲ့သို့ ရှိနေသည်။

မော်တော်ကားမှာ အပြင်မှ မိုးရေမဝင်သော်လည်း အတွင်းမှ လှမ်းကြည့်လျှင်တော့ အပြင်သို့ ဘာမှမမြင်နိုင်အောင် ရှိနေသည်။

လမ်းနံဘေး တစ်ဖက်တစ်ချက်မှာ ရှိနေသည့် သစ်ပင်ကြီးငယ်တို့မှာ လေတိုက်သည့်အရှိန်ကြောင့် ယိမ်းထိုးလှုပ်ရှားနေကြသည်။

ပမာဆိုရလျှင် မကောင်းဆိုးဝါးများ ရပ်နေသကဲ့သို့၊ ဒါမှမဟုတ် အမူးလွန်နေသည့် အရက်သမားများကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေကြသည်။

တစ်နေရာ ရောက်တော့ လမ်းဘေးမှ လမ်းမပေါ်သို့ တက်လာသော မည်းမည်းသဏ္ဌာန်တစ်ခုကြောင့် ကားအရှိန်ကို လျှော့ချလိုက်သည်။

မိုးကာအင်္ကျီအနက်ကြီးကို တစ်ကိုယ်လုံး ခြုံထားသောသူ တစ်ယောက်ပင်ဖြစ်သည်။

ထိုလူက လမ်းမပေါ် တက်လာပြီး လက်ပြကာ တားနေသောကြောင့် မလှမ်းမကမ်းနေရာမှာ အရှိန်လျှော့ကာ ရပ်ပေးလိုက်သည်။

ထိုသို့ရပ်ပေးသော်လည်း စက်ကို သတ်လိုက်သည် မဟုတ်ဘဲ အကြောင်းရှိပါက ပြန်ထွက်နိုင်ရန် အဆင်သင့် ပြုလုပ်ထားသည်။

ထိုလူက မော်တော်ကားအနီး လျှောက်လာပြီး ဒေါက်တာမင်းထင်ကျော် ကြားလောက်သော လေသံကျယ်ကျယ်ဖြင့် ပြောသည်။

"ဒီလမ်းအတိုင်း သွားလို့မရတော့ဘူးဗျ၊ ရှေ့မှာ မိုးရေတိုက်စား



www.burmeseclassic.com

www.burmeseclassic.com



လို့ တံတားတွေ ပြိုကျနေပြီ”

ဒေါက်တာမင်းထင်ကျော်က မှန်တံခါးကို ဖွင့်ပြီး ပြန်မေးလိုက်သည်။

“ဘယ်လိုသွားရင် ရနိုင်မလဲ”

“ခင်ဗျားက ဘယ်သွားမှာလဲ”

“ရွှေမှာ ရှိတဲ့ အိမ်ဟောင်းကြီးဆီကို သွားမှာ”

“သိပ်တော့ မလိုတော့ပါဘူး၊ တံတားပျက်နေတဲ့ဆီကို မောင်းနိုင်သမျှ မောင်းသွားပြီး အဲဒီနေရာရောက်တော့ ကားကို ရပ်ထားခဲ့ပြီး တောလမ်းအတိုင်း ခြေလျှင်သွားမှပဲ ရောက်တော့မယ်”

“ကျေးဇူးပါပဲဗျာ. . . ”

ဒေါက်တာမင်းထင်ကျော်က ကားပြန်ထွက်ရန် ပြင်လိုက်တော့ ရွှေမီးနှစ်လုံးကို မြင်လိုက်ရသည်။ ဒီတော့မှ ကားနံဘေးမှာ ရပ်နေသူ၏ မျက်နှာကို ရိပ်ကနဲ တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

၎င်းမျက်နှာမှာ အခြားသူ မဟုတ်ဘဲ သေဆုံးသွားသော ဒရိုင်ဘာမောင်စိန်၏မျက်နှာပင်ဖြစ်တော့သည်။ ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် အံ့ဩသွားသော်လည်း ထူးထူးခြားခြား ကြောက်ရွံ့သွားခြင်းမျိုးတော့ မရှိလှပေ။

သူ့အတွေ့အကြုံများထဲမှာ ထိုထက် ထူးဆန်းပြီး ပို၍ကြောက်စရာကောင်းသော ဝိညာဉ်နှင့် ပတ်သက်သည့် အတွေ့အကြုံများစွာတို့နှင့် တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

ရွှေမီးရောင်ကို ဖွင့်ပြီး မော်တော်ကားကို စတင်မှန်မှန် မောင်းလာခဲ့ရာ ချောင်းကူးတံတား ရှိရာသို့ ရောက်လာလေသည်။

မိုးရေများ တိုက်စားမှုကြောင့် တံတားမှာ ချောင်းအတွင်းသို့ ယိုင်နေသောကြောင့် ကားဖြင့် ကျော်ဖြတ်ရန် မဖြစ်နိုင်တော့ပေ။

သို့ကြောင့် လမ်းဘေးတစ်နေရာမှာ မော်တော်ကားကို ရပ်



www.burmeseclassic.com

www.burmeseclassic.com


ထားခဲ့ပြီး မိုးကာအင်္ကျီဝတ်၊ ဦးထုပ်ဆောင်းကာ အပြင်သို့ ထွက်လိုက်သည်။

မိုးရေစက်များက တဖြောက်ဖြောက်နှင့် ကိုယ်ပေါ်သို့ လာရောက်ထိမှန်ကြသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ သေနတ်နှင့် လက်နှိပ်ဓာတ်မီးတစ်လက်တော့ ပါလာသည်။

သူသည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တောလမ်းအတိုင်း လျှောက်လာခဲ့လေသည်။

မီးရောင်မရှိသည်ကတစ်ကြောင်း သစ်ရိပ်များက ဖုံးအုပ်ထားသောကြောင့် အမှောင်ရိပ်များက သိပ်သည်းလှစွာ ရှိနေလေသည်။

သူသည် အိမ်ဟောင်းကြီးသို့ တစ်ခေါက်နှစ်ခေါက် ရောက်ခဲ့ဖူးသောကြောင့် တံတားပျက်နေသောနေရာနှင့် မဝေးလှသောနေရာမှာ ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။ လက်မှ နာရီကို မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ည(၁၁)နာရီကျော်နေချေပြီ။

တောလမ်းထဲမှာ လမ်းလျှောက်လာစဉ်ကတော့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရပေ။

သူသည် အိမ်ကြီးရှိရာသို့ မော်တော်ကားလမ်းအတိုင်း မှန်းဆ၍ လျှောက်သွားရာ နာရီဝက်ခန့်ကြာသောအခါ မာရီယာ နေသွားခဲ့သော အိမ်ဟောင်းကြီး ရှိရာသို့ ရောက်သွားတော့သည်။

အိမ်ကြီးနှင့် မနီးမဝေးနေရာတွင် မည်းမည်းသဏ္ဌာန်တစ်ခု ရှိနေသဖြင့် လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်ရာ မီးလောင်ပျက်စီးနေသည့် မော်တော်ကားတစ်စီးကို လှမ်းမြင်ရသည်။

အိမ်ကြီးရှိရာဘက်သို့ လှမ်းကြည့်သောအခါ ထူးထူးခြားခြား မီးရောင်အချို့ကို လှမ်းမြင်ရသဖြင့် အံ့သြသွားသည်။

"အရင်က လူတွေ မရှိပါဘူး၊ အခု ဘယ်က လူတွေ လာနေ


www.burmeseclassic.com

www.burmeseclassic.com



တာများလဲ"

ဟု တွေးရင်း တဖြည်းဖြည်း လျှောက်သွားလေသည်။

မီးရောင်က ရေနံဆီမီးအိမ် အလင်းရောင်မျိုးဖြစ်ပြီး အိမ်၏ အတွင်းဘက်မှ ထွက်နေခြင်းဖြစ်သည်။

ထိုအချိန်ရောက်သည်အထိ မိုးက မစဲသေးဘဲ တဖွဲဖွဲ ရွာသွန်းနေဆဲပင် ရှိသေး၏။

ဦးထုပ်နှင့်မိုးကာအင်္ကျီကို လာရောက်ထိမှန်နေသော မိုးရေစက်များ၏အသံကပင် အတော်ကလေး ကျယ်လောင်လှပေသည်။ အိမ်နား နီးသောအချိန်အထိ လူရိပ်လူခြည် မတွေ့ရသေးပေ။ တံခါးပေါက်ဝနား ရောက်တော့ အခြေအနေကို အကဲခတ်ပြီး တံခါးခေါက်ကြည့်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံက အတော်ကလေး ကျယ်လောင်သွားသည်။ သို့တိုင်အောင် လှုပ်ရှားမှု မတွေ့ရသဖြင့် ထပ်ခေါက်လိုက်ပြန်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ထိုအခါမှ အတွင်းဘက်မှ လျှောက်လာသော ခြေသံလိုလိုကြားရပြီးနောက် တံခါးလာဖွင့်ပေးသည်။

တံခါးပွင့်သွားတော့ အသက်အရွယ်ကြီးလှပြီဖြစ်သောကုလားလူမျိုး အဘိုးကြီးတစ်ယောက်နှင့် အသက်သုံးဆယ်အရွယ်ခန့် ရှိသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ ၎င်းတို့နှစ်ယောက်မှာ သူတို့ မျက်နှာများကို ထင်ရှားစွာ မမြင်စေလိုဟန်ဖြင့် တံခါးအကွယ် အမှောင်ရိပ်ရှိသောနေရာ၌ တစ်ယောက်နှင့်တစ်ယောက် အကာအကွယ် ယူ၍ ရပ်နေကြသည်။

ဆင်ဝင်အောက်သို့ ရောက်သွားပြီဖြစ်သောကြောင့် မိုးရေမစိုတော့ပြီဖြစ်ရာ ဒေါက်တာမင်းထင်ကျော်က ခေါင်းပေါ်မှာ ဆောင်းထား



www.burmeseclassic.com

www.burmeseclassic.com


သည့်ဦးထုပ်ကို ချွတ်လိုက်လေသည်။

"ကျွန်တော်က ခရီးသွားလာရင်း တံတားကျိုးနေတာနဲ့ ရှေ့ဆက်သွားလို့ မရတော့လို့ ဒီကိုဝင်လာတာပါ။ ခဏလောက်များ မိုးခိုလို့ ရနိုင်မလား"

ဒေါက်တာမင်းထင်ကျော်က အဆင်ပြေအောင် ပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒီနေရာက မင်းအနေနဲ့ လာသင့်တဲ့နေရာမျိုးတော့ မဟုတ်ဘူး"

အဘိုးကြီးက လေသံသြသြဖြင့် ပြောလိုက်သည်။

"အို. . . ဘာဂျန်ကလည်း၊ ဒီလိုပြောလို့ မသင့်ဘူးလေ၊ သူ့ကို ကျွန်မ ကောင်းကောင်းသိပါတယ်"

အမျိုးသမီးက ဝင်ပြောသည်။

"ဘယ်လို. . . အခုမှ တွေ့ဖူးမြင်ဖူးတဲ့ လူတစ်ယောက်ကို မင်းက သိနေတယ် ဟုတ်လား အမီနာ၊ နောက်ပြီး ဒီလူက ငါတို့လူမျိုးလည်း မဟုတ်ဘူး"

"ရှင်မသိသေးလို့ပါ. . . တကယ်တော့ သူက ကျွန်မတို့အတွက် လူစိမ်းတစ်ယောက် မဟုတ်ဘူး၊ မာရီယာနဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ပဲရှင့်. . . သိရဲ့လား"

"အလို. . . မာရီယာရဲ့မိတ်ဆွေ ဟုတ်လား. . . အံ့သြစရာပဲ၊ တကယ်တော့ တမလွန်က မိတ်ဆွေအချင်းချင်း ပြန်တွေ့ရတာ စိတ်ဝင်စားစရာပဲဟေ့"

ထိုသို့ပြောပြီး ဘာဂျန်ဆိုသောလူကြီးက အိမ်အနောက်ဘက်သို့ ဝင်သွားလေသည်။

"အပြင်မှာ လေတွေမိုးတွေ ရှိနေသေးတယ်၊ အိမ်ထဲကို ဝင်ပါရှင်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိတ်ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်က အိမ်အတွင်းသို့ ဝင်လိုက်သည်။

သူဝင်ပြီးသည်နှင့် အမျိုးသမီးက တံခါးကို ပြန်ပိတ်ပြီး ဂျက်ထိုးထားလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော့်နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ကျွန်တော်က မြန်မာလူမျိုးတစ်ယောက်ပါ"

"မာရီယာ ပြောပြလို့ ရှင့်အကြောင်းကို ကျွန်မသိပါတယ်၊ ကျွန်မနာမည်က အမီနာလို့ ခေါ်တယ်၊ မာရီယာက ကျွန်မရဲ့ညီအစ်မတော်စပ်ပါတယ်"

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါထက် မာရီယာရော ဘယ်မှာ ရှိနိုင်သလဲ၊ ကျွန်တော် သူနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

"မာရီယာက ဝိညာဉ်ဘဝ ရောက်နေတာရော ရှင်သိတယ်မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"အခုလောလောဆယ် သူ့ဝိညာဉ်က ဒီမှာမရှိသေးဘူး၊ တစ်နေရာမှာ ရောက်နေတယ်၊ ရှင်စောင့်နိုင်မယ်ဆိုရင်တော့ သူနဲ့ တွေ့ရမှာပါ"

ဟု ပြောပြီး အတွင်းသို့ ခေါ်သွားလေသည်။

အတွင်းဘက်မှာတော့ ခုံမြင့်တစ်လုံးပေါ်မှာ ရေနံဆီ မီးအိမ်တစ်လုံးထွန်းထားသောကြောင့် အလင်းရောင်အချို့ ရှိနေသည်။

အခန်းထဲမှာလည်း လူအသုံးအဆောင်ပစ္စည်းဟူ၍ များများစားစားတော့ မတွေ့ရပေ။

ဟောင်းနွမ်းနေပြီဖြစ်သော စားပွဲ၊ ကုလားထိုင်အချို့နှင့် နံရံ၌ကပ်ထားသော ဘီရိုဟောင်းတစ်လုံး ရှိနေသည်။

ပစ္စည်းများမှာ ဖုန်ထုတက်နေသည်ကို ကြည့်ရုံဖြင့် အသုံးမပြု



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထားခဲ့သည်မှာ အတော်ကြာပြီဖြစ်ကြောင်း သိနိုင်ပေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မသင်္ကာသောကြောင့် ကြမ်းပြင်သို့ ငုံ့ကြည့်လိုက်သည်။

လူမနေတာ ကြာမြင့်ခဲ့ဟန်ဖြင့် ကြမ်းပြင်ပေါ်မှာလည်း ဖုံများ ထူတက်နေလေသည်။

ထိုကြမ်းပြင်ပေါ်မှာတော့ မိုးကာအကျီမှ စီးကျနေသောရေများ မှလွဲ၍ မည်သည့်ခြေရာမှ ရှိမနေပေ။ အပြင်ဘက်မှ ဝင်လာသော သူ့ခြေရာတစ်ခုသာ ထင်နေသည်။

ဒေါက်တာမင်းထင်ကျော်က ရေစက်များ ကျနေသော မိုးကာ အကျီကို ချွတ်ပြီး တစ်နေရာမှာ ချိတ်ထားလိုက်သည်။

သူ့စိတ်ထဲမှာလည်း လက်ရှိကြုံတွေ့နေရသော အခြေအနေ ကို ရိပ်စားမိသကဲ့သို့ ရှိနေလေသည်။

ဘီရိုနှင့် မနီးမဝေးရှိ ခုတင်တစ်လုံးပေါ်မှာတော့ တယ်လီဖုန်း တစ်လုံးတင်ထားသည်။

"ကျွန်တော် ဖုန်းဆက်ကြည့်ပါရစေ၊ လမ်းမှာ ကြန့်ကြာနေတာ ကို သူ့ကို အသိပေးရုံပါပဲ"

"ဆက်ချင်လည်း ဆက်ကြည့်ပေါ့၊ ဒီဖုန်းက အသုံးမပြုတာ တော့ အတော်ကလေး ကြာနေပြီ"

ဒေါက်တာမင်းထင်ကျော်က တယ်လီဖုန်း တင်ထားသည့် နေရာသို့ လျှောက်သွားပြီး ကြည့်သောအခါ တယ်လီဖုန်းမှာ အတော် ဟောင်းနွမ်းနေသော အမျိုးအစားဖြစ်နေသည်။

တယ်လီဖုန်းပေါ်မှာလည်း ဖုန်များက ထူတက်နေသည်။

ဒေါက်တာမင်းထင်ကျော်က ကောက်ယူပြီး နားထောင်ကြည့် လိုက်တော့ ဘာသံမှ မကြားရပေ။

ခလုတ်နှိပ်ကြည့်တော့လည်း ဘာမှမထူးခြားသဖြင့် ပြန်ချထား



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

"ရှင့်အနေနဲ့ စိတ်ဝင်စားမယ်ဆိုရင်တော့ ပြစရာတစ်ခု ရှိပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သဖြင့် အမီနာဆိုသော အမျိုးသမီးက အတွင်းခန်းတစ်နေရာသို့ ခေါ်ဆောင်သွားလေသည်။

ပိတ်ထားသော တံခါးတစ်ချပ်ရှေ့ ရောက်သောအခါ ရပ်လိုက်ပြီး တံခါးကို ခေါက်လိုက်ရာ အတွင်းမှ ဂျက်ဖြုတ်သံ ကြားရပြီး တံခါးပွင့်လာလေသည်။

အထဲမှာ ရပ်နေသူကတော့ 'ဘာဂျန်' ဆိုသော အဘိုးကြီးပင်ဖြစ်သည်။

"သူ့ကို ပြစရာရှိလို့ပါ"

ဟု ပြောလိုက်မှ လမ်းဖယ်ပေးသည်။

အတွင်းခန်း တစ်နေရာမှာတော့ ကတ္တီပါစဖြင့် အုပ်ထားသော အရာတစ်ခုကို တွေ့ရသဖြင့် အနီးသို့ သွားပြီး ဖွင့်ကြည့်လိုက်ရာ ပြခန်းမှ ပျောက်သွားသော မာရီယာ၏ပုံတူပန်းချီကား ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရလေသည်။

"ဒီပန်းချီကားက ဘယ်လိုကနေ ဒီရောက်နေတာလဲ"

"မာရီယာကိုယ်တိုင်ပဲ ယူလာခဲ့တာပါ၊ ဘာကြောင့်လဲဆိုတော့ ဒီပန်းချီကားအတွက်ကြောင့် သူအသက်သေခဲ့ရတာ မဟုတ်လား၊

သူ ဒီကို ပြန်ရောက်လာဖို့ကလည်း ကျွန်မတို့ကပဲ ဝိုင်းဝန်းပြီး အကူအညီပေးခဲ့ကြရတယ်လေ"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ရှင်လည်း ရိပ်မိတန်သလောက် ရိပ်မိနေမှာပါ၊ ကျွန်မရော ဘာဂျန်ပါ လူအစစ်တွေ မဟုတ်ပါဘူး. . . တစ္ဆေတွေပါ"


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်တော်က ပရလောကသားတွေနဲ့ ပတ်သက်ပြီး ခံစားမှုမရှိလှပါဘူး၊ မာရီယာ ဘယ်ပုံဘယ်နည်း သေခဲ့ရတယ်ဆိုတာ ခင်ဗျား သိသမျှ ပြောပြပါ"

ထိုသို့ပြောသောအခါ ဘာဂျန်ဆိုသော အဘိုးကြီး စိုးရိမ်မကင်းသော မျက်နှာအမူအယာနှင့် ဝင်ပြောလေသည်။

"သူ့ကို အားလုံးပြောပြဖို့ မသင့်သေးဘူးထင်တယ်"

"ဖြစ်ပါတယ်. . . သူ့အနေနဲ့ သိတန်သလောက် သိထားမှ ဖြစ်မှာပေါ့၊ ဒါထက် ရှင်ဝင်လာတော့ အိမ်နဲ့ မနီးမဝေးနေရာမှာ မီးလောင်ထားတဲ့ မော်တော်ကားတစ်စင်း မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ်"

"အဲဒါ ဦးဇမ္ဗူကျော် စီးလာတဲ့ မော်တော်ကားပဲရှင့်"

"အခု သူဘယ်မှာလဲ"

"တစ်နေရာမှာ ရှိတယ်၊ တကယ်တော့ ဦးဇမ္ဗူကျော်ဆိုတာ လူကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး၊ အနုပညာတွေကို ဗန်းပြပြီး ကောက်ကျစ်ယုတ်မာမှုတွေနဲ့ စီးပွားရှာနေတဲ့ လူတစ်ယောက်ပဲ၊ သူက ကျွန်မညီမ မာရီယာကို အသုံးချဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မာရီယာက သူ့အကြောင်းတွေကို သိလို့ သူကမ်းလှမ်းတာကို လက်မခံဘဲ ရှင့်အလုပ်ကိုပဲ ရွေးပြီး လက်ခံခဲ့တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"အဲဒါကို မကျေနပ်လို့ မာရီယာကို သေကြောင်းကြံစည်ခဲ့တယ်၊ ဒရိုင်ဘာကို ငွေပေးပြီးတော့ မော်တော်ကားကို မြစ်ထဲ ထိုးချခိုင်းခဲ့တယ်၊ ဒီက ပုလိပ်တွေကလည်း ငွေများများပေးနိုင်ရင် ဘာမဆို ဖြစ်တာဆိုတော့ အမှုကို ဖိဖိစီးစီး မလိုက်ကြဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်မကောင်းပါဘူး"

"မာရီယာ သေသွားပြီးတဲ့နောက်မှာ ဦးဇမ္ဗူကျော်က ရှင်ရေးတဲ့ပန်းချီကားကို မရ,ရအောင် ကြိုးစားပြန်တယ်၊ ဒါပေမယ့် ဒီကြားထဲမှာပဲ ပန်းချီကားက ပျောက်သွားခဲ့တယ်"

"အခု ဒီနေရာကို ဘယ်သူယူလာတာလဲ"

"မာရီယာကပဲ ယူလာတာပါ"

"သူက ဘယ်လိုယူလာတာလဲ"

"နောက်တော့ ရှင်သိရမှာပါ"

"ဦးဇမ္ဗူကျော်အကြောင်းကို ဆက်ပြောပါဦး"

"သူတို့ ယုတ်မာရက်စက်တာတွေကို ပုလိပ်တွေက မသိဟန်ဆောင်ခဲ့ကြပေမယ့် ဝိညာဉ်လောကသားတွေကတော့ ဒီအတိုင်း မနေခဲ့ကြဘူး၊ ဦးဇမ္ဗူကျော်ကို တစ်နည်းနည်းနဲ့ ပြန်ပြီးကလဲ့စားချေဖို့ လုပ်ကြတယ်"

"ဘယ်လိုမျိုး လုပ်တာလဲ"

"ပြခန်းမှာ တင်ထားတဲ့ ပန်းချီကားကို ဒီနေရာ ရောက်အောင် ယူခဲ့ကြတယ်၊ နောက်မှ တစ်ယောက်က ဦးဇမ္ဗူကျော်ဆီ သွားပြီး သတင်းပေးလိုက်တယ်၊ သူနဲ့ ဒရိုင်ဘာ ရောက်လာတဲ့အခါ မာရီယာကို ရက်ရက်စက်စက် သတ်ခဲ့တဲ့ ဒရိုင်ဘာကို အရင်သတ်ပစ်လိုက်တယ်"

"ဒါ . . ဒါဖြင့် ဦးဇမ္ဗူကျော်ကရောဟင်"

"သူ့ကိုတော့ မသတ်သေးပါဘူး၊ ဒီအတိုင်းပဲ ထားပါသေးတယ်၊ ဒါပေမယ့် အကြောက်လွန်တာနဲ့ နှလုံးသွေးပျက်ပြီး ရူးနေပြီ"

ဟု ပြောရာ များစွာအံ့သြသွားလေသည်။

"သူ့ကို ဘယ်မှာထားသလဲ"

"အတွင်းဘက်မှာ ရှိတဲ့ မြေအောက်အခန်းထဲမှာ ထည့်ထားပါတယ်၊ ရှင်ကြည့်ချင်ရင်တော့ နောက်က လိုက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်က နောက်မှ လိုက်သွားလေသည်။

အိမ်ကြီးအတွင်းဘက်၌ မြေအောက်သို့ ဆင်းသောလှေခါး တစ်ခုရှိပြီး ထိုနေရာမှ ဆင်းသွားသောအခါ မြေအောက်အခန်းထဲသို့ ရောက်သွားကြသည်။

မြေအောက်အခန်းတွင်းမှာတော့ မီးအလင်းရောင် မရှိ သဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်ရသည်။

အခန်းအလယ်၌ ရှိသော ကွပ်ပျစ်ပေါ်မှာ လူတစ်ယောက် ထိုင်နေသည်။

ဦးဇမ္ဗူကျော်ပင်ဖြစ်သည်။

"ငါ့ကို သတ်ကြမယ့် မကောင်းဆိုးဝါးတွေ လာကြပြီ၊ ငါ့နား မလာကြနဲ့. . . မကပ်ကြနဲ့၊ မာရီယာကို သတ်သလို နင်တို့ကိုပါ သတ် ပစ်ရမယ်. . . သတ်ပစ်မယ်ဟေ့"

ဟူသောအသံများဖြင့် အော်ဟစ်ပြောဆိုနေသည်။

အမီနာဆိုသောအမျိုးသမီးက ဒေါက်တာမင်းထင်ကျော်ကို တစ်နေရာမှာ ထားခဲ့ပြီး ဦးဇမ္ဗူကျော်အနီးသို့ တိုးကပ်သွားသည်။

အနီးသို့ ရောက်သောအခါ အသံကျယ်ကျယ်ဖြင့် ပြောလိုက် လေသည်။

"ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း"

"အမယ်လေး. . . ကြောက်ပါပြီဗျ ကြောက်ပါပြီဗျ"

ထိုအမျိုးသမီးမှာ ဒေါက်တာမင်းထင်ကျော်ဘက်သို့ ကျောပေး ထားသောကြောင့် သူမ၏မျက်နှာ ဘယ်ပုံအနေအထား ရှိသည်ကို မသိရသော်လည်း ဦးဇမ္ဗူကျော်ကတော့ အသက်ထွက်လုမတတ် ကြောက်လန့်တကြား အော်ဟစ်နေလေသည်။

"နင် ငါ့ကို ကြောက်တယ်ဆိုရင် ငါမေးတာ မှန်မှန်ပြောစမ်း၊



www.burmeseclassic.com

မာရီယာကို သတ်တာ နင့်လက်ချက် မဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ်၊ ကြံစည်မိပါတယ်"

"အပြစ်မရှိတဲ့လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ဝံ့ပြီးမှ ကိုယ်သေရမယ့်အလှည့် ရောက်တော့ ဒီလောက်ကြောက်နေရသလား"

"ကြောက် . . ကြောက်ပါပြီဗျာ၊ ကျုပ်ရဲ့အသက်ကို ချမ်းသာပေးပါ"

"ကောင်းပြီ . . . နင့်ကို လွှတ်ပေးလိုက်ရင် နင့်အပြစ်တွေကို ဝန်ခံပေးမလား"

"ဝန်ခံပေးပါမယ်ဗျာ . . . အခုလိုအဖြစ်မျိုးနဲ့ သေရတာထက်စာရင် ထောင်ထဲမှာ နေရတာက ပိုကောင်းပါသေးတယ်"

"ကောင်းပြီ . . . နင့်စကားအတိုင်း တည်ပါစေ၊ မဟုတ်ရင် ငါကိုယ်တိုင် လာသတ်မယ်၊ ဒီမှာ ငါ့မျက်နှာကို သေသေချာချာ ကြည့်သွားစမ်း"

"အမယ်လေး . . . ကြောက်ပါပြီဗျ . . . မကြည့်ပါရစေနဲ့"

ဟု အော်ဟစ်နေလေသည်။

"ကဲ . . . နင်သွားပေတော့"

ဟု ခွင့်ပြုလိုက်သည်နှင့် ဦးဇမ္ဗူကျော်မှာ ဘာကိုမှ ဂရုမစိုက်တော့ဘဲ အခန်းပေါက်ဝမှတစ်ဆင့် အပေါ်သို့ ပြေးတက်သွားရာ ခြေသံကိုသာ ကြားလိုက်ရတော့သည်။ အတန်ကြာတော့မှ အမီနာက သူရှိရာဘက်သို့ ပြန်လှည့်လာလေသည်။

ယခုတော့လည်း သူမ၏မျက်နှာမှာ စောစောက မြင်ရသည့်အတိုင်း ကြောက်စရာမျက်နှာမျိုး မဟုတ်ဘဲ မူလအတိုင်းပင် ရှိနေတော့သည်။

"ခင်ဗျား သူ့ကို ဘာကြောင့် ပြန်လွှတ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြန်မလွှတ်ရင်လည်း သူက မကြာခင် သေတော့မှာပါ။ ဒါကြောင့် သူ့ကံကြမ္မာအတိုင်း ဖြစ်ဖို့ ပြန်လွှတ်ပေးလိုက်တာပါ"

ဟု ပြောသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်အား ပန်းချီကား ထားသောအခန်းသို့ ခေါ်သွားလေသည်။

"ကိစ္စတွေလည်း ပြီးပြီဆိုတော့ ဒီပန်းချီကားကို ရှင် ပြန်ယူသွားလို့ ရပါပြီ၊ ဒီပန်းချီကားကို ခိုးယူရတဲ့အကြောင်းကတော့ မာရီယာကို သတ်တဲ့တရားခံကို ဖော်ထုတ်ချင်လို့ပါပဲ"

ထိုသို့ပြောသော်လည်း ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်သေးပေ။

"ကျွန်တော် မာရီယာနဲ့ တွေ့ပါရစေ"

"အခုလောလောဆယ် သူနဲ့ တွေ့ခွင့်မရနိုင်သေးဘူး၊ သူ တစ်နေရာကို ရောက်နေတယ်၊ အချိန်တန်တော့ တွေ့ရမှာပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း စိတ်ကို လျှော့လိုက်ပြီး ကတ္တီပါအိတ်နှင့် စွပ်ထားသော ပန်းချီကားကို ယူ၍ အပြင်သို့ ပြန်ထွက်လာလေသည်။

အပြင်မှ အမှောင်ထုများ ရှိနေသော်လည်း မိုးက စဲနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# ခွဲလမ်းမှုသံယောဇဉ်

ဗီးနပ်(စ်)အကယ်ဒမီပြခန်းတွင် ကျင်းပနေသော ပန်းချီပြပွဲ မပြီးခင်မှာပင် ဒေါက်တာမင်းထင်ကျော် ရေးဆွဲခဲ့သော မာရီယာ၏ ပန်းချီကား ပြန်ရောက်လာသောကြောင့် ကြည့်ရှုသူ ပိုမိုများပြားလာလေသည်။

ထိုရက်အတွင်းမှာပင် မြို့ပြင်သို့ ထွက်သော ကားလမ်းနံဘေးရှိ တောစပ်တစ်နေရာမှာ သေဆုံးနေသည့် ဦးဇမ္ဗူကျော်၏အလောင်းကို တွေ့ရသည့်သတင်းကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုသတင်းကို ကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အိမ်ဟောင်းကြီး ရှိရာသို့ တစ်ကျော့ပြန်သွားလေသည်။

လမ်း၌ သူကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြန်လည်ပြောပြထားသောကြောင့် အမီတာမှာ ထိတ်လန့်နေသည်။ မိုးများသည်းထန်စွာ ရွာသွန်းစဉ်က ယိမ်းယိုင်သွားသော ချောင်းကူးတံတားကိုလည်း ပြန်လည်ပြုပြင်ထားသောကြောင့် အခက်အခဲမရှိ သွားနိုင်ကြသည်။

မြို့ပြင်ဘက်မှ အိမ်ဟောင်းကြီး ရှိရာသို့ ရောက်သွားကြသောအခါ အိမ်နှင့် မနီးမဝေး၌ မီးလောင်ပျက်စီးနေသည့် မော်တော်ကားကတော့ ခြေရာလက်ရာမပျက် ရှိနေသေးသည်။

"ခင်ဗျား ညဘက် ရောက်လာတုန်းက ဘာဂျန်နဲ့အမီနာ ဆိုတဲ့ လူနှစ်ယောက်ကို ဒီအိမ်မှာ တွေ့ခဲ့တာလား ကိုမင်းထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ကားကို တစ်နေရာမှာ ရပ်ထားခဲ့ပြီး နှစ်ယောက်သား အိမ်ကြီး ရှိရာသို့ သွားကြလေသည်။

"ခင်ဗျားခေါ်လို့သာ လိုက်ခဲ့ရတယ်၊ ကျွန်တော့်စိတ်ထဲမှာ ခပ်လန့်လန့်ပဲဗျ"

"ပရလောကသားတွေဟာ သနားစရာကောင်းကြပါတယ်၊ သူတို့က အကြောင်းမရှိဘဲ လူတွေကို အန္တရာယ်ပြုလေ့ မရှိကြပါဘူးဗျာ"

"ဘာပဲပြောပြော တစ္ဆေသရဲ ဆိုလိုက်တာနဲ့တင် ကြောက်နေကြရတာ မဟုတ်လားဗျ"

ဒေါက်တာမင်းထင်ကျော်က ဘာမှမပြောဘဲ ရှေ့မှ လျှောက်သွားရာ အမီတာကလည်း နောက်မှ လိုက်သွားလေသည်။ တံခါးပေါက်ဝ ရောက်သောအခါ တံခါးမှာ ပိတ်ထားလျက်ရှိပြီး တံခါးဖွင့်ပေးမည့်သူ မရှိပေ။ ညက တံခါးဖွင့်ပေးသော ဘာဂျန်နှင့်အမီနာတို့၏


www.burmeseclassic.com

www.burmeseclassic.com


အရိပ်အယောင်ကိုမှ မတွေ့ကြရပေ။

"လူလည်း တစ်ယောက်မှ မတွေ့ပါလား"

အမီတာက ပြောသည်။

ဒေါက်တာမင်းထင်ကျော်က တံခါးကို ခေါက်လိုက်သည်။ တံခါးခေါက်သံ ပေါ်ထွက်ပြီး အတန်ကြာသည်အထိ လှုပ်ရှားမှု မတွေ့ရသဖြင့် တွန်းကြည့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားလေသည်။

တံခါးပေါက်နှင့် မနီးမဝေးနေရာမှာတော့ ညက သူ့ကိုယ်ပေါ်မှ ကျခဲ့သော မိုးရေစက်များက အကွက်လိုက် ထင်ကျန်နေသေးသည်။

ဖုန်ထုများ တက်နေသော ကြမ်းပြင်ပေါ်မှာတော့ ခြေရာများ ထင်ကျန်နေခဲ့သည်။

သို့သော် များများစားစား မဟုတ်ဘဲ သူ့ဖိနပ်ခြေရာများသာ တွေ့ရပြီး အခြားခြေရာများတော့ တစ်ခုမှ မတွေ့ရပေ။

ပန်းချီကား ဝှက်ထားသောအခန်းနှင့် ဦးဇမ္ဗူကျော်ကို တွေ့ရသောအခန်းထဲမှာလည်း ဘာမှမရှိပေ။ သို့သော် ဦးဇမ္ဗူကျော် အသုံးအဆောင်ပစ္စည်းအချို့တော့ ကွပ်ပျစ်ပေါ်မှာ တွေ့ရသည်။

"ညက ဒီအခန်းထဲမှာ ဦးဇမ္ဗူကျော်ကို တွေ့လိုက်ရသေးတယ်၊ သူထွက်ပြေးသွားတာလည်း ဒီအခန်းထဲကပဲ"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ဒီနေရာက လွတ်သွားပြီးမှ ဘာကြောင့် သေရသလဲ မသိဘူးနော်"

"အကြောက်လွန်ပြီး သေတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ဝိညာဉ်လောကသားတွေ နှောင့်ယှက်တာကြောင့်ပဲဖြစ်ဖြစ် သေတာ ဖြစ်မှာပေါ့"

"ခင်ဗျားပြောသလိုပဲ အခြားသူအပေါ်မှာ မစ္ဆရိယစိတ်နဲ့ မကောင်းကြံခဲ့တော့ သူ့အပေါ်မှာလည်း မကောင်းမှုတွေ တစ်ခုပြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရောက်လာပြီးတော့ အသက်သေရတဲ့အထိ ဖြစ်သွားတာ နေမှာ ပေါ့နော်"

"ဖြစ်နိုင်ပါတယ်"

"အခုလို သေသွားတော့ရော ကောင်းတာပေါ့ဗျာ၊ မဟုတ်ရင် လည်း မာရီယာကို သေကြောင်းကြံစည်မှု ပေါ်ရင်လည်း ထောင်ထဲမှာ နေရမယ့်အတူတူ အခုလို သေသွားတော့လည်း အေးတာပေါ့"

ဟု ပြောလေသည်။

ထိုနေ့က အိမ်ဟောင်းကြီးအတွင်း လှည့်လည်ကြည့်ရှုကြသော် လည်း နောက်ထပ် ထူးထူးခြားခြား ဘာမှမတွေ့ရသောကြောင့် အပြင် သို့ ထွက်ကာ ခြံဝန်းအတွင်းသို့ လိုက်လံကြည့်ရှုကြသည်။

ခြံဝန်းမှာ အတော်လေး ကျယ်သည်။

သစ်ပင်၊ ဝါးပင်များလည်း ရှိသည်။

ပြုပြင်မည့်သူ မရှိသောကြောင့် ချုံနွယ်ပိတ်ပေါင်းများက ထူထပ်စွာ ရှိနေလေသည်။

ခြံအနောက်ဘက် တစ်နေရာ ရောက်သောအခါ ချုံများ ကြား မှာ ဟောင်းနွမ်းပျက်စီးနေသော အုတ်ဂူအချို့ကို တွေ့ရသည်။

အချို့အုတ်ဂူများမှ ရေညှိများ တက်နေသောကြောင့် အ ရောင်အဆင်း မရှိတော့ဘဲ အချို့အုတ်ဂူများမှာ ပြိုကျလျက် ရှိနေသည်။

စုစုပေါင်း သုံးလေးလုံးခန့် ရှိသည်။

"မိသားစုအုတ်ဂူတွေပဲ ဖြစ်ရမယ်"

အနားကပ်ကြည့်တော့ အုတ်ဂူများ၌ ရေးထားသောစာများကို တွေ့ရသည်။

ကုလားဘာသာနှင့် ရေးထားခြင်းဖြစ်ရာ အဓိပ္ပာယ်ကို ဖတ်ပြ သည်။

ထိုအထဲတွင် သူသိသော နာမည်နှစ်ခု ပါလာသည်။ တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com


'ဘာဂျန်' ဖြစ်ပြီး ကျန်တစ်ခုက 'အမီနာ' ဆိုသူဖြစ်သည်။

ဘာဂျန်က အသက်ခြောက်ဆယ်အရွယ်၌ ကွယ်လွန်ခဲ့ပြီး အမီနာက အသက်သုံးဆယ်အရွယ်၌ ကွယ်လွန်သွားခြင်းဖြစ်ပေသည်။ ၎င်းတို့ ကွယ်လွန်ခဲ့သောရက်စွဲများကို ကြည့်ခြင်းဖြင့် (၁၅)နှစ်ခန့် ကြာမြင့်ခဲ့ချေပြီ။

"အော်. . . သူတို့ပြောတဲ့အတိုင်း တစ္ဆေဆိုတာ အမှန်ပါပဲ လား"

ဟု ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုး ရေရွတ်လိုက်လေ သည်။

ထို့နောက်မှာတော့ နှစ်ယောက်သား ထိုအိမ်ကြီးရှိရာမှ ပြန်ခဲ့ ကြလေသည်။

ကာလကတ္တားရှိ ဗီးနပ်(စ်)အကယ်ဒမီပြခန်းမှာ ပြသခဲ့ကြ သော ပန်းချီကားပေါင်း တစ်ရာကျော် ရှိသည့်အနက် နောက်ဆုံး ဆုပေးပွဲ ကျင်းပသောအခါ ဒေါက်တာမင်းထင်ကျော် ရေးဆွဲခဲ့သော မာရီယာ၏ပန်းချီကားက ဗီးနပ်(စ်) အကယ်ဒမီဆုကို ဆွတ်ခူးရရှိလေ သည်။

ထိုပန်းချီကားကို ဗီးနပ်(စ်)အကယ်ဒမီပြခန်းမှတဆင့် ရှေး ဟောင်းယဉ်ကျေးမှုပြတိုက်မှာ ချိတ်ဆွဲပြသရန်အတွက် တာဝန်ရှိသူများ က ယူဆောင်သွားကြလေသည်။

ပန်းချီကားအတွက် ရရှိခဲ့သည့် ဆုကြေးငွေအဖြစ် ပေးအပ် ချီးမြှင့်သော ရူပီးငွေများကို အမီတာကို ပေးရာ ၎င်းက လက်မခံပေ။

"ကျွန်တော်မယူပါရစေနဲ့ ကိုမင်းထင်ကျော်၊ ခင်ဗျားအတွက် အခုလို အောင်မြင်မှု ရခဲ့တာနဲ့တင် ကျွန်တော့်အဖို့ ဝမ်းသာဂုဏ်ယူစရာ ဖြစ်နေပါပြီ"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခင်ဗျားအနေနဲ့ ဒီငွေကို မသုံးစွဲချင်ဘူးဆိုရင် မာရီယာအတွက် ရည်စူးပြီး တစ်ခုခု လှူပေးလိုက်ပါဗျာ"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က အဝေးသို့ မျှော်ကြည့်ရင်း ပြောသည်။

"သူ့အတွက် လှူဖို့ မလိုသေးပါဘူးဗျာ၊ ဘာကြောင့်လဲဆိုတော့ သူ မသေသေးပါဘူး၊ အသက်ရှင်ရက်နဲ့ ရှိနေပါသေးတယ်"

ထိုစကားကြောင့် အမီတာက ပါးစပ်အဟောင်းသားနှင့် ကြည့်နေလေသည်။

ပြီးမှ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ခင်ဗျားစိတ်ထဲမှာ ဘယ်လောက်စွဲလန်းနေတယ်၊ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျွန်တော်ကိုယ်ချင်းစာပါတယ်၊ ဒါပေမယ့် ခင်ဗျားလည်း ပညာတတ်တစ်ယောက်ပဲ၊ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ပဲ၊ ဒီလောက် အစွဲအလမ်း မထားပါနဲ့ဗျာ၊ ကိုယ့်စိတ်ကို ဖြေပါ"

"ခင်ဗျားက ကျွန်တော်အစွဲအလမ်းကြီးပြီး စိတ်ထဲ ထင်ရာပြောနေတယ်လို့များ ထင်နေသလား၊ မဟုတ်ဘူးဗျ. . . မာရီယာ မသေသေးဘူးဆိုတာ အမှန်ပဲ၊ သူနဲ့ကျွန်တော် တွေ့ခဲ့ရပြီးပြီ၊ တစ်နေ့ကျရင် သူပြန်ရောက်လာလိမ့်မယ်"

အမီတာက ခေါင်းကို မသိမသာ ခါယမ်းရင်း စိတ်ထဲမှပင် ရေရွတ်လိုက်လေသည်။

"ခင်ဗျားကို ကာလကတ္တားကို ခေါ်မိတာ ဒုက္ခပေးမိသလို ဖြစ်ပြီး ကျွန်တော်မှားသွားပြီထင်ပါရဲ့ဗျာ"

အမီတာ၏အမူအယာကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ကျွန်တော်ပြောတာကို ခင်ဗျားမယုံနိုင်ဘူးဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ နောက်ထပ်တစ်ပတ်ပဲ အချိန်ထပ်ပေးပါ၊ တစ်ပတ်အတွင်းမှာ ကျွန်တော်ပြောတာ မမှန်ခဲ့ဘူးဆိုရင် ကျွန်တော် မြန်မာပြည်ကို ပြန်ပါ့မယ်"

ဟု ပြောရာ အမီတာမှာ နောက်ထပ်ဘာမှ မပြောသာတော့ပေ။



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

# သေမျှာပြန်ချစ်သူ

ဂူတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။ မီးဖို အတွင်းမှာ ထည့်ထားသော သစ်မွှေးသားများမှ ထွက်လာသော မီးခိုး ငွေ့များက သင်းပျံ့သောရနံ့များဖြင့် ဂူအတွင်းမှာ ပျံ့လွင့်လျက်ရှိနေ သည်။

မီးပုံနှင့် မနီးမဝေးရှိ ကျောက်ပြားတစ်ချပ်ပေါ်မှာ ကျောက်ရုပ် ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေသည့်လူတစ်ယောက် ရှိနေသည်။

မာရီယာပင်ဖြစ်သည်။

သူမသည် အသက်မရှိတော့သည့်လူတစ်ယောက်ကဲ့သို့ ရှိနေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့တည့်တည့်မှာတော့ သူမ၏ဆရာသခင်ဖြစ်သူ ယောဂီကြီးက မျက်နှာချင်းဆိုင် ငြိမ်သက်စွာ ထိုင်နေလေသည်။

အတန်ကြာတော့ ယောဂီကြီးထံမှ စကားသံ ထွက်လာသည်။

"မာရီယာ. ."

". . . . . . ."

"သင့်ရဲ့အခြေအနေသည် သေခြင်းတရား၏မျဉ်းဖြစ်သော တမလွန်စည်းပေါ်မှာ ရောက်နေသောအချိန်ပင် ဖြစ်ပေသည်. . ."

". . . ."

"သို့ကြောင့် ငါမေးတဲ့မေးခွန်းကို ကောင်းစွာဖြေကြားပေတော့၊

သင်သည် ဝိညာဉ်လောကမှာ နေလိုသလား၊

ဒါမှမဟုတ် လူ့လောကသို့ ပြန်သွားလိုပါသလား"

". . . ."

"အော်. . . သင်က လူ့လောကကို ပြန်သွားလိုတယ်ဆိုတော့ လူ့လောကမှာ တွယ်ငြိရမယ့် သံယောဇဉ်ကြိုးတွေ ရှိနေခဲ့ပြီကိုး၊

ဒီလိုမှဖြင့် အဝေးရောက်နေတဲ့ သင့်ရဲ့ဝိညာဉ်ကို ပြန်ခေါ်ပေးပါ့မယ်၊ လူ့လောက ရောက်တဲ့အခါမှာ သင့်ရဲ့ဘဝမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ ပြည့်စုံပါစေလို့ ငါဆုတောင်းလိုက်ပါတယ်. . .

သင့်အနေနဲ့ သေခြင်းတရားနဲ့ ကြုံတွေ့ရစဉ်အကြောင်းတွေကိုသာ အာရုံပြုထားပေလော့"

ဟု ပြောလေရာ မာရီယာ၏စိတ်အာရုံအတွင်းသို့ မကြာသေးမီအချိန်က ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များမှာ တစ်ခုပြီးတစ်ခု ပြန်ပေါ်လာလေတော့သည်။

နံနက်ပိုင်းအချိန်တစ်ခုတွင် မာရီယာ၏ကိုယ်ဟန်ပြပေးရာ နေရာသို့ သွားရန် ပြင်ဆင်နေစဉ် ခါတိုင်း လာရောက်ကြိုသော မော်တော်ကား ရောက်လာသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com


နောက်ဘက်အခန်းမှာ ဝင်ထိုင်လိုက်သည်။

သူမ အတွင်းရောက်သောအခါ ကားမောင်းသူက တံခါးချက်များကို ချလိုက်လေသည်။

ထိုတံခါးချက်များမှာ ကားမောင်းသူက ခလုတ်နှိပ်၍ ဖွင့်ပေးမှ ပွင့်သောချက်များဖြစ်သည်။

မာရီယာကတော့ ထွေထွေထူးထူး မစဉ်းစားမိဘဲ အလုပ်ကိစ္စကိုသာ အာရုံရောက်နေလေသည်။

လူရှင်းသည့် ကားလမ်းတစ်နေရာ ရောက်သောအခါ ဒရိုင်ဘာက လီဗာကို ဖိနင်းပြီး စက်ရှိန်ကို မြှင့်တင်လိုက်လေသည်။

ကားအရှိန်မြန်လာတာကြောင့် မာရီယာက ပြောလိုက်သေးသည်။

"ကားအရှိန်ကို လျှော့မောင်းပေးပါ. . . အန္တရာယ်များပါတယ်"

"ရပါတယ်. . . စောစောရောက်အောင်လို့ပါ"

ထိုသို့ပြောပြီး တဖြည်းဖြည်း အရှိန်မြင့်စက်လာရာ လမ်းဘေးမှ သစ်ပင်များမှာ တရိပ်ရိပ်နှင့် ကျန်ခဲ့ကြလေသည်။

မြို့ဝင်ကာနီး ရောက်သောအခါ မော်တော်ကားက လမ်းဘေးမှတဆင့် မြစ်ထဲသို့ ထိုးဆင်းသွားလေတော့သည်။

"အမယ်လေး. . . သေပါပြီ"

မာရီယာက အသံကုန် အော်ဟစ်ကာ မျက်စိမှိတ်ထားလိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် 'ဝုန်း' ကနဲ အသံကြီး ကြားရသဖြင့် ကြည့်လိုက်ကတော့ ကားက ရေအောက်ရောက်နေချေပြီ။

ရှေ့ခန်းကို ကြည့်လိုက်တော့ ကားမောင်းသူကို မတွေ့ရတော့ပေ။

မာရီယာမှာ ကြောက်ကြောက်လန့်လန့်နှင့် တံခါးချက်ကို ဖွင့်


www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မရပေ။

တဖြည်းဖြည်းနှင့် ကားက ရေအောက်သို့ ပြုတ်ကျသွားသလို အတွင်းခန်းသို့ ရေများ ဝင်လာရာ မာရီယာမှာ တဖြည်းဖြည်း အသက်ရှုကျပ်လာချေပြီ။

အတန်ကြာတော့ ကားက ရေအောက်ကြမ်းပြင်သို့ ရောက်သွားပြီး ကားထဲမှာလည်း ရေများက ပြန့်သွားချေပြီ။

မာရီယာမှာ အသက်ရှူ၍မရတော့ပေ။

သူမအနေနှင့် မရှုမလှနှင့် သေရမည့်အချိန်သို့ ရောက်လာခဲ့ပေပြီ။ ထိုအခိုက်မှာပင် သူ့ရှိရာသို့ တရွေ့ရွေ့ လာနေသော မည်းမည်းသဏ္ဍာန်တစ်ယောက်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရလေသည်။

ပထမတော့ မိမိစိတ်ထင်လို့များလားဟု ထင်လိုက်မိသေးသည်။ အနားရောက်တော့မှ စိတ်ထင်တာ မဟုတ်၊ မိမိသိကျွမ်းနေသည့်မျက်နှာကို မြင်ရလေရာ များစွာဝမ်းသာသွားလေသည်။

အနားသို့ ရောက်လာသူမှာ အခြားသူမဟုတ်ဘဲ သူမ၏ဆရာသခင်ဖြစ်သည့် ယောဂီကြီးပင်ဖြစ်တော့သည်။

ယောဂီကြီးကို မြင်ရပြီးနောက် သတိမေ့မြောသွားရာ သူမသတိပြန်ရလာသောအချိန်မှာ နေရင်းရာမှ ဂူအတွင်းသို့ ရောက်နေသည်ကို တွေ့ရတော့သည်။

ထိုအကြောင်းများကို တွေးတောနေစဉ် မကြာသေးမီကာလက ကြုံတွေ့ခဲ့ရသည့်အကြောင်းများကိုလည်း သတိရနေမိသည်။

ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်နှင့် တွေ့ရသည့်အကြောင်းလည်း ပါသည်။

ဦးဇမ္ဗူကျော်အား ဝိညာဉ်ဘဝဖြင့် လှည့်စားခဲ့ရသော အကြောင်းများလည်း ပါလေသည်။

သူမအနေနှင့် ဝိညာဉ်ဘဝဖြင့် လွတ်လွတ်လပ်လပ်ရှိနေခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com


ဦးဇမ္ဗူကျော်အား ပြန်လည်နှိပ်စက်နိုင်ခဲ့ပုံများကို သတိရနေသည်။

"မိမိရဲ့ဝိညာဉ်ကို ပြန်လည်လက်ခံပေးရန် အဆင်သင့် ဖြင့်ထားလော့"

စိတ်အစဉ်က လွင့်မြောနေစဉ် နားထဲမှာ ယောဂီကြီး၏အသံကို ပြန်လည်ကြားရသဖြင့် လွင့်မြောနေသောစိတ်ကို ပြန်လည်ချုပ်ထိန်းလိုက်သည်။

သူမအနေနှင့် ယောဂကျင့်စဉ်များကို အတော်အတန် ခရီးပေါက်မြောက်အောင် ကျင့်ကြံခဲ့ဖူးသောကြောင့် လွင့်မျောနေသည့်စိတ်အစဉ်ကို ချုပ်တီးရသည်မှာ အခက်အခဲ မရှိလှပေ။

စိတ်တည်ငြိမ်မှု ရသောအခါ မိမိခန္ဓာကိုယ်တွင်း တစ်နေရာမှာ ဟင်းလင်းဖြစ်နေသောနေရာကို မြင်နေရသည်။

ထိုနေရာမှ အပေါ်သို့ ထောင်တက်နေသည့် စွန်ကြိုးနှင့် တူသော သေးမျှင်လှသည့် ကြိုးတစ်ချောင်းကိုလည်း မြင်ရသည်။

ထိုကြိုးမှာ သေးငယ်လှသော်လည်း ငွေကြိုးတစ်ချောင်းကဲ့သို့ အရောင်တောက်ပလျက်ရှိနေသည်။

ကြည့်နေရင်းမှာပင် ကြိုး၏ထိပ်ဖျား တစ်နေရာဆီမှ ပြဒါးကဲ့သို့ အရောင်လက်နေသောအရာတစ်ခုသည် တဖြည်းဖြည်းနှင့် အောက်သို့ ကျလာပြီးနောက် ဟင်းလင်းဖြစ်နေသည့် သူ၏ခန္ဓာကိုယ်အတွင်းသို့ တိုးဝင်သွားလေသည်။

"မာရီယာ. . . သင့်ရဲ့ဝိညာဉ်သည် သင်၏ကိုယ်ခန္ဓာအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့လေပြီ၊

သင်ပြုခဲ့သောကံတရားက ပေးသည့်သက်တမ်းအတိုင်း သင့်အနေနှင့် လူ့လောကမှာ ဆက်လက်နေထိုင်ခွင့် ရရှိပေမည်၊

ဘဝတလျှောက်လုံးမှာ ပျော်ရွှင်ချမ်းမြေ့မှုများဖြင့် ပြည့်စုံပါစေလို့ ကျွန်ုပ်ဆုတောင်းပေးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောဂီကြီး၏အသံ တဖြည်းဖြည်းနှင့် တိုးရာမှ ပျောက်ကွယ်သွားသောအခါ အိပ်မောကျနေရာမှ ဖျတ်ကနဲ လန့်နိုးလာသကဲ့သို့ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဦးစွာ သင်းပျံ့သောရနံ့များက နှာခေါင်းထဲ တိုးဝင်လာသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ မီးခိုးငွေ့များကို အရင်မြင်ရပြီး သူမရှေ့တည့်တည့်မှာ ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ထိုင်နေသော ယောဂီကြီးကို တွေ့ရသဖြင့် ကန်တော့လိုက်သည်။

ပြီးမှ နေရာမှ ထကာ ဂူအပြင်သို့ ထွက်ခဲ့သည်။

သူမသည် ယခုမှ လူ့လောကထဲသို့ ပြန်ဝင်ခွင့် ရသကဲ့သို့ စိတ်ထဲ၌ ကြည်နူးမှုဖြစ်နေသည်။

နေရဥရာမှ ပြန်သောအခါ မာလဝရွာမှာ ရှိကြသည့် မိဘနှစ်ပါးထံ ဝင်ရောက်၍ အကျိုးအကြောင်း ပြောပြခဲ့သည်။

မိဘများကတော့ သူမကို အသက်ရှင်လျက်နှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာနေကြသည်။

ထို့နောက်မှ ကာလကတ္တားသို့ ခရီးဆက်ခဲ့သည်။

ကာလကတ္တားသို့ မရောက်မီ မြို့ပြင်ဘက်မှ အိမ်ကြီးသို့ အရင်ဝင်သည်။

ဘာဂျန်နှင့်အမီနာတို့အုတ်ဂူများ ရှိသောနေရာသို့ သွား၍ ကျေးဇူးတင်ကြောင်း ပြောသည်။

သူတို့၏ပုံရိပ်များကို ဝိုးတဝါး ပြန်မြင်ရသည်။

"သူ ဒီရောက်လာပြီး နင့်ကို လာရှာသွားတယ်၊ ပန်းချီကားကိုလည်း ငါတို့ သူ့ကို ပြန်ပေးလိုက်တယ်၊

သူ အခု မြန်မာပြည်ကို ပြန်ဖို့ပြင်နေပြီ၊ သူ့ကို မီချင်ရင် နင် မြန်မြန်လိုက်သွားမှဖြစ်မယ်"

ဟု ပြောလိုက်သဖြင့် လမ်းမှာ တွေ့သော အငှားကားတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com


ကို တားပြီး ကာလကတ္တားသို့ လိုက်သွားလေသည်။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်သည် သူပြောထားသည့် အတိုင်း တစ်ပတ်ပြည့်တော့မှာမို့ မနက်ဖြန် လေယာဉ်ပျံနှင့် မြန်မာပြည်သို့ ပြန်ရန် ပြင်နေလေသည်။

မပြန်ခင် မြို့ပြင်မှ အိမ်ဟောင်းကြီးကို တစ်ခေါက်သွားချင်သေးသော်လည်း အမီတာက အတန်တန် တားသောကြောင့် မသွားဖြစ်ဘဲ ရှိနေသည်။

စိတ်ထဲမှာတော့ လွမ်းဆွတ်မှုများနှင့်အတူ မာရီယာကို သတိရနေသည်။

ညဦးပိုင်းအချိန်လောက်တွင် အိမ်ရှေ့မှ ကားတစ်စင်း ရပ်သံကြားရပြီး မရှေးမနှောင်းမှာ တံခါးခေါက်သံ ပေါ်လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

စိတ်ထဲမှာ အမီတာ ရောက်လာသည်အထင်နှင့် တံခါးဖွင့်ပေးလိုက်ရာ ရပ်နေသူကို မြင်ရတော့မှ မဟုတ်မှန်း သိရလေသည်။

"မာရီယာ. ."

မာရီယာက သူ့ရင်ခွင်ထဲသို့ ပြေးဝင်လာသောကြောင့် ဆီး၍ ဖက်ထားလိုက်ရသည်။

တစ်ယောက်နှင့်တစ်ယောက် တင်းတင်းကြပ်ကြပ် ဖက်ထားပြီး အတန်ကြာမှ လူချင်းခွာ၍ မေးရသည်။

"မာရီယာ ကိုယ့်ဆီကို လာခွင့်ရသွားပြီပေါ့နော်"

မာရီယာက ခေါင်းညိတ်ပြသည်။

"လာခွင့်ရသလို မောင်က ခေါ်သွားမယ်ဆိုရင်တောင် မောင်ခေါ်ရာနောက်ကိုပါ လိုက်ခွင့်ရခဲ့ပြီလေ"

"ကိုယ်ဝမ်းသာလိုက်တာ မာရီယာရယ်၊ အခုလို မာရီယာနဲ့ ပြန်လည်ဆုံစည်းခွင့်ရတာ ကိုယ်တော့ သိပ်ပျော်တာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မောင်နဲ့ ထပ်တူထပ်မျှ ပျော်တာပါပဲ မောင်ရယ်"

ဒေါက်တာမင်းထင်ကျော်က မာရီယာကို တွဲကာ အိမ်အတွင်းသို့ ခေါ်သွားလေသည်။

ပန်းချီဆွဲသော အတွင်းခန်း ရောက်တော့မှ သိချင်တာ မေးရလေသည်။

ထိုအခါ မာရီယာက ပြီးခဲ့သောအဖြစ်အပျက်များအား ဖြစ်ကြောင်းကုန်စင် ပြောပြလေသည်။

"ဒါဖြင့် ပန်းချီကား လက်စသတ်မယ့်ညဘက် ရောက်လာတာ ဝိညာဉ်ဘဝနဲ့ လာတာ မဟုတ်ဘဲ မာရီယာကိုယ်တိုင် ရောက်လာပြီး ကိုယ်ဟန်ပြပေးသွားတာပေါ့နော်"

"ဟုတ်ပါတယ်. . . ဆရာသခင်ဆီမှာ ခွင့်ပန်ပြီးတော့ ကျွန်မကိုယ်တိုင် ရောက်လာခဲ့တာပါ၊ မောင့်ရင်ခွင်ထဲ ရောက်နေတဲ့ချစ်သူရဲ့ အထိအတွေ့ဟာ ဝိညာဉ်လား လူကိုယ်တိုင်လားဆိုတာတောင် မောင် မခွဲခြားနိုင်ဘူးလား"

ဟု အပြုံးဖြင့် မေးသည်။

"အဲ့ဒီအချိန်တုန်းကတော့ စိတ်ထဲမှာ ထူပူနေတာနဲ့ ဘာမှ ခွဲခွဲခြားခြား မသိနိုင်ခဲ့ပါဘူး၊ ဒါထက် ပန်းချီကားကို ခိုးယူပြီး ဦးဇမ္ဗူကျော်တို့ကို ဘယ်ပုံဘယ်နည်း ကလဲ့စားချေခဲ့တယ်ဆိုတာ ပြောပြပါဦး"

"အဲဒါကတော့ ဆရာသခင် စီစဉ်တာတွေချည်းပါပဲ၊ သူက ဝိညာဉ်တွေကို စေခိုင်းပြီး ဦးဇမ္ဗူကျော်တို့ကို လက်တုန့်ပြန်ခဲ့တာပါပဲ၊ ကျွန်မကတော့ ဆရာခိုင်းတဲ့အတိုင်း လုပ်ပေးရတာပါ"

"ဒါဖြင့် ကိုယ့်ဆီ လာတဲ့အခါ လူစင်စစ်ကနေ ဝိညာဉ်ဘဝ ယောင်ဆောင်ပြီး လာခဲ့တာတွေကရော ဘယ်လိုရည်ရွယ်ချက်လဲ မောင်"

"ဒါကတော့ ပြဿနာတွေ မပြီးသေးလို့ အခြေအနေအရ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာပါ၊ ဒီလိုလုပ်ပြီး ကျွန်မ ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာရော မောင်သိရဲ့လားဟင်"

"သိပါတယ် မာရီယာရယ်၊ မောင်လည်း မာရီယာနဲ့ ထပ်တူခံစားရတာပါပဲ၊ အခုတော့ ပြဿနာတွေအားလုံး ပြီးသွားပြီဆိုတော့ မာရီယာကို မေးရတော့မယ်"

"ဘာမေးမှာလဲ မောင်"

"မောင့်ရင်ထဲမှာ ရှိနေတဲ့ မာရီယာအပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာတွေကို သိလောက်ပြီပေါ့နော်၊ မာရီယာကရော မောင့်အပေါ်မှာ ဘယ်လိုသဘောထားမှာလဲ"

"ဒီစကားက မေးစရာတောင် မလိုတော့ပါဘူး မောင်ရယ်၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် ကျွန်မ ထားတဲ့မေတ္တာက မောင့်ထက်တော့ မလျော့ပါဘူး၊

ပါးစပ်က ပြောနေတာထက် အမူအယာကို ကြည့်ရုံနဲ့ မောင် မသိနိုင်ဘူးလားဟင်"

"သိတော့ သိပါတယ်၊ ဒါပေမယ့် ပါးစပ်က ဖွင့်ပြောတာကို ကြားချင်သေးလို့ မေးတာပါ၊ ဒါဖြင့် မာရီယာ မောင်နဲ့အတူ မြန်မာပြည်ကို လိုက်ခဲ့မှာပေါ့နော်"

"မောင်ကရော ကျွန်မကို ခေါ်သွားမှာမို့လား၊ အခုတောင် ကျွန်မ ရောက်မလာရင် တစ်ယောက်တည်း ပြန်တော့မလို့ ပြင်နေတာမဟုတ်လား"

"မဟုတ်ပါဘူး မာရီယာရယ်၊ တစ်နေ့ကျရင် မာရီယာနဲ့ ပြန်တွေ့ရမှာကို စိတ်ထဲက သိနေလို့ တမင်စောင့်နေတာပါ"

မာရီယာက ချစ်စဖွယ် မျက်စောင်းလေးတစ်ချက် ထိုးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က သေရွာပြန်ချစ်သူ၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရရင် မောင်နဲ့ စတွေ့ကတည်းက ကျွန်မရင်ထဲမှာ ဖူးစာဖက်တစ်ယောက်ကို တွေ့ရသလိုလို ခံစားနေရတာ၊ ကျွန်မရဲ့ အမူအယာတွေကိုတောင် မရိပ်မိခဲ့ဘူးလားဟင်"

"ရိပ်မိသလိုတော့ ရှိပါတယ်၊ ဒါပေမယ့် အခုလို ဖွင့်ပြောလိုက်တော့မှပဲ စိတ်ထဲမှာ ပိုပြီးကြည်နူးမှု ဖြစ်သွားသလိုပါပဲ"

"မောင်ကတော့ စာတတ်တိုင်း ပိုပြန်ပြီ"

မာရီယာ အပြုံးကလေးဖြင့် ပြောရင်း ဒေါက်တာမင်းထင် ကျော်ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

ညဦးပိုင်း ကျော်လွန်ခဲ့ပြီမို့ တိတ်ဆိတ်ခြင်းနှင့်အတူ အပြင်ဘက်၌ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေပြီ။

ကံကြမ္မာအမှောင်ရိပ်များ ကင်းစင်သွားပြီး ချစ်ခြင်းမေတ္တာ၏ အလင်းရောင်များဖြင့် လှပသာယာနေပြီဖြစ်သော ချစ်သူနှစ်ဦးအတွက် ကတော့ 'အချစ်' မှလွဲ၍ အခြားအရာများမှာ သူတို့အတွက် အရေးကြီးတော့မည် မဟုတ်တော့ပေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သေရွာပြန်ချစ်သူ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

BURMESE CLASSIC

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၁၀)ခုနှစ်၊ မတ်လ(၂၇)ရက်၊စနေနေ့၊ မွန်းလွဲ(၃)နာရီအချိန်။



www.burmeseclassic.com